# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၇)၊ အမှတ် (၀၃၁)


# ပြည်တွင်းပဋိပက္ခတွေ ချုပ်ငြိမ်းရေးဟာ နိုင်ငံရေးသဘောတူညီချက်များရရှိရေးပေါ် မူတည်
# ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ပေါက်လာရေးအတွက် အနာဂတ်ကို ရှေးရှုပြီး အားလုံးပါဝင်



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၂)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၃၀**

(၁၂)ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "UPDJC အစည်းအဝေးကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်များအားလုံးကို နှုတ်ခွန်းဆက် ကြိုဆိုပါတယ်။ ကျွန်မတို့ UPDJC ဟာ မကြာခဏ တွေ့ရတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တွေ့ရတဲ့အချိန်မှာဆိုရင် ထိထိရောက်ရောက်ငြိမ်းချမ်းရေးအတွက် တိုးတက်မှုတွေရှိအောင် အားလုံးဝိုင်းပြီးလုပ်သွားဖို့ ကျွန်မတို့မျှော်လင့်ပါတယ်။ ကျွန်မတို့ တိုးတက်မှုအတွက် ဆောင်ရွက်တယ်ဆိုတဲ့အခါမှာ ကျွန်မ အရင်တုန်းကလည်း ပြောဖူးပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍


## မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ၏ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေးဆွေးနွေး


စာ-၅





## ဘူးသီးတောင် ရွှေလျားဆေးကုသရေးအဖွဲ့က အလယ်သံကျော်ကမ်းခြေရှိ အစ္စလာမ်ဘာသာဝင်များအား ဆေးကုသပေး၊ ကူးစက်ရောဂါဖြစ်ပွားမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေး


စာ-၁၀


## နှစ်နိုင်ငံတင်းမာမှုကို ဖြေလျှော့သည့်အနေဖြင့် ပါကစ္စတန်က အိန္ဒိယငါးဖမ်းသမားများကို ပြန်လွှတ်ပေး


စာ-၁၄





# ရခိုင်ပြည်နယ်အရေးနှင့် ပူးပေါင်းဆောင်ရွက်မှု

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာ၌ ထွက်ပေါ်လျက်ရှိသော သဘောထားတစ်ရပ်မှာ မြန်မာနိုင်ငံ၌ အမျိုးသားရေးစိတ်ဓာတ် အလွန်အကျွံဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်သည်ဟူသော အမြင်သဘောထားဖြစ်ပါသည်။ အလွန်အကျွံဖြစ်ပေါ်လာသော အမျိုးသားရေးစိတ်ဓာတ်ကို အကြောင်းပြု၍ လူမှုအသိုင်းအဝိုင်းတွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်လာပြီး ထိုမှတစ်ဆင့် ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုများအပေါ် အနှောင့်အယှက်အဟန့်အတားများ ဖြစ်ပေါ်မည်ကို စိုးရိမ်ကြခြင်းဖြစ်ပါသည်။

တိုင်းသူပြည်သားတို့အကြား၌ အမျိုးသားရေးစိတ်ဓာတ်တို့ နိုးကြားဖြစ်ပေါ်ခဲ့သည်မှာ အကြောင်းမဲ့မဟုတ်ပါ။ ရခိုင်ပြည်နယ်၌ အမှန်တကယ်ဖြစ်ပွားခဲ့ခြင်းမရှိသော လူမျိုးတုံးသတ်ဖြတ်မှုဟူသည့် စွပ်စွဲချက်တို့အပေါ်အခြေခံ၍ နိုင်ငံနှင့် လူမျိုး၏ဂုဏ်သိက္ခာ ထိပါးခံခဲ့ရသောကြောင့်ဖြစ်ပါသည်။ အမည်ဆန်းဖြင့် တိုင်းရင်းသားအခွင့်အရေးတောင်းခြင်းနှင့်အတူ အချုပ်အခြာအာဏာထိပါးခြိမ်းခြောက်ခံရခြင်းအပေါ် နိုင်ငံတကာက လျစ်လျူရှုထားသည်ဟူသော ခံစားချက်က တိုင်းရင်းသားပြည်သူတို့အကြား၌ နက်နက်ရှိုင်းရှိုင်းဖြစ်ပေါ်နေသောကြောင့် ဖြစ်ပါသည်။ နိုင်ငံတကာက မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားတို့အပေါ် အထင်လွဲရခြင်း၌လည်း သန်းတစ်ဝက်ဝန်းကျင်လူသားတို့ ရုတ်တရက်ထွက်ပြေးရခြင်းဟူသောအချက်က အကျိုးသင့်အကြောင်းသင့် စဉ်းစားမှုအားလုံးကို ဖုံးလွှမ်းချုပ်ကိုင်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။ **ARSA** အစွန်းရောက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လက်ရှိ ရခိုင်ပြည်နယ်အရေးကိစ္စတို့ဖြစ်ပွားရသည်ကို နိုင်ငံတကာက သတိမမူနိုင်တော့သကဲ့သို့ တပ်မတော်၏ အလွန်အကျွံဖိနှိပ်မှုဟူသော စွပ်စွဲမှုတို့၌ အထောက်အထား ကင်းမဲ့နေသည်ကိုလည်း မစဉ်းစားနိုင်ဖြစ်နေကြပါသည်။

ရခိုင်ပြည်နယ်အရေး ကိုင်တွယ်ရာ၌ ဖြစ်သင့်ဖြစ်ထိုက်သည်မှာ စိတ်ခံစားချက်တို့၏ ဖုံးလွှမ်းထိန်းချုပ်မှုကို ရှောင်ရှား၍ လက်တွေ့ဖြေရှင်းပေးနိုင်မည့် နည်းလမ်းတို့အပေါ် အာရုံစိုက် ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ နိုင်ငံတော်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးလာသည်ဆိုသော ဘင်္ဂါလီမျိုးနွယ်တို့ကို စိစစ်လက်ခံ၍ ဥပဒေနှင့်ညီညွတ်သူတို့အား နိုင်ငံသားအခွင့်အရေးပေးအပ်မည်ဟု ရှင်းလင်းစွာ ပြောကြားထားပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးကို စေတနာမှန်စွာဖြင့် ပြေလည်စေလိုသော နိုင်ငံ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တိုင်းသည် ဤလုပ်ငန်းစဉ်နှစ်ရပ်ကို ထိရောက်မြန်ဆန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် အင်ပြည့်အားပြည့် ပူးပေါင်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ လက်ရှိ ရခိုင်ပြည်နယ်အရေးကို ဖြစ်ပေါ်စေခဲ့သည့် အခြေခံအကြောင်းရင်းများအနက် အချက်တစ်ချက်အနေဖြင့် ပါဝင်လျက်ရှိသော ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးမှုအားနည်းနေခြင်းကိုလည်း ဝိုင်းဝန်းကူညီဖြေရှင်းကြရမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တစ်ရပ်လုံး၌ တည်ငြိမ်လုံခြုံမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အမှန်တကယ် မြင်တွေ့လိုပါက နိုင်ငံတကာအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းဆွေးနွေး၍ လက်တွေ့ဖြေရှင်းပေးနိုင်မည့် လုပ်ငန်းစဉ်တို့ကို ဝိုင်းဝန်းကူညီဖြေရှင်းပေးကြရမည်ဖြစ်ပါကြောင်း လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ ဘုံကထိန်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၃၀**

နေပြည်တော် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ (၅၁) ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက်က ရန်ကုန်-မန္တလေး လမ်းဘေးရှိ အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဦးတင်ထွဋ်၊ ဦးအေးမောင်စိန်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တန်ဆောင်တိုင်ဘုံကထိန်ပွဲတော်ကြီးကို တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှ လပြည့်နေ့ထိ အတီး အမှုတ် အက အခုန်များ၊ ဇာတ်ပွဲများ၊ နိုင်ငံကျော်အဆိုရှင်များပါဝင် ဖျော်ဖြေမည့် စတိတ်ရှိုးများ၊ ဈေးပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# ရန်ကုန်မြို့တွင် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း



**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြို့တွင် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံတွင် အာရှ-ပစိဖိတ်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များတက်ရောက်ပြီး ရေနှင့်သက်ဆိုင်သည့်ပြဿနာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရေညီလာခံသည် နိုင်ငံ၏ဂုဏ်သိက္ခာအတွက် အရေးကြီးသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ နိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြားသော နိုင်ငံရေးကိစ္စရပ်များကိုပါ ညီလာခံကြီးများကျင်းပပေးခြင်း အားဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းနေသည့် အခြေအနေ၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာအစည်းအဝေးကြီးများ ကျင်းပနိုင်သည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို အဆိုပါအစည်းအဝေးများတွင် အလွတ်သဘောနိုင်ငံ၏ အခြေအနေများကို တင်ပြနိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ် အာရှ- ပစိဖိတ် ရေညီလာခံကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူးက တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ကျင်းပရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် တက်ရောက်လာကြသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဆပ်ကော်မတီများမှ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရေနှင့်သက်ဆိုင်သည့် ပညာရှင်များ တက်ရောက်ကြသည်။

အာရှ-ပစိဖိတ် ရေညီလာခံကို ပထမအကြိမ် ၂၀၀၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ ဒုတိယအကြိမ် ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပြီး ယခုကျင်းပမည့် တတိယအကြိမ် ရေညီလာခံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ် (MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**



(၉၄)နှစ် မြောက် တူရကီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ **Sule Shangri-La Hotel** ၌ အောက်တိုဘာ ၃၀ ရက်က ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်ဇနီး ဒေါ်သင်းသင်းနုတို့အား မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr. Kerem Divanlioglu** က ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၀-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ | ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းမှူးများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော်  အောက်တိုဘာ ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Don Pramudwinai တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

---

❍ ***ရှေ့ဖုံးမှ***

ငြိမ်းချမ်းရေးဖြစ်စဉ် စကတည်းက ကိုယ်က ဘာပေးနိုင်မလဲ ဆိုတာကို အဓိကထားပြီးတော့မှ စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့ရဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် ကိုယ်က ဘာပေးနိုင်မလဲ၊ ဘယ်လိုကူညီနိုင်မလဲဆိုတဲ့ စိတ်ဓာတ်နဲ့ ဒီအစည်းအဝေးမှာ အားလုံးဝိုင်းဝန်းပြီးတော့ ပါဝင်စေချင်ပါတယ်။

“ကျွန်မတို့ရဲ့တာဝန်ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ရှေ့ကိုတိုးတိုးပြီးသွားအောင် လုပ်ဖို့ပါပဲ။ လူတိုင်း လူတိုင်းဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးတိုးတက်အောင် ဘယ်လိုလုပ်မလဲဆိုပြီးတော့ စဉ်းစားပြီးတော့ ပါဝင်စေချင်ပါတယ်။ ကျွန်မတို့ အခုလုပ်ရမယ့် လုပ်ငန်းတွေကို ပြောရမယ်ဆိုရင်တော့ ဒီနေ့ကနေ အခုကနေစပြီးတော့ လာမယ့် ၂၀၁၈ ခုနှစ်အထိ အချိန်ကာလအတွင်းမှာ အချိန်လုံလောက်မှု၊ အကျေအလည် ဆွေးနွေးနိုင်မှု၊ ပါဝင်သူအားလုံးအပြန်အလှန်ယုံကြည်မှုတို့ အရေးကြီးသလို အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ်ထားရှိတဲ့ စိတ်ရင်းစေတနာတွေကလည်း အရေးကြီးလှပါတယ်။ ပြန်လည်သုံးသပ်တဲ့လုပ်ငန်းတွေမှာ ရှေ့ဆက်မယ့် နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် ပိုမိုကောင်းမွန်တဲ့ အတွေးအမြင်သစ်တွေ ယူဆောင်လာကြမယ်လို့လည်း ယုံကြည်ပါတယ်။ ဘက်စုံပြည့်စုံကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာရေးကိုအားလုံးက အတူတကွပူးပေါင်းဆောင်ရွက်သွားကြဖို့လည်း ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်” ဟုပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က UPDJC နှင့်ရုံးအဖွဲ့များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ “အခုအစည်းအဝေးမှာဆိုရင် UPDJC အနေနဲ့ မျဉ်းပြိုင်



**EAO- UPDJC အဖွဲ့ခေါင်းဆောင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**



**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ**

ဖက်ဒရယ်ဆိုင်ရာအခြေခံမူတွေကို အခြေခံအုတ်မြစ်အနေနဲ့ ချမှတ်နိုင်ဖို့ ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားဖို့ လိုပါတယ်”ဟု ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဘက်စုံပြည့်စုံကောင်းမွန်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာရေးကို အားလုံးက အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မှုနှင့်စပ်လျဉ်း၍ “ဒီရည်မှန်းချက် ပြည့်ဝအောင်မြင်မှသာ မြန်မာနိုင်ငံရဲ့နောက်မျိုးဆက်သစ်တွေရဲ့အနာဂတ်ကို ကောင်းမွန်စေမှာဖြစ်ပါတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းရေးဟာ နိုင်ငံရေးသဘောတူညီချက်များရရှိရေးပေါ် မူတည်နေတာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်မှ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေချမှတ်နိုင်မှာ ဖြစ်ပြီးတော့ UPDJC က ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အရေးကြီးလာတဲ့ အခန်းကဏ္ဍမှာ အခုရှိနေတယ်ဆိုတာတော့ အားလုံးသဘောပေါက်မယ်လို့ မျှော်လင့်ပါတယ်။ အခုဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် အနာဂတ်ကို ရှေးရှုပြီး အားလုံးပါဝင်ဖို့ ထပ်မံပြီးဆော်သြချင်ပါတယ်။ ပြီးခဲ့တဲ့ ညီလာခံအတွင်းမှာ ကြုံတွေ့ရတဲ့အခြေအနေတွေအပေါ်မှာ အစုအဖွဲ့အသီးသီးက ပြန်လည်သုံးသပ်မှုတွေ ပြုလုပ်ခဲ့ကြတာကိုလည်း ကြားသိရပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်ဖို့အတွက် လုပ်ဆောင်သွားရမယ့် လုပ်ငန်းစဉ်တွေကို အဆုံးအဖြတ်ပေးဖို့ လိုအပ်နေပါတယ်။ ပထမဆုံးအနေနဲ့ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှာ ဘယ်လို အခြေခံမူဆိုင်ရာခေါင်းစဉ်တွေ ဆွေးနွေးကြမလဲဆိုတာကို သတ်မှတ်ပေးဖို့ဆိုတာလည်း ရှိပါတယ်။ ဒီလိုညီလာခံမှာ ဆွေးနွေးမယ့် ခေါင်းစဉ်တွေ အတည်ပြုသတ်မှတ်ပေးပြီးတဲ့နောက်မှာ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ဆက်လက်လုပ်ဆောင်ကြဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း အချိန်လုံလုံလောက်လောက်ရရှိပြီး အကျေအလည်ညှိနှိုင်းနိုင်မယ့် အခြေအနေမျိုး ဖန်တီးပေးဖို့ UPDJC က စဉ်းစားပြီးတော့ ဆောင်ရွက်ပေးစေချင်ပါတယ်။

“ဒုတိယအနေနဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်းနဲ့ ပြင်ဆင်ခြင်းကို ပြီးစီးအောင်ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ UPDJC အနေနဲ့ အတည်ပြုပေးခဲ့တဲ့ မူဘောင်၊ လုပ်ငန်း၊ လမ်းညွှန် (ToR)တွေကို ပြန်ကြည့်ရင် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပမယ့်အနေအထားကို မျှော်မှန်းပြီး အကောင်းဆုံးဖြစ်အောင် ရေးဆွဲခဲ့ကြခြင်းဖြစ်ပါတယ်။ လက်တွေ့လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ စိတ်ကူးထားတဲ့အတိုင်းမဟုတ်ဘဲ ပြောင်းလွယ်၊ ပြင်လွယ် ဆောင်ရွက်ခဲ့ကြတာလည်း ရှိနေပါတယ်။ အခုအခါမှာ နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့လက်တွေ့အတွေ့အကြုံများရရှိခဲ့ပြီးဖြစ်တဲ့အတွက် နောက်တစ်ခါ ပိုမိုကောင်းမွန်ရေးအတွက် ပြောင်းလဲပြင်ဆင်ရမယ့် အစိတ်အပိုင်းတွေကိုလည်း ပြောင်းလဲပြင်ဆင်ဖို့ဖြစ်ပါတယ်။

“တတိယအနေနဲ့ကတော့ သဘောတူညီချက်တွေကို လက်တွေ့လုပ်ဆောင်ကြရာမှာ စနစ်တကျနဲ့ ထိထိရောက်ရောက်ဖြစ်စေရေးအတွက် လိုအပ်တဲ့ Standard Operating Procedure (SOP)တွေကို ရေးဆွဲကြဖို့နဲ့ UPDJC ရဲ့ လုပ်ငန်းတာဝန်တွေကို ထိရောက်အောင်မြင်စေဖို့အတွက် ရုံးအဖွဲ့စနစ်တကျဖွဲ့စည်းဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

“ကျွန်မ SOP ရဲ့အရေးကြီးပုံတွေလည်း ပြောပါရစေ။ တချို့ကတော့ စည်းမျဉ်းစည်းကမ်းတွေရှိရင် SOP ဆိုတာ မလိုအပ်ဘူးလို့ ထင်ပါတယ်။ တကယ်တော့ စည်းမျဉ်းစည်းကမ်းတွေ ဘယ်လိုပဲရှိရှိ Standard Operating Procedure မရှိရင် ဒီစည်းမျဉ်းစည်းကမ်းတွေအရ အလုပ်ကို ထိထိရောက်ရောက် လုပ်လို့မရပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ဟာ Standard Operating Procedure သတ်မှတ်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ Standard Operation Procedure ဆိုတာ လက်တွေ့လည်းကျရပါလိမ့်မယ်။ လက်တွေ့မကျတဲ့ Procedure တွေကို သတ်မှတ်လိုက်ရင် စက္ကူပေါ်မှာပဲရှိပြီးတော့ ကျွန်မတို့အလုပ်ဖြစ်မှာ မဟုတ်ပါဘူး။

“နိုင်ငံရေးဆွေးနွေးပွဲအောင်မြင်ရေးအတွက် UPDJC ရဲ့ ဦးဆောင်မှုအရေးကြီးသလို UPDJC လုပ်ငန်းများ စနစ်တကျနဲ့ ထိရောက်အောင်မြင်စေရေးအတွက် UPDJC ရုံးအဖွဲ့တွေလည်း အရေးကြီးပါတယ်။ ရုံးအဖွဲ့ဆိုရာမှာ ကျွန်မတို့ရုံးအဖွဲ့တွေက လုပ်ထုံးလုပ်နည်းတွေလည်း နားလည်ရမယ်၊ လုပ်ပုံကိုင်ပုံကလည်း မှန်ကန်ရမယ်၊ နောက်ပြီးတော့လည်း ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့သမိုင်းကြောင်းတွေတင် မကဘူး၊ ကျွန်မတို့ ရည်ရွယ်နေတဲ့ ပန်းတိုင်ဟာ ဘာလဲဆိုတာကိုလဲ ကျွန်မတို့ ရုံးအဖွဲ့တွေက နားလည်ဖို့လိုပါတယ်။ ရုံးအဖွဲ့ဆိုတာ သက်သက်စာရွက်တွေဝေဖို့၊ လက်မှတ်ထိုးဖို့နဲ့ စာရွက်တွေနှိပ်ထုတ်ဖို့ ဒါမျိုးမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးစိတ်ဓာတ်အပြည့်အဝနဲ့ နားလည်မှု အုပ်ချုပ်ရေးဆိုင်ရာ ကျွမ်းကျင်တဲ့ရုံးအဖွဲ့တွေလိုပါတယ်”ဟု ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က NCA လက်မှတ်မထိုးရသေးဘဲ ကျန်ရှိနေသည့် တိုင်းရင်းသားနက်လက်ကိုင် အဖွဲ့အစည်းများ ပါဝင်လာရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို လက်ဆင့်ကမ်းပေးကြရန်တို့နှင့်စပ်လျဉ်း၍ “ဒီလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ မျဉ်းပြိုင်လုပ်ကိုင်သွားကြဖို့ လိုအပ်ပါတယ်။ ဒီလိုမျဉ်းပြိုင်လုပ်ကိုင်သွားရမယ်၊ ဒါကြောင့်မို့ UPDJC အဖွဲ့ဝင်တွေ အထူးသဖြင့် UPDJC အတွင်းရေးမှူးများအနေနဲ့ လုပ်ငန်းတာဝန်တွေကို ဖြန့်ခွဲဆောင်ရွက်ကြရမှာဖြစ်ပြီးတော့ အလုပ်ကတော့များမယ်၊ ပင်ပန်းမယ်။ ဒါပေမယ့် ဒီလိုပင်ပန်းရကျိုး၊ လုပ်ရကျိုးနပ်အောင်လို့ အားလုံးကြိုးစားသွားဖို့လိုပါတယ်။ ဒါကြောင့်မို့ အခုကတည်းက ပင်ပန်းမယ်ဆိုတာလည်း ပြောကြားရင်းနဲ့ အလုပ်တွေပြီးတဲ့အခါကျရင် ကျေးဇူးတင်တယ်လို့ ပြောနိုင်ပါစေလို့ မျှော်လင့်ပါတယ်။

“ဒုတိယအစည်းအဝေးမှာ နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့နည်းတူ ဆက်လက်ပြီးတော့ ဒီလိုပဲဆောင်ရွက်သွားကြမယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။ တစ်ဆက်တည်းမှာလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ကျန်နေသေးတယ်ဆိုတာလည်း အားလုံးသိပြီးသားဖြစ်ပါတယ်။ (၂၁)ရာစု ပင်လုံညီလာခံရဲ့ နိုင်ငံရေးဆွေးနွေးပွဲတံခါးကို အစဉ်အမြဲဖွင့်ထားပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့ မူပါပဲ။ ဘယ်တော့မဆို ငြိမ်းချမ်းရေးနယ်ထဲမှာ ပါဝင်လာချင်တဲ့ အစုအဖွဲ့တွေကို ကြိုဆိုပါတယ်။

“ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ ကျန်နေသေးတဲ့အဖွဲ့တွေ ပါဝင်လာဖို့ကို နိုင်ငံတော်အစိုးရအနေနဲ့လည်း အထူးတလည် အလေးအနက်ထားပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ ပြောင်းလဲနေတဲ့ အင်အားချိန်ခွင်လျှာအရ နိုင်ငံတကာအခြေအနေတွေလည်း အချိန်နဲ့အမျှ ပြောင်းလဲလျက်ရှိပါတယ်။ မည်သို့ပင်ပြောင်းလဲစေကာမူ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာမြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် အစဉ်အမြဲ ရပ်တည်ရှင်သန်နိုင်ရေးအတွက် အရေးကြီးဆုံးဟာ အမျိုးသားညီညွတ်ရေးပဲဖြစ်ပါတယ်။

“အမျိုးသားညီညွတ်ရေးဆိုတာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးရရှိမှသာ ခိုင်မာမှာဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အမျိုးသားညီညွတ်ရေးနဲ့ လျှောက်လှမ်းကြရမှာဖြစ်ပါတယ်။ NCA လက်မှတ်မထိုးရသေးဘဲ ကျန်နေတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပါဝင်လာရေးအတွက် UPDJC အဖွဲ့ဝင်တွေက တစ်ဖက်တစ်လမ်းကနေပြီးတော့ အတတ်နိုင်ဆုံး ကူညီပံ့ပိုးဆောင်ရွက်သွားကြဖို့လည်း ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်။

“နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ပင်လုံအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အုတ်မြစ်ဖြစ်တဲ့ အခြေခံမူများချမှတ်ခြင်းကို ၂၀၁၈ ခုနှစ်အတွင်း ပြီးပြတ်အောင် ရည်မှန်းချက်ထားပြီး ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ ဒီနေ့ ကလေးသူငယ်တွေ ကြီးပြင်းလာတဲ့အချိန် နောင်လာမယ့်ကာလမှာ မြန်မာနိုင်ငံကို နိုင်ငံတကာအလယ်မှာ မြင့်မြင့်မားမား ရပ်တည်နိုင်ပြီး ဘယ်သူကမှ မထိပါးမစော်ကားရဲတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာစေဖို့ ဒီကနေ့ခေါင်းဆောင်တွေက အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို လက်ဆင့်ကမ်းပေးကြပါလို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌကိုယ်စား EAO- UPDJC အဖွဲ့ခေါင်းဆောင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းဖွင့်ထားသကဲ့သို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ မကျင်းပနိုင်သေးသည့် အထူးသဖြင့် RCSS နှင့် ALP နေရာ တို့တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပပေးနိုင်ရန် ယနေ့အစည်းအဝေးက ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြပြီးဖြစ်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် တစ်ဆင့်နှင့်တစ်ဆင့်အကြား၊ အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား လုံလောက်သောအချိန်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ အထူးသဖြင့် မိမိတို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တစ်ကွဲတစ်ပြားစီနေကြပါကြောင်း၊ လူမျိုးချင်းမတူသကဲ့သို့ အဖွဲ့အစည်းချင်းလည်း မတူပါကြောင်း၊ သို့ဖြစ်၍ တိုင်ပင်ရန် လုံလောက်သော အချိန်လိုပါကြောင်း။

**စာမျက်နှာ ၄ သို့**

# အာဆီယံတရားသူကြီးချုပ်များကောင်စီ အထူးအစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ခဲ့

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဖိလစ်ပိုင်နိုင်ငံ မာကာတီမြို့တွင် အောက်တိုဘာ ၂၇ ရက်က ကျင်းပသည့် အာဆီယံတရားသူကြီးချုပ်များကောင်စီအထူးအစည်းအဝေး (Special Meeting of the ASEAN Chief Justices Council- CACJ) သို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ အာဆီယံတရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ပြီး အာဆီယံတရားစီရင်ရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ Internet Portal အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် လေ့ကျင့်သင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေး၊ တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှုနှင့် မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများ လေ့လာသုံးသပ်ရေး၊ မိသားစုမှုခင်းဆိုင်ရာ နယ်စပ်ဖြတ်ကျော် ကလေးအငြင်းပွားမှုများ ဖြေရှင်းရေး၊ အာဆီယံဒေသတွင်း တရားမမှုခင်းများတွင် ဆင့်စာဆင့်ဆိုမှုများလွယ်ကူစေရန်အတွက် နည်းလမ်းတစ်ရပ်ရေးဆွဲရေး စသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

အာဆီယံတရားသူကြီးချုပ်များကောင်စီသည် အာဆီယံ၏အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်နှင့်အညီ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး (Standing CACJ Secretariat) ဖွင့်လှစ်ရန်နှင့် အာဆီယံ တရားသူကြီးချုပ်များကောင်စီ၏ ဖွဲ့စည်းပုံစည်းမျဉ်း (Charter of ASEAN Chief Justices Council) အပြီးသတ်ရေးဆွဲရေးအပါအဝင် လတ်တလောဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ အစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံတရားသူကြီးချုပ်များက အဆိုပါဆွေးနွေးဆုံးဖြတ်ချက်များကို မနီလာသဘောတူညီချက် (Manila Declaration) တွင်လည်းကောင်း၊ အာဆီယံတရားစီရင်ရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက်ဆိုင်ရာ Internet Portal အကောင်အထည်ဖော်ရေးအတွက် နားလည်မှုသဘောတူစာချွန်လွှာ (Memorandum of Understanding in relation to the ASEAN Judicial Portal) ကို လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် အာဆီယံတရားသူကြီးချုပ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

အထူးအစည်းအဝေးနှင့်အတူ ပူးတွဲကျင်းပသည့် အာဆီယံ တရားသူကြီးချုပ်များကောင်စီ၏ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ လုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲတက်ရောက်ရန် ကိုရီးယားသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၃၀**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ AACC အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးက ကျင်းပသည့် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ယမန်နေ့ ည ၁၁နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်ကြသည်။ **(ဓာတ်ပုံ)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းလည်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၃ မှ**

အမှန်စင်စစ် NCA စာချုပ်ကိုကြည့်မည်ဆိုလျှင် နိုင်ငံရေးလမ်းပြမြေပုံ နံပါတ်(၁)တွင် NCA စာချုပ်ချုပ်ဆိုရမည်ဟု ပါရှိပါကြောင်း၊ ပြီးမှသာ မူဘောင်ရေးဆွဲခြင်း၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပခြင်းဆိုသည့်အဆင့် များလာမည်ဖြစ်ပါကြောင်း၊ UPDJC အဖွဲ့အားလုံးက NCA စာချုပ်၊ NCA မှာပါသည့် လမ်းပြမြေပုံအတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပါက မိမိတို့အတွက် စုစည်းမှုလည်း ပိုအားကောင်းမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ -UPDJC ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက မိမိတို့ရည်မှန်းထားသည့် ငြိမ်းချမ်းရေးသည် အင်မတန်အရေးကြီးပြီး ခက်ခဲသည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ ကြန့်ကြာနေရသည် ဆိုသည်မှာလည်း မိမိတို့နားလည်၍ ရပါကြောင်း၊ ငြိမ်းချမ်းရေးညီလာခံကြီးဖြစ်မြောက်ရန် အခက်အခဲများတွေ့ရလေလေ အရည်အချင်း တိုးတက်လေဖြစ်သည်ဟု နားလည်ထားပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းမှုကို နှစ်ဆတိုးပြီး ကြိုးပမ်းလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ပါက ပန်းတိုင်ကို အများကြီးနီးကပ်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြီးခဲ့သည့် ညီလာခံကြီးက အခြေအနေအရပ်ရပ်ကို လေ့လာနိုင်အောင်၊ သုံးသပ်နိုင်အောင် စုစည်းပြီး ဆွေးနွေးကြပါကြောင်း၊ ရည်ရွယ်ချက်မှာ နိုင်ငံရေးပါတီများအနေဖြင့် UPDJC အဖွဲ့နှင့် ပူးပေါင်းကာ တိုင်းပြည်အတွက် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်ရန် ဆွေးနွေးကြခြင်း ဖြစ်ပါကြောင်း၊

မိမိတို့ ယခုဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးမှာ ငြိမ်းချမ်းရေးရသွားသည့်တိုင် ပြီးပြတ်သွားမည် မဟုတ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ကြီး တည်ဆောက်ရန်အတွက် ဆက်လက်ပြီး ကြိုးစားဆောင်ရွက်ကြရဦးမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးဆွေးနွေးမှုများဖြစ်အောင် ဆောင်ရွက်မည်ဆိုပါက NCA ကို လက်မှတ်ထိုးရမည်ဖြစ်ပါကြောင်း၊ NCA လက်မှတ်ထိုးခြင်းသည် အခြေခံအကျဆုံး ဖြစ်ပါကြောင်း၊ UPDJC အဖွဲ့နှင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များချမှတ်ရာတွင် မျက်စိတစ်ဆုံးမကြည့်ဘဲနှင့် အနာဂတ်တိုင်းပြည်ကြီးမှာ သားစဉ်မြေဆက်တို့ကို အမွေကောင်းများပေးနိုင်အောင် အမြော်အမြင်ကြီးကြီး အဆုံးအဖြတ်ပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးတွင် ဆွေးနွေးမည့်ခေါင်းစဉ်များ သတ်မှတ်ခြင်းကိစ္စ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးနှင့် ကျင်းပမည့်နေရာ၊ ကျင်းပမည့်ပုံစံ သတ်မှတ်ရေးကိစ္စနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC ၏ လုပ်ငန်းကော်မတီများတွင် ဆွေးနွေးမည့် စာတမ်းများကိစ္စတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ-UPDJC အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့မှကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်အလုပ်ရုံ ဆွေးနွေးပွဲဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ၍ ထိရောက်သည့် ပတ်ဝန်းကျင်သက်ရောက်မှု အကဲဖြတ်ခြင်းအတွက် ဒေသတွင်း စီမံခန့်ခွဲမှုနည်းဗျူဟာများထံသို့ အခွင့်အရေးကို အခြေခံ၍ ချဉ်းကပ်ဆောင်ရွက်မည့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်အလုပ်ရုံ ဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ ကျင်းပသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ AICHR ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လက်ရှိကျင့်သုံးလျက်ရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများနှင့် အလေ့အထများကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် အခွင့်အရေးများအပေါ် အခြေခံသည့် ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုအား ကျင့်သုံး၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ အလေ့အထများကို မည်ကဲ့သို့ ပိုမိုခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်သွားနိုင်ရေးနှင့် ပတ်သက်၍လည်း ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှု လုပ်ငန်းစဉ်များ၏ ဘုံသွင်ပြင်လက္ခဏာများ ရှာဖွေနိုင်မှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ယင်းလုပ်ငန်းစဉ်များအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်ကဲ့သို့ အထောက်အကူပြုမည်ကို ဒေသတွင်း ရှုထောင့်မှလည်းကောင်း၊ ပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဖြေရှင်းနိုင်သည့်ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုနှင့် ပတ်သက်၍ ဒေသတွင်း စည်းမျဉ်းစည်းကမ်းများချမှတ်ရာတွင် အထောက်အကူဖြစ်စေသည့် အမြင်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ၏ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Truong Minh Tuan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ၏ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေး၊ သတင်းဖလှယ်ရေးနှင့် သတင်းအမှန်ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Truong Minh Tuan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယရေတပ်မှ Vice Admiral Bimal K Verma, AVSM, Commander in Chief of Andaman and Nicobar Command နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်

# တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Don Pramudwinai အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဗေဒါယာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတကာမီဒီယာမျက်နှာစာတွင် အင်အားအချိုးမညီစွာ ဖော်ပြနေမှုများကြောင့် ဖြစ်စဉ်အမှန်များကို နိုင်ငံတကာကသိရှိရန် လိုအပ်မှုအခြေအနေ၊ နှစ်နိုင်ငံအတွေ့အကြုံများအပေါ်အခြေခံပြီး ဆွေးနွေးညှိနှိုင်းလုပ်ဆောင်ခြင်းဖြင့် ပြဿနာများဖြေရှင်းရာတွင် အထောက်အကူပြုနိုင်မည့် အခြေအနေ၊ မိတ်ဆွေကောင်းပီသမှု၊ ညီအစ်ကိုစိတ်ဖြင့် အပြန်အလှန်ယုံကြည်မှုတို့ဖြင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းဖြင့် ထာဝရတည်ငြိမ်အေးချမ်းသော နယ်စပ်ဒေသဖြစ်ရေးတို့အပေါ် အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယရေတပ်မှ Vice Admiral Bimal K Verma,AVSM, Commander in Chief of Andaman and Nicobar Command နှင့် အဖွဲ့အား အဆိုပါခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား တပ်မတော် (ကြည်း၊ရေ၊လေ) ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များစွာရှိနေသည့် အခြေအနေ၊ ရေတပ်ဆိုင်ရာ လေ့ကျင့်ခန်းများတွင် မြန်မာ့တပ်မတော်(ရေ)နှင့် အိန္ဒိယရေတပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ စစ်ရေယာဉ်များ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များ လာရောက်ရေးကိစ္စရပ်များ၊ အခြားနယ်ပယ်များတွင်ပါ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၃၀**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီကေတုမတီခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး အဖွဲ့ဝင်ဒေါ်လှမျိုးနွယ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းမော်၊ ဒေါက်တာဦးပွား၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ် ဦးအောင်တင်စိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တက္ကသိုလ်မှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်နိုင်ခဲ့ပြီး စီမံချက်တွင်ပါဝင်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်စနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးများကို အကောင်အထည်ဖော်ရာတွင် ပြည်သူများကို အနီးကပ်ဝန်ဆောင်မှုပေးရသည့် နိုင်ငံ့ဝန်ထမ်း၏ စွမ်းအား (Ability)နှင့် စွမ်းဆောင်ရည် (Capability)များသည် အလွန်အရေးကြီးသည့်အတွက် စွမ်းအားနှင့် စွမ်းဆောင်ရည်များ အစဉ်တိုးတက်နေစေရန် ပညာသစ်၊ အတွေ့အကြုံသစ်များကို ဆက်လက် ရှာဖွေ စုဆောင်းသွားရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ပေးနေသည့် အင်အားစုများဖြစ်ပြီး ပြည်သူလူထုအတွက် အခြေခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများလည်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအများစုသည် အစိုးရကိုကိုယ်စားပြုသည့်သူများဖြစ်သောကြောင့် အစိုးရနှင့်ပြည်သူကြား ယုံကြည်မှုတည်ဆောက်ရေးတွင် ယခု သင်တန်းတက်ရောက်နေသည့် ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူးများသည် အခရာကျသူများဖြစ်ပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ပေါ်ထွန်းလာစေရန် စွမ်းဆောင်ပေးနိုင်သည့် သူများဖြစ်ကြောင်း ပြောကြားသည်။





အဆိုပါသင်တန်းကို သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘားအံ၌ ဒုတိယအကြိမ် ဒေသတွင်းမုတ်သုံဖိုရမ် ကျင်းပ

**ဘားအံ အောက်တိုဘာ ၃၀**

စီးပွားရေးကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍများတွင် လက်ရှိအရင်းအမြစ်များနှင့် သဘာဝဘေးဆိုင်ရာများအား ပိုမိုစီမံခန့်ခွဲလာနိုင်စေရန်အတွက် ရာသီဥတုဆိုင်ရာ အချက်အလက်များနှင့် အသုံးချမှုများအကြား ကွာဟချက်များအားပေါင်းကူးပေးမည့် ဒုတိယအကြိမ်ဒေသတွင်း မုတ်သုံဖိုရမ်(ကရင်ပြည်နယ်)ကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက ဘားအံမြို့ သီရိဘားအံဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် ဒေသတွင်းမုတ်သုံဖိုရမ်ကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် နည်းပညာရပ်ပိုင်းဆိုင်ရာ ထိုင်းနိုင်ငံအခြေစိုက်ဒေသတွင်း ဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာန (RIMES) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဖိုရမ်ကို မုတ်သုံရာသီမတိုင်မီတွင် တစ်ကြိမ်၊ မုတ်သုံရာသီအပြီးတွင် တစ်ကြိမ်၊ နှစ်ကြိမ် ကျင်းပလေ့ရှိကြောင်း၊ ယခင်က နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့်တွင်သာကျင်းပလေ့ရှိပြီး ၂၀၁၄ ခုနှစ်မှစ၍ သဘာဝဘေးအန္တရာယ်များဖြစ်ပွားရာ ဒေသများဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကျင်းပခြင်းဖြစ်ကြောင်း၊ ယနေ့တွင် ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တစ်ပြိုင်နက် မုတ်သုံဖိုရမ်ကို ကျင်းပနေသည့်အပြင် ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း အသီးသီးဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုရမ်ဖွင့်ပွဲတွင် ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အောက်မြန်မာပြည်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုချိုရှိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ RIMES မှ Program Officer ဒေါ်ပုန်းညှက်ခိုင်က ဒေသတွင်းမုတ်သုံဖိုရမ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါဖိုရမ်သို့ ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် RIMES မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖားပုံ၊ ကော့မုသီး၊ ရေပေါ်သောင် ကျေးရွာများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြကာ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ထုတ်ပြန်သည့်သတင်းကြေညာချက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး ရပ်ရွာ၊ မြို့နယ်နှင့် ဌာနအသီးသီးမှ စီမံကိန်းလုပ်ငန်းရပ်များတွင် ပြန်လည်အသုံးချနိုင်ရန် တင်ပြဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ ရာသီဥတုဖြစ်စဉ်များနှင့်ပတ်သက်သည့် သတင်းအချက် အလက်များကို စီမံကိန်းလုပ်ငန်းရပ်များ၌ ထည့်သွင်းသုံးသပ်ရာတွင် လိုအပ်ချက်များကို ဖြည့်စွက်တင်ပြခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၅)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၄ / ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်**
**(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသောတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၅)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် (၁/ ၂၀၁၆)နှင့် ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် (၂၆/ ၂၀၁၆) တို့တွင် ဖော်ပြထားသည့်အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁) ကြည်း ၂၉၅၃၀ ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်အောင် အစား ကြည်း ၃၂၃၄၃ ဒုတိယဗိုလ်မှူးကြီး ရဲမင်းဦး
(၂) ကြည်း ၃၀၄၈၉ ဗိုလ်မှူး ကျော်ဇင်မိုး အစား ကြည်း ၃၇၀၇၇ ဗိုလ်မှူး ဇွဲနေဇော်
(၃) ကြည်း ၃၂၃၉၄ ဗိုလ်မှူး လှညီညီ အစား ကြည်း ၃၃၅၀၀ ဗိုလ်မှူး ဇေဖြိုး
(၄) ကြည်း ၃၂၄၁၃ ဗိုလ်မှူး ကျော်ကျော်ထက် အစား ကြည်း ၃၆၄၂၃ ဗိုလ်မှူး နိုင်လင်းအောင်
(၅) လေ ၂၇၃၇ ဗိုလ်မှူး ဟိန်းမင်းထက် အစား လေ ၃၀၈၂ ဗိုလ်မှူး ဆွေမြင့်ဦး

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၆)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၂၅ / ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်**
**( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် )**

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၆)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၆)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂/ ၂၀၁၆)၊ ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/ ၂၀၁၆)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၆)ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁) ကြည်း ၁၀၀၂၀ ဗိုလ်မှူးချုပ် အောင်ခင်ဇော် အစား ကြည်း ၂၉၄၈၆ ဒုတိယဗိုလ်မှူးကြီး ဇာနည်အောင်
(၂) ကြည်း ၂၀၅၈၆ ဗိုလ်မှူးကြီး မြင့်ဆွေ အစား ကြည်း ၁၈၉၃၇ ဗိုလ်မှူးကြီး ဇော်လွင်
(၃) ကြည်း ၂၂၇၈၄ ဒုတိယဗိုလ်မှူးကြီး ထွန်းမြင့် အစား ကြည်း ၃၁၇၇၄ ဒုတိယဗိုလ်မှူးကြီး တင်ထွန်းအောင်
(၄) ကြည်း ၃၅၄၅၃ ဗိုလ်မှူး ကိုကိုနိုင် အစား ကြည်း ၃၈၃၄၀ ဗိုလ်မှူး ပြည့်ဖြိုးဟန်
(၅) ကြည်း ၃၇၂၃၂ ဗိုလ်မှူး မင်းအောင်ဖြိုး အစား ကြည်း ၄၀၆၅၃ ဗိုလ်မှူး ကျော်မင်းထွန်း
(၆) ကြည်း ၃၇၆၃၄ ဗိုလ်မှူး နိုင်သူ အစား ကြည်း ၄၁၀၉၇ ဗိုလ်မှူး မင်းရဲထွန်း

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*ကျောဖုံးမှ*

ယခုအခါ ခရီးသွားရာသီရောက်ရှိလာပြီဖြစ်၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်၊ ထွက်သွားလာမှုမှာလည်း တဖြည်းဖြည်းတိုးလာလျက်ရှိသည်ဟု သိရသည်။

ပြည်တွင်းလေကြောင်းလိုင်းများအနက် မြန်မာအမျိုးသား လေကြောင်းလိုင်းမှာ နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သည်။ ယင်းလေကြောင်းလိုင်းမှာ ခရီးသွားအများဆုံး သယ်ဆောင်ပေးလျက်ရှိသော လေကြောင်းလိုင်းလည်းဖြစ်သည်။ ယင်းလေကြောင်းလိုင်းမှ မကြာသေးသည့်နှစ်များအတွင်း နှစ်စဉ် ခရီးသွားတစ်သန်းခန့် သယ်ဆောင်ပေးနေရာမှ ယခုနှစ်အတွင်း ခရီးသွားဧည့်သည် တစ်သန်းခွဲအထိ သယ်ဆောင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက ပြောသည်။

မြန်မာနိုင်ငံတစ်ဝန်း လေဆိပ်ပေါင်း ၃၀ အထိရှိရာ အပြည်ပြည်ဆိုင်ရာ လေဆိပ်မဟုတ်သော ပြည်တွင်းလေဆိပ်များသို့ ပြည်တွင်းလေကြောင်းလိုင်း ၁၁ ခုကသာ ခရီးသွားများအား သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

*ကျောဖုံးမှ*

ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ ခွဲတမ်းအရ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲတွင် တစ်သင်း၊ AFC Cup ပြိုင်ပွဲတွင် အုပ်စုအဆင့်တွင် နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ မြန်မာကလပ်အသင်းများသည် ၂၀၁၂ ရာသီတွင် စတင်ယှဉ်ပြိုင်ခွင့်ရသည့် AFC Cup ပြိုင်ပွဲတွင် အမြင့်ဆုံးအောင်မြင်မှုအဖြစ် ရှုံး/ထွက်အဆင့်သာ တက်ရောက်နိုင်ခဲ့ပြီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင်မူ ခြေစစ်ပွဲအောင်မြင်ခြင်းမရှိသေးပေ။ မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ်စနစ် ကူးပြောင်းပြီးနောက်ပိုင်းတွင် မြန်မာကလပ်အသင်းများအနက် ရတနာပုံတစ်သင်းတည်းသာ အာရှအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိဖူးပြီး 2010 AFC President's Cup ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ဖူးကြောင်း သိရသည်။

အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ရမည့် ရှမ်းယူနိုက်တက်အသင်းသည် ခြေရည်တူယှဉ်ပြိုင်နိုင်ရန်နှင့် ရလဒ်ကောင်းများရရှိရန် အသင်းအား ယခုထက်ပိုကောင်းရန် ပြင်ဆင်ရမည်ဖြစ်ပြီး ရန်ကုန်အသင်းမှာလည်း AFC Cup ပြိုင်ပွဲတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရထား သောကြောင့် နိုင်ငံခြားသားကစားသမားများအပါအဝင် အသင်းအား ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရမည်ဖြစ်သည်။

၂၀၁၇ ရာသီအပြီးတွင် ဖလားနှစ်လုံးရခဲ့သည့် ရှမ်းယူနိုက်တက်အသင်း၊ ပြိုင်ပွဲနှစ်ခုစလုံးတွင် ဒုတိယရခဲ့သည့် ရန်ကုန်အသင်းတို့မှာ လာမည့်ရာသီတွင် အာရှအဆင့်၌ အောင်မြင်မှုများရယူနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

## တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၆ / ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၁၁ ရက်**
**( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)**

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၃၀)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်းတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/ ၂၀၁၆)၊ ၁၇-၅-၂၀၁၆ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၀/ ၂၀၁၆)၊ ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၂၈/ ၂၀၁၆) နှင့် ၂-၂-၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄ / ၂၀၁၇ )တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(က) **ကချင်ပြည်နယ်လွှတ်တော်**
ကြည်း ၄၇၇၄၂ ဗိုလ်ကြီး ကောင်းမြတ်သူ အစား ကြည်း ၅၂၄၇၂ ဗိုလ်ကြီး ရန်အောင်ထိုက်

(ခ) **ချင်းပြည်နယ်လွှတ်တော်**
ကြည်း ၃၄၇၂၄ ဗိုလ်မှူး တင်အောင်မိုး အစား ကြည်း ၆၆၅၉၀ ဗိုလ်ကြီး အောင်ကျော်သက်

(ဂ) **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**
(၁) ကြည်း ၃၄၇၆၅ ဗိုလ်မှူး သက်စိုးအောင် အစား ကြည်း ၄၈၀၉၅ ဗိုလ်ကြီးရဲမွန်ကျော်
(၂) ကြည်း ၂၈၅၆၆ ဗိုလ်ကြီး ကျော်မင်း အစား ကြည်း ၄၅၉၅၈ ဗိုလ်ကြီးအောင်ကိုထွေး

(ဃ) **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**
(၁) ကြည်း ၁၈၉၃၇ ဗိုလ်မှူးကြီး ဇော်လွင် အစား ကြည်း ၂၀၅၈၆ ဗိုလ်မှူးကြီးမြင့်ဆွေ
(၂) ကြည်း ၂၆၁၁၃ ဗိုလ်မှူးထွန်းထွန်းဦး အစား ကြည်း ၆၆၁၈၃ ဗိုလ်ကြီးဝေမိုးနောင်
(၃) ကြည်း ၃၆၂၄၁ ဗိုလ်မှူး ကျော်ရဲမြင့် အစား ကြည်း ၄၀၄၇၄ ဗိုလ်မှူး ဝင်းအောင်သန်း

(င) **ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
(၁) ကြည်း ၂၃၉၇၄ ဗိုလ်မှူး သိန်းလွင်ဦး အစား ကြည်း ၃၆၃၈၇ ဗိုလ်မှူးအောင်မိုးလွင်
(၂) ကြည်း ၂၆၁၆၆ ဗိုလ်မှူး ဇော်လွင် အစား ကြည်း ၂၅၂၀၄ ဗိုလ်မှူးနေလင်း
(၃) ကြည်း ၂၈၃၆၁ ဗိုလ်မှူး သိန်းခိုင်မြင့် အစား ကြည်း ၄၀၂၃၈ ဗိုလ်မှူးကျော်မျိုးသန့်
(၄) ကြည်း ၃၃၅၃၁ ဗိုလ်မှူး နိုင်ဝင်းဌေး အစား ကြည်း ၃၇၇၀၁ ဗိုလ်မှူး ဝင်းဟန်
(၅) လေ ၂၈၅၅ ဗိုလ်မှူး ကျော်သူရ အစား လေ ၂၈၃၃ ဗိုလ်မှူး အောင်မျိုးမင်း
(၆) ကြည်း ၄၇၆၄၇ ဗိုလ်ကြီး နိုင်အောင်ခင် အစား ကြည်း ၄၆၁၂၅ ဗိုလ်ကြီးမင်းသိန်းထိုက်

(စ) **မကွေးတိုင်းဒေသကြီးလွှတ်တော်**
(၁) ကြည်း ၃၆၀၄၈ ဗိုလ်မှူး သန်းစိုးဦး အစား ကြည်း ၂၈၄၆၃ ဗိုလ်မှူး ကျော်ကျော်စိုး
(၂) ကြည်း ၄၇၁၇၉ ဗိုလ်ကြီး ဝေဖြိုးအောင် အစား ကြည်း ၅၁၈၄၃ ဗိုလ်ကြီးအောင်နိုင်သူ

(ဆ) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**
(၁) ကြည်း ၂၇၄၀၁ ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ အစား ကြည်း ၂၆၁၃၀ ဒုတိယဗိုလ်မှူးကြီး နေမျိုးဝေ
(၂) ကြည်း ၂၀၃၀၄ ဗိုလ်မှူး တင်ထွန်း အစား ကြည်း ၃၇၉၅၃ ဗိုလ်မှူး ဝေယံမင်း
(၃) ကြည်း ၂၈၃၂၅ ဗိုလ်မှူး သိန်းဌေးမောင် အစား ကြည်း ၃၆၄၃၀ ဗိုလ်မှူး ဖြိုးသီဟကျော်

(ဇ) **မွန်ပြည်နယ်လွှတ်တော်**
ကြည်း ၅၁၃၂၂ ဗိုလ်ကြီး ဝဏ္ဏနိုင် အစား ကြည်း ၅၈၅၁၃ ဗိုလ်ကြီး ကျော်သက်နိုင်

(ဈ) **ရခိုင်ပြည်နယ်လွှတ်တော်**
(၁) ကြည်း ၃၀၄၃၁ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းထွေး အစား ကြည်း ၂၆၁၅၈ ဒုတိယဗိုလ်မှူးကြီး မင်းသူ
(၂) ကြည်း ၃၅၃၆၄ ဗိုလ်မှူး ဟိန်းဇေမြင့် အစား ကြည်း ၄၀၁၇၂ ဗိုလ်မှူးရဲနောင်ဦး
(၃) ရေ ၃၉၀၀ ဗိုလ်မှူး စိုးပိုင် အစား ရေ ၄၂၅၄ ဗိုလ်မှူး ဝေသူအောင်

(ည) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**
လေ ၁၇၉၃ ဗိုလ်မှူးချုပ် သိန်းနိုင် အစား ကြည်း ၃၆၇၈၀ ဗိုလ်မှူးကျော်ကျော်ဝိုင်း

(ဋ) **ရှမ်းပြည်နယ်လွှတ်တော်**
(၁) ကြည်း ၃၃၀၈၀ ဗိုလ်မှူး ကျော်ဇေယျ အစား ကြည်း ၄၀၂၄၈ ဗိုလ်မှူး ကျော်ကျော်နိုင်
(၂) ကြည်း ၃၇၂၅၄ ဗိုလ်မှူး ရဲမြင့်ထွန်း အစား ကြည်း ၄၀၂၅၇ ဗိုလ်မှူးကျော်ဆန်းမင်း
(၃) ကြည်း ၃၃၈၀၄ ဗိုလ်ကြီး ပေါ်လာ အစား ကြည်း ၄၅၉၆၃ ဗိုလ်ကြီး သက်ဦးစံ
(၄) ကြည်း ၃၅၁၉၇ ဗိုလ်ကြီး ဆန်းလင်း အစား ကြည်း ၄၆၁၁၃ ဗိုလ်ကြီးဝင်းမင်းထွေး

(ဌ) **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**
(၁) ရေ ၄၁၅၉ ဗိုလ်မှူး အောင်ပြည့်စုံ အစား ရေ ၄၁၈၀ ဗိုလ်မှူး ရဲမင်းကြည်
(၂) ကြည်း ၄၅၃၂၃ ဗိုလ်ကြီး ဟန်ဇော်ထွန်း အစား ကြည်း ၅၈၁၂၂ ဗိုလ်ကြီး ခင်မောင်ချို
(၃) ကြည်း ၅၃၆၈၀ ဗိုလ်ကြီး ဇာနည်အောင် အစား ကြည်း ၅၃၇၅၀ ဗိုလ်ကြီး အာကာ

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပစ္စည်းခွန်ကောက်ခံခြင်းကို စည်ပင်သာယာရေးဥပဒေအရ သတ်မှတ်ရာခိုင်နှုန်းအတိုင်း ကောက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၏ **ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ပြည်သူများမှ ကြည်ဖြူစွာ ပေးဆောင်ထားသောအခွန်များ ပြည်သူ့ဘဏ္ဍာသို့ မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ ရောက်ရှိနိုင်ရန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်လိုသော ပြည်သူများအတွက် အခွင့်အလမ်းများ စနစ်တကျဖော်ဆောင်ပေးရန် မည်သို့စီမံဆောင်ရွက်လျက်ရှိကြောင်း သိလိုခြင်းနှင့်** စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အရောင်းပြေစာတွင် အခွန်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်ခြင်း၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်သော်လည်း ထိုက်သင့်သည့် တန်ဖိုးအတိုင်း ကပ်နှိပ်ထားမှုမရှိခြင်းနှင့် အရောင်းပြေစာထုတ်ပေးရန် ပျက်ကွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား တန်ဖိုးအပေါ် ကျသင့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းပေးဆောင်စေရမည့်အပြင် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ပျက်ကွက်မှု အကြိမ်အလိုက် ဒဏ်တပ်ရိုက်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် ငွေကျပ်နှစ်သိန်း၊ ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ငွေကျပ် ငါးသိန်း၊ တတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ငွေကျပ် ခုနစ်သိန်း၊ တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင် ငွေကျပ် ဆယ်သိန်းဖြစ်ပါကြောင်း။

ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်လိုသော ပြည်သူများအနေဖြင့် သတင်းပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းပါဝင်ပါက ဆုကြေးများချီးမြှင့်နိုင်ရန် အခွင့်အလမ်းများဖော်ဆောင်ထားပါကြောင်း၊ အခွန်အမှတ် တံဆိပ်ကပ်နှိပ်ရောင်းချမည့် ကုန်စည်များကို အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းမပြုပါက ဝယ်ယူခြင်းမပြုကြရန် အများပြည်သူများသို့ နေ့စဉ်ထုတ်သတင်းစာတွင် ထည့်သွင်းအသိပေးကြေညာခြင်း၊ ဈေးကွက်အတွင်း စိစစ်ရေးအဖွဲ့များဖွဲ့စည်း၍ ကွင်းဆင်းစိစစ်ခြင်း၊ စိစစ်တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းနှင့် လက်ဝယ်ထားရှိရောင်းချနေသူကို ကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ဒဏ်တပ်ရိုက် ပေးဆောင်စေခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ထမ်းပြည်သူများသည် ပြည်တွင်းအခွန်များဦးစီးဌာနရုံးများ၏ စာရင်းဖွင့်လှစ်ထားရှိသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် သွားရောက်အခွန်ပေးဆောင်နေရပါကြောင်း၊ အခွန်ထမ်းဆောင်သူများ လွယ်ကူစွာ အခွန်ပေးဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့နှင့် ပူးပေါင်း၍ Mobile Banking, Mobile Payment, e- Payment စနစ်တို့ဖြင့် အခွန်ပေးဆောင်နိုင်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုဘဏ်၏ CBM-NET System ၏ Customer Credit Transfer Function ကို အသုံးပြုပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် စတင်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် အခွန်ထမ်းကြီးများနှင့် အလယ် အလတ် အခွန်ထမ်းများအတွက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလလောက်တွင် စတင်အသုံး ပြုနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ဘဏ်များအကြား ငွေလွှဲပြောင်းပေးပို့မှုများကို အချိန်နှင့်တစ်ပြေးညီ Online မှတစ်ဆင့် လွှဲပြောင်းပေးသွင်းနိုင်မည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းများအနေဖြင့် ယင်းတို့၏ ငွေစာရင်းကို မည်သည့်ဘဏ်တွင် ဖွင့်လှစ်ထားသည်ဖြစ်စေ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားရှိသည့် ပြည်တွင်းအခွန်များဦးစီးဌာန စာရင်းများသို့ အခွန်ပေးသွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၏ **အိမ်ခြံမြေပိုင်ဆိုင်ခြင်းဖြင့် လူမှုဘဝ တည်ငြိမ်မှု ရရှိခံစားနိုင်စေရန်နှင့် အိမ်ခြံမြေဈေးကစားသူများက နေထိုင်ရန်မဟုတ်ဘဲ ဝယ်ယူ၊ ထိန်းသိမ်း လက်ဝါးကြီးအုပ်ခြင်းတို့မှ အကာအကွယ်ပေးနိုင်စေရန် ပိုင်ဆိုင်မှုအခွန်(Preperty Tax) ကောက်ခံရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လက်ရှိတွင် ပစ္စည်းခွန်ကောက်ခံခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ စည်ပင်သာယာရေး အဖွဲ့များက စည်ပင်သာယာရေးဥပဒေအရ သတ်မှတ်ရာခိုင်နှုန်းအတိုင်း ကောက်ခံလျက်ရှိပါကြောင်း၊ ပစ္စည်းခွန်ကောက်ခံခြင်းအပေါ် ကြီးကြပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များအပါအဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော်နှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစတင်၍ စုစုပေါင်း ကိုးကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီး ပစ္စည်းခွန်ကောက်ခံခြင်းကို ကြီးကြပ်ခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ရေးဆွဲနိုင်ခဲ့ပါကြောင်း။ ရည်ရွယ်ချက်များမှာ ဤဥပဒေနှင့်အညီ ပစ္စည်းခွန် စည်းကြပ်ကောက်ခံနိုင်ခြင်းဖြင့် အခွန်ထမ်းပြည်သူများ တိုးပွားလာကာ နိုင်ငံတော်၏ အခွန်ဘဏ္ဍာ ပိုမိုတိုးတက်ရရှိစေရန်၊ အဆောက်အအုံနှင့် ပရိဝုဏ်အပေါ် ပစ္စည်းခွန်ကောက်ခံမှုကို အခွန်အရာရှိများက နေထိုင်သူထံမှ စနစ်တကျ ကောက်ခံဆောင်ရွက်နိုင်စေရန်၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ပစ္စည်းခွန်ရငွေတိုးတက်စေရေးနှင့် မျှတသော ပစ္စည်းခွန် ဖြစ် စေရန်တို့ဖြစ်ပါကြောင်း။

ပစ္စည်းခွန်ကောက်ခံခြင်းကို ကြီးကြပ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီးပါက ပစ္စည်းကောက်ခံရေးအတွက် ပစ္စည်းခွန်ကောက်ခံမှု ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဆိုပါအဖွဲ့က နှစ်စဉ် မြေ၊ အဆောက်အအုံ ငှားရမ်းခ စံနှုန်းသတ်မှတ်တန်ဖိုးကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် သတ်မှတ်မည်ဖြစ်ပါကြောင်း၊ နှစ်စဉ်သုံးသပ်၍ တန်ဖိုးသတ်မှတ်ပြီး ကျသင့်ပစ္စည်းကို ကောက်ခံမည်ဖြစ်သည့်အတွက် အိမ်ခြံမြေဈေးကစားသူများမှ အိမ်ခြံမြေများကို နေထိုင်ရန်မဟုတ်ဘဲ ဝယ်ယူ၊ ထိန်းသိမ်းလက်ဝါးကြီးအုပ်ခြင်း (သို့မဟုတ်) ဈေးကစားမှုပြုခြင်းတို့ကို တားဆီးကာကွယ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။


မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း

**ဤဥပဒေနှင့်အညီ ပစ္စည်းခွန်စည်းကြပ်ကောက်ခံနိုင်ခြင်းဖြင့် အခွန်ထမ်းပြည်သူများ တိုးပွားလာကာ နိုင်ငံတော်၏ အခွန်ဘဏ္ဍာ ပိုမိုတိုးတက်ရရှိစေရန်၊ အဆောက်အအုံနှင့် ပရိဝုဏ်အပေါ် ပစ္စည်းခွန်ကောက်ခံမှုကို အခွန်အရာရှိများက နေထိုင်သူထံမှ စနစ်တကျကောက်ခံဆောင်ရွက်နိုင်စေရန်၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များ၏ ပစ္စည်းခွန်ရငွေတိုးတက်စေရေးနှင့် မျှတသော ပစ္စည်းခွန်ဖြစ်စေရန်တို့ဖြစ်**


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်နှင့် အင်္ဂပူ မဲဆန္ဒနယ်မှ ဦးအေးဝင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ရှင်းလင်းဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်းက **ပလတ်စတစ်အန္တရာယ် တားဆီးကာကွယ်ရန် နေ့စဉ်စွန့်ပစ် အမှိုက်များတွင်ပါဝင်သည့် ပလတ်စတစ်ပစ္စည်းများကို သီးသန့်ဖယ်ရှားစွန့်ပစ်စေခြင်းနှင့် ပလတ်စတစ်အသုံးပြုမှုနှုန်းထားများ လျှော့ချခြင်းစသည့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သော ဒီမိုကရေစီ အခြေခံ အလေ့အကျင့်ကောင်းများကို မူဝါဒတစ်ရပ်ရေးဆွဲပြဋ္ဌာန်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ဤလွှတ်တော်က ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် လူအများနားလည်ထားသည့် ပလတ်စတစ်ဆိုသည်မှာ ရေနံမှ ဓာတ်ခွဲလာသော ဓာတုပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါကြောင်း၊ ပလတ်စတစ်ကို တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော အော်ဂဲနစ်ပစ္စည်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး နှစ်သက်ရာပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်နိုင်ပါကြောင်း၊ ပလတ်စတစ်များတွင် လူနှင့် တိရစ္ဆာန်များပါ အဆိပ်အတောက်ဖြစ်စေသည့် ဓာတုပစ္စည်းမျိုးပေါင်းများစွာ ပါဝင်နေပါကြောင်း၊ ပလတ်စတစ်သည် ပျက်စီးဆွေးမြည့်ရန် ခက်ခဲသဖြင့် မြေထု၊ ရေထုနှင့် လေထုတို့ကို ညစ်ညမ်းစေပြီး ကမ္ဘာမြေ၏ ဂေဟစနစ်ကို များစွာမတည်မငြိမ်ဖြစ်စေပါကြောင်း၊ မိမိတို့ နေ့စဉ်စွန့်ပစ်သော အမှိုက်များတွင် ပလတ်စတစ်တစ်ဝက်ခန့်ပါဝင်နေပြီး အတူတကွရောနှောစွန့်ပစ်ခြင်းဖြင့် လေဟာပြင်များ၊ လူနေအိမ်ခြေများ၊ မြို့တွင်း၊ မြို့ပြင်လမ်းမကြီးများ၊ ပင်လယ်ကမ်းခြေနှင့် မြစ်ဆိပ်ချောင်းဆိပ်များ၊ တော၊ မြို့များပါမကျန် အရုပ်ဆိုးအကျည်းတန်သော အမှိုက်ပုံများ ဖြစ်ပေါ်လာစေပါကြောင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကြောင့် အမှိုက်သိမ်းစနစ်ကို များစွာ အနှောင့်အယှက်ဖြစ်ပြီး ကုန်ကျစရိတ်ပိုမိုများပြားလာစေပါကြောင်း။

ပလတ်စတစ်အိတ်များသည် ရောဂါများစွာဖြစ်စေရုံမျှမကဘဲ အသုံးပြုပြီးသော ပလတ်စတစ်အိတ်များကို စနစ်တကျ မစွန့်ပစ်ပါက ကျွဲ၊ နွား တိရစ္ဆာန်များ စားမိပြီး အသက်ရှူခက်ခဲခြင်း၊ အစာအိမ်၊ အူလမ်းကြောင်းနှင့်ပတ်သက်သော ရောဂါများကြောင့် သေဆုံးနိုင်ပါကြောင်း၊ ပလတ်စတစ်အန္တရာယ်ကို မိမိတို့ တားဆီးကာကွယ်ရန် လိုအပ်ပါကြောင်း၊ ပလတ်စတစ် အသုံးပြုမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းမှ ပြန်လည်ထုတ်လုပ်သုံးစွဲခြင်း စသည့်နည်းလမ်းများစွာဖြင့် စနစ်တကျ ထိန်းချုပ်ခြင်း၊ လျှော့ချခြင်း အစီအမံများကို အပြောင်းအလဲတစ်ရပ်အဖြစ် ဒီမိုကရေစီ အစိုးရလက်ထက်၌ စတင်ဖော်ဆောင်ပေးစေလိုပါကြောင်း၊ တိုင်းသူပြည်သားများမှ တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့ နေ့စဉ်နှင့်အမျှ စွန့်ပစ်သော ပလတ်စတစ်နှင့်တကွ အမှိုက်သရိုက်များကို စည်းကမ်းတကျ ခွဲခြားစွန့်ပစ်ခြင်းဖြင့် ပါဝင်ကူညီဖော်ဆောင်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က ထောက်ခံဆွေးနွေးသည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အစီရင်ခံစာ တင်သွင်းသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နိုဝင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင် လမ်း၊ တံတားနှင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့ဆောက်လုပ်ရေးရိပ်သာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မိုးကုတ်မြို့Town Plan နှင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ကိစ္စရပ်များနှင့် ပတ်သက်၍ မှာကြားသည်။

ထို့နောက် မိုးကုတ်မြို့ ၃၃/ ၁၁ ကေဗွီ (၁၀) MVA ဓာတ်အားခွဲရုံသို့ရောက်ရှိရာ တာဝန်ရှိသူတို့မှ သပိတ်ကျင်း၊ မိုးကုတ်မြို့များသို့ ၁၃၂ ကေဗွီ လက်ပန်လှဓာတ်အားခွဲရုံမှ ၃၃ ကေဗွီဓာတ်အားလိုင်း (၅၆)မိုင်အား ၁၉၉၅ ခုနှစ်မှ တည်ဆောက်



ဓာတ်အားပေးခဲ့ရာ ဗို့အားပြည့်မီစွာမရရှိခဲ့သဖြင့် ပြည်သူများ လိုအပ်သောလျှပ်စစ်ဓာတ်အား ပြည့်မီစွာရရှိရေးအတွက် မိုးကုတ်မြို့ ၆၆/၃၃ ကေဗွီ(၃၀) MVA နန်းနွဲ့ဓာတ်အားခွဲရုံနှင့် လက်ရှိ ဓာတ်အားပေးနေသော ၃၃/၁၁ ကေဗွီ (၁၀) MVA ဓာတ်အားခွဲရုံ ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ၆၆ ကေဗွီ လက်ပန်လှ- ဇရပ်ကွင်းဓာတ်အားလိုင်း ၂၀ ဒသမ ၅ မိုင်အား နိုဝင်ဘာလအတွင်း အပြီးသတ် ဆောင်ရွက်ရန်၊ ဇရပ်ကွင်းဓာတ်အားခွဲရုံအား ဓာတ်အားလွှတ်နိုင်ရေး အမြန်ဆောင်ရွက်မှသာ သပိတ်ကျင်းမြို့နှင့်ပတ်ဝန်းကျင် ဓာတ်အားသုံးစွဲနေသော ကျေးရွာများ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ မိုးကုတ်မြို့သို့လည်း ၃၃ ကေဗွီဓာတ်အားလိုင်း ၃၆ မိုင်သာရှိသည့်အတွက် ဗို့အားပြည့်မီလာမည်ဖြစ်ကြောင်းမှာကြားပြီး Control Room နှင့် ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေ့လယ်ပိုင်းတွင် မန္တလေး - မတ္တရာ- မိုးကုတ်လမ်း(မိုးကုတ် - ဖော့တောလမ်းအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ၆၆/၃၃ ကေဗွီ (၂၀) MVA ဇရပ်ကွင်း ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး Control Room နှင့် ခွဲရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် B.O.T စနစ်ဖြင့် ဆောင်ရွက်သော မန္တလေး - မတ္တရာ - ဖော့တောလမ်း အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဆက်လက်ထောက်ပံ့ကူညီပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ငါးခု မေးမြန်းဖြေကြားခြင်းနှင့် ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၉) မှ **ဒေါက်တာ ဇော်လင်းထွဋ် ၏ အများပိုင်စားကျက်မြေ၊ အားကစားကွင်းများ၊ သာသနိက အဆောက်အအုံဝင်းများအတွင်း စိုက်ထူခဲ့သော MPT တာဝါတိုင်များအနေဖြင့် အခြား Ooredoo နှင့် Telenor ဆက်သွယ်ရေးကုမ္ပဏီများကဲ့သို့ မြေငှားရမ်းခများကို ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်သုံးစွဲရန် ငွေကြေးလစဉ် ထောက်ပံ့ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန **ဒုတိယဝန်ကြီး ဦးကျော်မျိုး** က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်သွယ်ရေးကောင်းမွန်စေရန်



မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာ ဇော်လင်းထွဋ်

သထုံမြို့နယ် ဂေါ့တောရကျေးရွာ၌ မွန်ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်ခဲ့သည့် တာဝါတိုင်ဖြစ်သည့်အတွက် မြေနေရာငှားရမ်းခကို လစဉ်ငွေကြေးထောက်ပံ့မှုအနေဖြင့် ပေးရန် အစီအစဉ်မရှိပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်သိ လူမှုအကျိုးပြုလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းငွေကျပ် ၆၀၃ ဒသမ ၅ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ငွေကျပ် ၁၂၂၉ ဒသမ ၆၁ သန်းကို လှူဒါန်းခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအထိ စုစုပေါင်းငွေကျပ် ၂၁၂ ဒသမ ၉ သန်း လှူဒါန်းခဲ့ပါကြောင်း၊ ယခုအချိန်ကာလအထိ ငွေကျပ် ၂၀၄၆ ဒသမ ၀၁ သန်း လှူဒါန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တစ်နှစ်လုံးအတွက် စုစုပေါင်း ငွေကျပ် ၁ ဒသမ ၃ ဘီလီယံကျော် လှူဒါန်းသွားရန် လျာထားပါကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် နေရာဒေသနှင့် အချိန်အခါအလိုက် ဆက်လက်ထောက်ပံ့ကူညီပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက **ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၆) မှ ဦးကျင့်ခန့်ပေါင် ၏ ချင်းပြည်နယ် တီးတိန်မြို့နယ်**



ဒုတိယဝန်ကြီး ဦးကျော်မျိုး

**တွင် လေယာဉ်ကွင်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်အသုံးပြုနိုင်ရန် လုံလောက်သော ပြေးလမ်းအလျား တည်ဆောက်၍ မရရှိနိုင်ခြင်းနှင့် လက်ရှိတည်ဆောက်လျက်ရှိသည့် ဖလမ်းလေယာဉ်ကွင်းသစ်နှင့် လေကြောင်းခရီးအကွာအဝေး ခန့်မှန်း နော်တီကယ်မိုင် ၁၈ မိုင်သာ ကွာဝေးပြီး နီးကပ်စွာ တည်ရှိနေခြင်းတို့ကြောင့် လေယာဉ်ကွင်းဖောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်သိလူမှုအကျိုးပြု လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိ**

ထို့နောက် **ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတက်ထွန်းအောင်** ၏ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အတွင်းရှိ အလယ်ဖရုံကာကျွန်းတွင် တည်ရှိသော မြင့်ဂါ၊ ဖားဒူးကားလမ်းကို ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ပျက်စီးနေသော လမ်းပိုင်းများကို ပြန်လည် ထိန်းသိမ်းမွမ်းမံရန် အစီအစဉ် ရှိ/မရှိ **မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၄) မှ ဦးလင်းတင်ဌေး** ၏ **မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ ဦးဇော်မင်း၏ **ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံတကာအစိုးရများသည် မိမိနိုင်ငံ၊ မိမိအစိုးရအဖွဲ့တို့ ပိုင်ဆိုင်သမျှသော နိုင်ငံသုံးငွေကြေးပမာဏ စုစုပေါင်းနှင့် နိုင်ငံခြားငွေကြေးပမာဏ စုစုပေါင်း စသည်တို့ကို ပြည်သူတို့အားအသိပေးရိုးထုံးစံရှိသည်နှင့်အညီ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတွင်းလည်ပတ်လျက်ရှိသော ငွေပမာဏစုစုပေါင်းနှင့် လက်ရှိပိုင်ဆိုင်သော နိုင်ငံခြားငွေပမာဏကို ပြည်သူတို့ သိရှိစေရန် ကြေညာပေးနိုင် ခြင်း ရှိ/မရှိ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းတို့**က ပြန်လည် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် **ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးဘမျိုးသိန်း** က **၂၀၁၇ ခုနှစ်၊** မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ **ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးစိုးဝင်း** က ထောက်ခံသည်။

ထို့နောက် **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း** က အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူပြီး အဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၃၀**

အောက်တိုဘာ ၃၀ ရက် ည ၇နာရီအချိန် မိုးလေဝသထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**နေပြည်တော်- ရန်ကုန်-မန္တလေး**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ဒေသအလိုက် မိုးရွာမှုအခြေအနေ**

ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဝမ်းတွင်းမြို့တွင် ၁ ဒသမ ၇၁ လက်မ၊ ပျဉ်းမနားမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ပုသိမ်ကြီး(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၃၆ လက်မ၊ တမူးမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ မတူပီမြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီ၊ ဟုမ္မလင်းမြို့၊ မိတ္ထီလာမြို့နှင့် ကျောက်ဆည်မြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီနှင့် တီးတိန်မြို့တွင် ၀ ဒသမ ၅၁ လက်မတို့ ဖြစ်ကြသည်။

**နေက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။ **(မိုး/ဇလ)**

## မြန်မာနိုင်ငံတွင် ဗီယက်နမ်ရုပ်သံလွှင့်ချန်နယ်နှင့် သတင်းဌာနရုံးခွဲများ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Truong Minh Tuan နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဗီယက်နမ်ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနတို့အကြား အပြန်အလှန် နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဗီယက်နမ် ရုပ်သံလွှင့်ချန်နယ်နှင့် သတင်းဌာနရုံးခွဲများ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ကလေးစာပေပွဲတော် (ပြည်) စည်ကားသိုက်မြိုက်စွာကျင်းပ

**ပြည် အောက်တိုဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ပြည်)ကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အထက (၁)သုံးထပ်ဆောင် အဆောက်အအုံ၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူး ဦးတင်မောင်လတ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးညဏ်ဇော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျနှင့်အဖွဲ့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ကလေးစာပေပွဲတော်တွင် ကလေးများ၏ ကာယဉာဏစွမ်းဆောင်ရည်များ ထက်မြက်ဖွံ့ဖြိုးရင့်သန်လာစေရန်နှင့် ကလေးများ ပျော်ရွှင်စေရန်အတွက် စာရေးဆရာကြီး မင်းသုဝဏ်၏ ကလေးကဗျာများနှင့် ကလေးစာဖတ်ခန်း၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်း စကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ပျော်ရွှင်စရာဂိမ်းကစား ပြိုင်ပွဲများ၊ ကလေးတို့အကြိုက် ပျော့ပျော့အိအိ ကလေးကစားကွင်းနှင့် 3D ရုပ်ပုံကားချပ်များ၊ စာအုပ်အရောင်းဆိုင်များနှင့် ဖျော်ဖြေရေး အစီအစဉ်များ၊ စာပေဟောပြောပွဲများ စီစဉ်ထားရှိပြီး ပွဲတော်သို့ ပြည်ခရိုင် ခြောက်မြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ပညာသင်ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ လာရောက်လေ့လာကြည့်ရှု ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး အထူးစည်ကားလျက်ရှိသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေ ၄ နာရီတွင် ဆက်လက်ကျင်းပရာ ကလေးစာပေ ပွဲတော်တွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသော ပြိုင်ပွဲများအလိုက် ဆုရရှိသည့် ကလေးများအား တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ရေးဝန်ကြီး ဦးမောင်မောင်လွင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀-** မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကကြီးမှူးပြီး စတုတ္ထအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေပေးအပ်ခြင်းနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောခစ်ဟိုတယ်တွင် ပြုလုပ်မည်ဖြစ်ပြီး ယင်းအခမ်းအနားတွင်လည်း လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ထည့်ဝင် လှူဒါန်းနိုင်ကြောင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းအနေဖြင့် အသက်(၇၅) နှစ်ပြည့်ပြီး သက်ကြီးသတင်းစာပညာရှင်များကို ၂၀၁၄ ခုနှစ် မှစတင်ကာ နှစ်စဉ်မပျက်ကျင်းပခဲ့ရာ ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အသက်(၇၅) နှစ်ပြည့်ပြီးသူ သက်ကြီး သတင်းစာပညာရှင် ၁၅၀ ကျော်ကို ပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။ သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် လှူဖွယ်ပစ္စည်းနှင့် အလှူငွေများထည့်ဝင် လှူဒါန်းလိုသူများအနေဖြင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း အခန်း(၆၀၃)၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့ နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၅၁၉၊ ၀၉-၄၂၀၀၉၄၆၅၉ သို့ လူကိုယ်တိုင် ဆက်သွယ်လာရောက်လှူဒါန်းနိုင်ပြီး ငွေသားကို ကမ္ဘောဇဘဏ်အကောင့်အမှတ် (173-302-00703748801) သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း**

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခု နှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၁။ (က) ဤဥပဒေကို **၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **မြေ**ဆိုသည်မှာ မြေမှထွက်ပေါ်သောအကျိုးအမြတ်များနှင့် မြေတွင်စွဲကပ်နေသော အရာဝတ္ထုများ သို့မဟုတ် မြေတွင်စွဲကပ်နေသော အရာတစ်ခုခုတွင် ထာဝရတွယ်ကပ်ထားသည့် အရာများလည်း အကျုံးဝင်စေရမည်။

(ခ) **မြေတွင် အကျိုးစီးပွားသက်ဆိုင်သူ** ဆိုရာတွင် အောက်ပါသူများ ပါဝင်သည်-

(၁) ဤဥပဒေအရ မြေသိမ်းဆည်းခြင်းပြုရာတွင် မြေရှင်များနှင့် လျော်ကြေးငွေတောင်းဆိုခွင့်ရှိသူများ၊

(၂) သိမ်းဆည်းမြေတွင် သီးစားအဖြစ်ဖြင့် ဖြစ်စေ၊ အကျိုးတူအဖြစ်ဖြင့် ဖြစ်စေ၊ ငှားရမ်း၍ဖြစ်စေ လုပ်ကိုင်နေသူများ။

(ဂ) **ထိခိုက်နစ်နာသူမိသားစု** ဆိုရာတွင် အောက်ပါသူများ ပါဝင်သည်-

(၁) ယင်းတို့၏ မြေ သို့မဟုတ် အခြားမရွှေ့မပြောင်းနိုင်သော ပစ္စည်းကို သိမ်းယူခြင်းခံရသည့် မိသားစု၊

(၂) မြေတစ်ရပ်ရပ်ကို ပိုင်ဆိုင်မှု မရှိသော်လည်း၊ မိသားစုဝင်တစ်ဦး သို့မဟုတ် အများသည် လယ်ယာလုပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ လက်ခစားအဖြစ်ဖြင့် ဖြစ်စေ၊ ထိခိုက်နစ်နာသည့် အရပ်ဒေသအတွင်း မြေကို သိမ်းဆည်းခြင်း မပြုမီကာလတွင် အစဉ်အဆက် လုပ်ကိုင်ခဲ့ပြီးလျှင်၊ မြေကိုသိမ်းဆည်းမှုကြောင့် ယင်းတို့၏ စားဝတ်နေရေး ထိခိုက်မှုဖြစ်ပွားရသည့် မိသားစု၊

(၃) သိမ်းဆည်းမြေကိုအကြောင်းပြု၍ စားဝတ်နေရေး ထိခိုက်နစ်နာရသူများ၊

(၄) သိမ်းဆည်းသည့် မြေပေါ်တွင် သိမ်းယူခြင်းမပြုမီ ကာလတစ်ရပ်အထိ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမရှိသည် ဖြစ်စေကာမူ အမှန်တကယ် နေထိုင်လုပ်ကိုင်၍ သိမ်းယူသည့်မြေအပေါ် ရင်းနှီးမြှုပ်နှံ မှီခိုအသက်မွေးဝမ်းကျောင်းပြုနေသော မိသားစု။

(ဃ) **မြေရှင်** ဆိုရာတွင် အောက်ပါသူများ ပါဝင်သည်-

(၁) ဥပဒေအရ သတ်မှတ်သည့် မြေယာမှတ်တမ်းများတွင် မြေ သို့မဟုတ် အဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်း၏ ပိုင်ရှင်ဖြစ်ကြောင်း သို့မဟုတ် လက်ဝယ်ထားပိုင်ခွင့်ရှိသူဖြစ်ကြောင်း သို့မဟုတ် အသုံးပြုခွင့်ရသူဖြစ်ကြောင်း တရားဝင်မှတ်တမ်းတင်ထားသူ၊

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယင်းမြေနှင့်စပ်လျဉ်း၍ အပိုင်ဂရန်၊ အငှားဂရန်ချထားခြင်းခံရသူ၊

(၃) တရားရုံး သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာရှိသူ၏ အမိန့်တစ်ရပ်ရပ်ဖြင့် မြေပိုင်ရှင်ဖြစ်ကြောင်း ကြေညာခြင်းခံရသူ၊ စာရင်းသွင်းခံရသူများ၊

(၄) တရားဝင် မှတ်တမ်းအထောက်အထားမရှိသော်လည်း ဒေသဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ပိုင်ဆိုင်သည်ဟု အသိအမှတ်ပြုခံရသူ။

(င) **လျော်ကြေး** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခံရခြင်းအတွက် အကျိုးစီးပွားသက်ဆိုင်သူတို့အား ပြန်လည်ပေးလျော်သည့် အစားထိုးဖလှယ်ပေးမြေ သို့မဟုတ် ငွေကြေး သို့မဟုတ် အခွင့်အရေး သို့မဟုတ် အခြားပစ္စည်း တစ်ရပ်ရပ်ကို ဆိုသည်။

(စ) **နစ်နာကြေး** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခြင်းကြောင့် ထိခိုက်နစ်နာသူ မိသားစုတို့အား ထိခိုက်နစ်နာမှုအတွက် ပြန်လည်ဖြည့်ဆည်းထောက်ပံ့သည့် ငွေကြေး သို့မဟုတ် အခွင့်အရေး သို့မဟုတ် အခြားပစ္စည်းတစ်ရပ်ရပ်ကို ဆိုသည်။

(ဆ) **ရွှေ့ပြောင်းနေရာချထားစရိတ်** ဆိုရာတွင် သိမ်းဆည်းခံရသည့် မြေပေါ်မှ ရွှေ့ပြောင်းဖယ်ရှားရသည့် စရိတ်စကများနှင့် ရွှေ့ပြောင်းနေရာ၌ နေထိုင်ရန်အတွက် ထောက်ပံ့မှုများ ပါဝင်သည်။

(ဇ) **ပြန်လည်နေရာချထားခြင်း** ဆိုသည်မှာ သိမ်းဆည်းမြေပေါ်မှ ရွှေ့ပြောင်းခံရသူများအတွက် အနည်းဆုံးရှိသင့်သည့် လူနေမှုအဆင့်အတန်းထက် မနိမ့်ကျသော လူနေအိမ် အဆောက်အအုံနှင့် အခြေခံအဆောက်အအုံများ စီစဉ်ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(ဈ) **လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်း** ဆိုရာတွင် မြေသိမ်းဆည်းခံရမှုကြောင့် အကျိုးစီးပွားထိခိုက်နစ်နာသူများအတွက် အနည်းဆုံးရှိသင့်သည့် လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားရေး စံနှုန်းများထက်မနိမ့်သော အလုပ်အကိုင်အခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ယာယီဘဝရပ်တည်မှု စရိတ်စကများ၊ လူမှုရေးပံ့ပိုးမှုလုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။

(ည) **တရားရုံး** ဆိုသည်မှာ မြေတည်ရှိရာအရပ်အတွက် စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ထက် မနိမ့်သော တရားရုံးများကို ဆိုသည်။

(ဋ) **မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့** ဆိုသည်မှာ မြေသိမ်းယူရန် အလိုရှိကြောင်း နိုင်ငံတော်သမ္မတမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာသည့်အခါ မြေသိမ်းယူမှုလုပ်ငန်းအဝဝကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တစ်ပါတည်း ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့အစည်းကို ဆိုသည်။

*ဆက်လက်ဖော်ပြပါမည်*

# ရန်ကုန်တိုင်းဒေသကြီး မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*အောက်တိုဘာ ၂၉ ရက်နေ့မှအဆက်*

**အခန်း (၆)**

**ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

၁၄။ ကယ်ဆယ်ရေးအဖွဲ့များသည် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်နှင့် ကျရောက်ပြီးနောက် ကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ ကွပ်ကဲ ကြပ်မတ်မှုဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရမည် -

(က) ကျရောက်ချိန်၌ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ပမာဏ၊ လမ်းကြောင်းများ ရှင်းလင်းမှုအခြေအနေ၊ သယ်ယူပို့ဆောင်ရေး ယာဉ် စုစည်းရောက်ရှိမှု အခြေအနေတို့အပေါ် မူတည်၍ ကြိုတင်သတ်မှတ်ထားသည့် ခိုလှုံရန်နေရာ၊ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းခြင်း၊

(ခ) ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုခြင်း၊ လူနာများကို ဆေးကုသခြင်း၊ ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းခြင်းနှင့် အရေးပေါ်လူနာများအား နီးစပ်ရာ ဆေးရုံ၊ဆေးခန်းများသို့ပို့ခြင်း၊

(ဂ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အလျင်အမြန် ဆောင်ရွက်ခြင်း၊ ပျက်စီးနေသော အဆောက်အအုံများ၊ ပိတ်ဆို့နေသော လမ်းများအား လူ၊ စက်ယန္တရားအင်အားတို့ဖြင့် အမြန်ဆုံးဖယ်ရှားရှင်းလင်းခြင်း၊

(ဃ) ပျောက်ဆုံးနေသူများကို ရှာဖွေခြင်းနှင့် လူသေအလောင်းများအား အမည်၊ နေရပ်ဖော်ထုတ်ခြင်း၊ သင်္ဂြိုဟ်ခြင်း၊

(င) သေဆုံး ၊ ဒဏ်ရာရ ၊ ပျောက်ဆုံး စသည့် လူဦးရေစာရင်းဇယားများ ကောက်ယူခြင်း၊

(စ) ခိုလှုံရန်နေရာများနှင့် ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာသည့် လူဦးရေ၊ အိမ်ထောင်စုဦးရေ ၊ စာရင်းဇယားများကို စာရင်းကောက်ယူပြုစု၍ သတ်မှတ်ထားသော ဌာနများသို့ အချိန်နှင့် တစ်ပြေးညီ တင်ပြခြင်း၊

(ဆ) ဘေးအန္တရာယ်ထပ်မံမကျရောက်အောင် ကာကွယ်ရေး၊ ရောဂါဖြစ်ပွားလာပါက ထိန်းချုပ်နိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းပြီးချိန်၌ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကိုယ်လက်လှုပ်ရှားမှုစသော ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူများအား စိတ်ဓာတ်ပြန်လည် မြှင့်တင်ရန် ထူထောင်ပေးခြင်း၊

(ဇ) အာဟာရပြည့်ဝစေရန် စီစဉ်ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်ဆေးထိုးခြင်းနှင့် တိုက်ကျွေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန်နှင့် မျှတစွာခွဲဝေသုံးစွဲရေး ဆောင်ရွက်ပေးခြင်း၊ စနစ်ကျသော အညစ်အကြေးစွန့်ပစ်မှု စီစဉ်ပေးခြင်း၊

(ဈ) ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြွေဆိုးအန္တရာယ်၊ ထိခိုက်အန္တရာယ်၊ ရေနစ်ခြင်းစသည်တို့အတွက် ပညာပေးခြင်း၊

(ည) ကျွဲ၊နွား၊ တိရစ္ဆာန်များအား ဘေးလွတ်ရာနယ်မြေသို့ ပြောင်းရွှေ့ခြင်း၊ တိရစ္ဆာန်အစားအစာ စီစဉ်ပေးခြင်းနှင့် ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သေဆုံးမှု စာရင်းပြုစုခြင်း၊

(ဋ) ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသူများအား အန္တရာယ်ကင်းရှင်းသည့်အခါ မူလနေရာအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လိုပါက ညွှန်ကြားချက်ရရှိမှသာ ပြောင်းရွှေ့ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

**အခန်း (၇)**

**တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၁၅။ မည်သူမျှ မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်ခုခု ပေါ်ပေါက်နေသည့် အချိန်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသူ တစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်တပ်ဖွဲ့၊ အရန် မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ လုပ်ငန်းသုံးယာဉ်၊ စက်ယန္တရားကိုဖြစ်စေ၊ နှောင့်ယှက်ဟန့်တားခြင်း မပြုရ။

၁၆။ မည်သူမဆို ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား (၂)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၁၇။ မည်သူမဆို ကော်မတီကထုတ်ပြန်သည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၈)**

**အထွေထွေ**

၁၈။ ကော်မတီနှင့် ကော်မတီအဆင့်ဆင့်သည် မိမိလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ တောင်းခံနိုင်သည်။

၁၉။ ကော်မတီအဆင့်ဆင့်သည် ဖြစ်ပွားမှုအခြေအနေ၊ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကာကွယ်စောင့်ရှောက်ရေး အခြေအနေများကို ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများမှ အချိန်မီ သတင်းရရှိရေး ဆောင်ရွက်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၂၀။ ဤဥပဒေအရ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကိစ္စတစ်ရပ်ရပ်အတွက် သဘောရိုးဖြင့်ဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၂၁။ ကော်မတီသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲပြည်ထောင်စုဥပဒေများအရ မီးဘေး၊ သဘာဝဘေးအန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဖွဲ့စည်းထားသော ကော်မတီများ၊ အဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်သည်။

၂၂။ အစိုးရအဖွဲ့သည် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းရေးဆွဲ တောင်းခံနိုင်သည်။

၂၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် ကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# ဘူးသီးတောင် ရွေ့လျားဆေးကုသရေးအဖွဲ့က အလယ်သံကျော်ကမ်းခြေရှိ အစ္စလာမ် ဘာသာဝင်များအား ဆေးကုသပေး၊ ကူးစက်ရောဂါဖြစ်ပွားမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေး

**တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်ရန် နေရပ်စွန့်ခွာပြီး မောင်တောမြို့နယ် လေယာဉ်ပျံကွင်းကျေးရွာအနီးရှိ အလယ်သံကျော်ကမ်းခြေ၌ စုရုံးရောက်ရှိနေသော အစ္စလာမ်ဘာသာဝင်များအား အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်ရွေ့လျားဆေးကုသရေးအဖွဲ့က ဆေးကုသပေးပြီး ကူးစက်ရောဂါဖြစ်ပွားမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးသည်။**

"ရောဂါဆိုတာ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး တစ်ဦးကိုတစ်ဦး ကူးစက်နိုင်ပါတယ်။ ကူးစက်နိုင်တဲ့ရောဂါဆိုရင် ပိုပြီးသတိထားဖို့ လိုအပ်ပါတယ်။ ကူးစက်တတ်တဲ့ရောဂါမျိုးတွေ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။

"ဒါ့အပြင် ကူးစက်ရောဂါဖြစ်ပွားလာခဲ့ရင်လည်း စောစောစီးစီးရောဂါအမည်တွေဖော်ထုတ်ပြီး ကုသပေးတဲ့အနေအထားနဲ့ ပြည်သူလူထုကြား ပြန့်ပွားမှုမရှိအောင်၊ ကူးစက်မှုမရှိအောင် ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ဘူးသီးတောင်မြို့နယ်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းကျော်က ပြောသည်။

နေရပ်စွန့်ခွာပြီး တစ်ဖက်နိုင်ငံသို့သွားရောက်ရန် အလယ်သံကျော်ကမ်းခြေ၌ စုဝေးရောက်ရှိနေသည့် အစ္စလာမ်ဘာသာဝင်ဦးရေ ၃၀၀၀ ခန့်ရှိပြီး အဆိုပါကမ်းခြေသို့ ရောက်ရှိနေသည်မှာ နှစ်ပတ်ခန့်ရှိပြီဖြစ်ကြောင်း၊ ၎င်းတို့အား လာခေါ်မည့်လှေများကို စောင့်ဆိုင်းနေကြခြင်းဖြစ်ကြောင်း သိရသည်။

ဒေါက်တာ သန်းထွန်းကျော်က "ကျွန်တော်တို့အဖွဲ့မှာ အားလုံးပေါင်း ၁၀ ဦး ပါဝင်ပါတယ်။ ရန်ကုန်ဆေးရုံကြီးက အရိုးရောဂါအထူးကုဆရာဝန်ကြီးလည်း ပါပါတယ်။ ဒီနေ့မနက် ၈ နာရီခွဲကစပြီး ဒီကလူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာပါ။ သာမန် နှာစေး၊ ချောင်းဆိုး၊ ဖျားနာတာတွေပဲ တွေ့ရပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ ပတ်သက်လို့ ပြင်းထန်တဲ့လက္ခဏာတော့ မတွေ့ရပါဘူး။ သာမန် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်နေတဲ့ ကလေးအနည်းငယ်တော့ တွေ့ရပါတယ်။

"ဘူးသီးတောင် ရွေ့လျားဆေးကုသရေးအဖွဲ့အနေနဲ့ အကြမ်းဖက်မှုဖြစ်စဉ်တွေ စတင်ဖြစ်ပွားကတည်းက ဘူးသီးတောင် ပြည်သူ့ဆေးရုံမှာ လူမျိုး၊ ဘာသာမရွေး၊ အရောင်အသွေး၊ အဆင့်အတန်း မခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာ အခုထိပါပဲ။ တိုင်းရင်းသားကျေးရွာတွေသာမက အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ကျေးရွာတွေကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေပါတယ်။

"အခုအချိန်ထိလည်း ဆေးရုံကြီးမှာ အစ္စလာမ်ဘာသာဝင်တွေရော၊ ဟိန္ဒူဘာသာဝင်တွေရော၊ တိုင်းရင်းသားဖြစ်တဲ့ ရခိုင်၊ ဗမာ၊ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်ကအစ ဆေးဝါးတက်ရောက်ကုသမှုခံယူနေကြတာ အများကြီးရှိပါတယ်"ဟု ပြောသည်။

ရွေ့လျားဆေးကုသရေးအဖွဲ့ ၁၀ ဖွဲ့ဖွဲ့စည်းထားပြီး ဆရာဝန်များ၊ ကျန်းမာရေးမှူးများနှင့် သူနာပြုများပါဝင်သည်။ ထိုအဖွဲ့ ၁၀ ဖွဲ့ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

တိုင်းရင်းသားကျေးရွာများကိုလည်း ရွေ့လျားဆေးကုသရေးအဖွဲ့များက နယ်လှည့်ဆေးခန်းများဖွင့်၍ အလှည့်ကျ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် အလယ်သံကျော်ကမ်းခြေသို့ ယခု လာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက "အခု လက်ရှိအချိန်မှာ ဘူးသီးတောင်မြို့ပေါ်မှာ ကယ်ဆယ်ရေးစခန်းတွေ သိပ်မရှိတော့ပါဘူး။ ဒါကြောင့် ရွေ့လျားဆေးကုသရေးအဖွဲ့ကို ငါးဖွဲ့အဖြစ် ကျစ်ကျစ်လျစ်လျစ်နဲ့ ပြောင်းလဲဖွဲ့စည်းပြီး ဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရတို့ရဲ့ လမ်းညွှန်ချက်နဲ့ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်တွေမှာ ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမှာပါ။

"ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အခါမှာလည်း လူမျိုးဘာသာခွဲခြားမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမှာ ဖြစ်ပါတယ်။ ဝေးလံပြီး တောင်ပေါ်ဒေသတွေမှာ နေထိုင်ကြတဲ့ မြို၊ ခမီ၊ ဒိုင်းနက်နဲ့ သက်လူမျိုးတွေကိုလည်း ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

သီးသန့်အစီအစဉ်တစ်ခုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍတစ်ခုချင်းမသွားဘဲ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း၊ အာဟာရစောင့်ရှောက်မှုလုပ်ငန်း၊ ရောဂါနှိမ်နင်းရေးလုပ်ငန်း၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စုပေါင်းဆောင်ရွက်သွားရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍လည်း ဒေါက်တာသန်းထွန်းကျော်က "ရွေ့လျားဆေးကုသရေးအဖွဲ့တွေက နယ်လှည့်ဆေးကုသတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ရင် ကာကွယ်ဆေးထိုးလုပ်ငန်းတွေကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အခုဆိုရင် ဂျပန် ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးနဲ့ H1N1 ရောဂါကာကွယ်ဆေးတွေလည်း အကုန်လုံးထိုးနှံပေးပြီး ဖြစ်ပါတယ်။

ပြည်နယ်အတွင်း ရွေ့လျားဆေးခန်းတွေ သွားရောက်ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ မော်တော်ယာဉ်တွေ၊ အမြန်ရေယာဉ်တွေနဲ့ အခြားလိုအပ်တာတွေ ထောက်ပံ့ပေးပြီးဖြစ်ပါတယ်။ ပြည်နယ်အစိုးရကလည်း အခြားလိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးပါတယ်"ဟု ပြောကြားသည်။

ရွေ့လျားဆေးခန်းများကို ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ ဦးဆောင်၍ ရန်ကုန်မြို့မှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများအပြင် ကဏ္ဍစုံဖိတ်ခေါ်ပြီး ရခိုင်ပြည်နယ်ရှိ မြို့နယ်များသို့ အလှည့်ကျ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရှိရသည်။

ရွေ့လျားဆေးကုသရေးအဖွဲ့၏ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍"ဒီလိုဆောင်ရွက်ပေးခဲ့တာ အခုဆိုရင် မာန်အောင်၊ မြောက်ဦးနဲ့ ရမ်းဗြဲမြို့တွေကို သွားရောက်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ နောက်လမှာလည်း တောင်ကုတ်သို့မဟုတ် သံတွဲမြို့မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီနောက် ဘူးသီးတောင်မှာ ကျန်းမာရေးစောင့်ရှောက်မှုတွေ လာရောက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီလို ရောက်လာတဲ့အခါ ဆေးဝါးကုသမှုခံယူဖို့ အခက်အခဲရှိတဲ့သူတွေကို အကြီးစားခွဲစိတ်ကုသမှုတွေပါ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ပြောကြားသည်။

"ဒီကိုရောက်နေတာ ၁၅ ရက်လောက်ရှိပါပြီ။ ကြက်ခြေနီအဖွဲ့က သောက်စရာရေသန့်၊ စားစရာနဲ့ နေစရာပေးတဲ့အပြင် ဆရာဝန်တွေနဲ့ ဆရာ ဆရာမတွေက ကျန်းမာရေးစောင့်ရှောက်မှုလည်း ပေးပါတယ်။ အခုလို ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု အလယ်သံကျော်ကမ်းခြေတွင် ရောက်ရှိနေသူတစ်ဦးက ပြောသည်။

**သတင်း- မော်စီ၊ ဓာတ်ပုံ-ဟန်လင်းနိုင်**



ဒေါက်တာ သန်းထွန်းကျော်



အလယ်သံကျော်ကမ်းခြေ၌ စုရုံးရောက်ရှိနေသော အစ္စလာမ်ဘာသာဝင်များအား ဘူးသီးတောင်ရွေ့လျားဆေးကုသရေးအဖွဲ့က ဆေးကုသပေးစဉ်

## နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ အောက်တိုဘာ ၃၀**

ရခိုင်ပြည်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများသည် စစ်တွေမြို့ရှိ ခေတ္တယာယီကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံလျက်ရှိသည့် ဒေသခံတိုင်းရင်းသားများကို ယနေ့ညနေပိုင်းက ဖြူးမြို့နယ် ဇေယျဝတီမြို့ ဟိန္ဒူလူငယ်လူမှုကူညီရေးအဖွဲ့မှ တာဝန်ရှိသူများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်ရှိ ဟိန္ဒူဘုရားကျောင်းယာယီကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၆၈ စုအတွက် ထောက်ပံ့ငွေကျပ် ခုနစ်သိန်း ၊ ဟိန္ဒူအမျိုးသမီးများအတွက် ဆာရီအထည် ၁၃၀ ၊ ကလေးများအတွက် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်ပြီး ဧည့်ဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းတွင် ခေတ္တခိုလှုံနေသည့် ဟိန္ဒူဘာသာဝင် အိမ်ထောင်စု ၁၁၆ စု အတွက် ထောက်ပံ့ငွေကျပ် ၁၇ သိန်း၊ ဟိန္ဒူအမျိုးသမီးများအတွက် ဆာရီ ၂၉၇ ထည်၊ ကလေးများအတွက် အဝတ်အထည်များ ထောက်ပံ့ခဲ့သည်။

ထို့ပြင် အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်း၊ အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းနှင့် စစ်ကဲတော်မင်းဘုန်းတော်ကြီးကျောင်းရှိ နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများအတွက် ငွေကျပ် ၁၁ သိန်းကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဖြူးမြို့နယ် ဇေယျဝတီမြို့ ဟိန္ဒူလူငယ်လူမှုကူညီရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးစီဝါးက ပြောသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

## မောင်တောမြို့တွင် ပိုမိုတည်ငြိမ်အေးချမ်းလာသဖြင့် ဈေးဆိုင်ခန်းများဖြင့် သက်ဝင်စည်ကားလာ

**မောင်တော အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက် အကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပွားခဲ့ပြီးနောက် ယခုအခါ တစ်စတစ်စ ပြန်လည်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နှစ်ဖက်လူ့အသိုက်အဝန်းအတွင်း ရောင်းဝယ်ဖောက်ကားမှုများ၊ ပုံမှန်သွားလာနေထိုင်မှုများဖြင့် တစ်ရက်ထက်တစ်ရက် ပိုမိုသက်ဝင်စည်ကားလာလျက်ရှိသည်ကို တွေ့ရသည်။

ဖြစ်စဉ်တွင် ပါဝင်ခြင်းမရှိဘဲ ယခင်ကတည်းက တည်ငြိမ်အေးချမ်းမှုရှိသည့် အစ္စလာမ်ဘာသာဝင်များ အများစုနေထိုင်ရာ ရွှေဇားကျေးရွာအုပ်စုအတွင်းတွင် ဈေးဆိုင်များ၊ သွားလာလှုပ်ရှားမှုများ၊ ကလေးများ ပျော်ရွှင်စွာ ကစားခုန်စားပြုလုပ်မှုများဖြင့် ပုံမှန်သွားလာနေထိုင်လျက်ရှိကြသကဲ့သို့ မောင်တောမြို့ မဟာဗန္ဓုလလမ်းနှင့် နာရီစင်လမ်းထောင့်တွင် ကားပစ္စည်းအရောင်းဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်၍ စည်ကားနေသည်ကို တွေ့ရသည်။



မောင်တောမြို့ လေးမိုင်ဈေးနှင့် ကညင်တန်းဈေးတို့မှာ ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဆိုင်ခန်းပေါင်း လေးရာကျော်ရှိသည့် မောင်တောမြို့မဈေးကိုလည်း မကြာမီပုံမှန်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့တွင် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဈေးများပိတ်သိမ်းခဲ့ရသည့်အတွက် စားသောက်ကုန်အပါအဝင် အထွေထွေကုန်များမှာ မူလဖြစ်စဉ်မတိုင်မီကထက် ဈေးနှုန်းထက်ဝက်မြင့်တက်ခဲ့သည်။ ယခုဈေးနှင့် ဆိုင်ခန်းအများစု ပြန်လည်ဖွင့်လှစ်နိုင်၍ ကုန်ဈေးနှုန်းအချို့ ပြန်လည်တည်ငြိမ်လာကြောင်း သိရသည်။

**သတင်း-ဟန်လင်းနိုင်၊ဓာတ်ပုံ- နေသစ်ဦး**

# ရန်ကုန်တက္ကသိုလ်၌ ပြည်သူ့စကားဝိုင်းများ ကျင်းပမည်




**နေပြည်တော် အောက်တိုဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)များကို ကျင်းပလျက်ရှိရာ **လူငယ်နှင့် လူမှုမီဒီယာ**ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၄ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ **လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း**ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ပြည်သူ့စကားဝိုင်းများကို ရန်ကုန်တက္ကသိုလ် Recreation Centre ၌ ပြုလုပ်မည်ဖြစ်သည်။

**လူငယ်နှင့် လူမှုမီဒီယာ**ခေါင်းစဉ်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်၊ ဦးသောင်းစုငြိမ်း (CEO,Information Matrix Co.Ltd.)နှင့် လူငယ်ကိုယ်စားလှယ် ဦးရန်နိုင်ဦး (CEO The Dcor Institute and Social Enterprise)တို့မှ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။ **လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း** ခေါင်းစဉ်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၊ အင်းစိန်မြို့နယ် အမှတ်(၂)ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်း၊ ဦးဝင်းနိုင် (JPE Everest Ltd.ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီ)နှင့် ဦးသန်းစိုး(CEO & Chief Editor,7 HR Business Group and Two Four DMA Media Group)တို့မှ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရခိုင်ပြည်နယ်သတင်းများ

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၊ ပြည်နယ်ဦးစီးမှူးရုံးဖွင့်ပွဲနှင့် လုပ်ထုံးလုပ်နည်းများရှင်းလင်း

စစ်တွေ အောက်တိုဘာ ၃၀

**ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့် ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရရုံးဝင်းအတွင်း အဆိုပါရုံးရှေ့၌ ကျင်းပသည်။**

ရှေးဦးစွာ ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က အဆိုပါရုံးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ပြည်နယ်ဦးစီးမှူးရုံးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က အဖွင့်အမှာစကားပြောကြားကြသည်။ **(အောက်ပုံ)**

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်နယ်ဦးစီးမှူးရုံးဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံးတွင် ပထမဆုံး မှတ်ပုံတင်သည့် ကုမ္ပဏီငါးခုအား ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က စီးပွားရေးလုပ်ငန်းများ ထူထောင်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းကြပြီး တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။



"ရခိုင်ပြည်နယ်အတွင်းမှာ ရှိနေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ဟိုယခင်က ကုမ္ပဏီမှတ်ပုံတင်တဲ့လုပ်ငန်းတွေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ဆက်စပ်လုပ်ဆောင်ရတဲ့ လုပ်ငန်းတွေဆိုရင် ရန်ကုန်နဲ့ နေပြည်တော်ကို သွားရောက်လုပ်ဆောင်ရပါတယ်။ ဒီမှာ ရုံးလာဖွင့်ပေးခြင်းအားဖြင့် ဒီမှာရှိတဲ့ လုပ်ငန်းရှင်တွေဟာ ဘယ်ကိုမှ သွားစရာမလိုတော့ဘဲနဲ့ ကိုယ့်ပြည်နယ်အတွင်းမှာ အားလုံးကို လုပ်ဆောင်နိုင်ပါမယ်။ နောက်တစ်ခုက ပြည်နယ်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ အတည်တကျဖြစ်လာတဲ့အခါ နိုင်ငံခြားကဝင်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနဲ့ ချိတ်ဆက်ပြီးတော့ လုပ်ကိုင်တဲ့အခါ လိုအပ်တဲ့အကူအညီ ပေးနိုင်ဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်နယ်မှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ဒီမှာ လုပ်ငန်းတော်တော်များများကို တင်ပြအတည်ပြုလို့ရမှာ ဖြစ်တဲ့အတွက် အချိန်ကုန် ငွေကုန်သက်သာမယ်။ နောက်တစ်ခုက ရုံးဖွင့်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ဖြစ်စေ၊ မိမိလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ထူထောင်ဖို့ မသိတာတွေ၊ နားမလည်တာတွေ၊ မရှင်းလင်းတာတွေကို မေးမြန်းဆွေးနွေးတာတွေ လုပ်လို့ရပါမယ်။ ပြည်နယ်မှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း မိမိလုပ်ငန်းတွေကို ချဲ့ထွင်ဖို့၊ ထူထောင်ဖို့ သက်သောင့်သက်သာနဲ့ လုပ်ကိုင်နိုင်မယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

ကျော်သိန်းနှင့် မိသားစုကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးညီညီနိုင်က "ဒီမှာ ရုံးဖွင့်လှစ်ခြင်းအားဖြင့် လုပ်ငန်းတွေကို လွယ်လွယ်ကူကူနဲ့ လုပ်ဆောင်လို့ ရသွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကတော့ ရုံးဖွင့်လှစ်တာကို ကြိုဆိုပါတယ်။ အရင်တုန်းက မှတ်ပုံတင်ရမှာကို ကြောက်ခဲ့ကြတယ်။ မှတ်ပုံတင်ခြင်းအားဖြင့် အခက်အခဲတွေ ဖြစ်လာနိုင်တယ်။ အခုက ဥပဒေတွေလည်း ပြင်ဆင်လိုက်တဲ့အခါ ပိုလွယ်ကူလာတယ်။ နောက်ပြီး ဒီမှာ ရှင်းလင်းပွဲတွေနဲ့ ရှင်းလင်းလိုက်တဲ့အခါမှာ ပိုပြီးနားလည်လာပါတယ်။ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမယ့်အပိုင်းကျရင် ရခိုင်ပြည်နယ်မှာ ခရီးသွားလုပ်ငန်းကို အဓိက လုပ်ဆောင်သွားပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ရခိုင်ပြည်နယ်မှာ သဘာဝအလှတရားတွေ၊ ရှေးဟောင်းအမွေအနှစ်တွေရှိတယ်။ ပုဂံဆိုရင် လူတွေအရောက်များတယ်။ လူတွေက အသစ်အသစ်တွေကို နှစ်သက်ကြတဲ့အတွက် ရခိုင်ပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်းတွေကို မြှင့်တင်သွားချင်ပါတယ်။ ဒါ့အပြင် အစိုးရအပိုင်းကလည်း ရခိုင်ပြည်နယ်နဲ့ ပတ်သက်ပြီး ဖြေလျှော့မှုတွေ လုပ်ပေးနေပါတယ်။ ဒါ့ကြောင့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ လာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်ပေးကြပါလို့လည်း ဖိတ်ခေါ်ချင်ပါတယ်" ဟု ပြောသည်။ **တင်ထွန်း(ပြန်/ဆက်)**

# မောင်တောမြို့ ကညင်ချောင်းစီးပွားရေးဇုန်



**မောင်တော အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ကညင်ချောင်း ကုန်သွယ်ရေးဇုန်ကို စီးပွားရေးဇုန်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရန် ဧရိယာထပ်မံတိုးချဲ့ထားကြောင်း သိရသည်။ အဆိုပါ ကုန်သွယ်ရေးဇုန်သည် မူလက ဧရိယာ ၄၉ ဒသမ ၆ ဧကရှိပြီး ဧက ၁၀၀ ထပ်မံတိုးချဲ့ရန် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

မူလကညင်ချောင်းကုန်သွယ်ရေးဇုန်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့သည်။ အခြေခံစားကုန်အပါအဝင် အမြဲတမ်းဝယ်လိုအားများနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နီးကပ်စွာတည်ရှိသည်။ မြန်မာနိုင်ငံရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် ပို့ကုန်အသာစီးရရှိပြီး ပို့ကုန် ၉၀ ရာခိုင်နှုန်းနှင့် သွင်းကုန် ၁၀ ရာခိုင်နှုန်းရရှိသည့် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးကို ၁၉၉၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ အမေရိကန်ဒေါ်လာတစ်မျိုးတည်းသာ အသုံးပြု၍ ရောင်းဝယ်မှုပြုလုပ်ကြောင်း သိရသည်။ အခွန်အားဖြင့်လည်း ရန်ကုန်ရှိ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကဲ့သို့ LCTT ပုံစံဖြစ်၍ နိုင်ငံအတွက် အကျိုးကျေးဇူးများကြောင်း မောင်တောဒေသကုန်သည်များအသင်းမှ သိရသည်။

သို့သော် ၂၀၁၂ ခုနှစ် ဇွန်လနောက်ပိုင်း မောင်တောဆူပူမှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ကုန်သွယ်မှုပမာဏ ၆၀ ရာခိုင်နှုန်းအထိ ထိုးဆင်းသွားကြောင်း သိရသည်။

လက်ရှိကာလတွင် ကညင်ချောင်းစီးပွားရေးဇုန်ကို နိုင်ငံတော်က ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူးချုပ် ဦးဆောင်သောတာဝန်ရှိသူများ မြေပြင်ကွင်းဆင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကညင်ချောင်းစီးပွားရေးဇုန်အတွင်း အအေးခန်းစက်ရုံများ၊ အထည်ချုပ်စက်ရုံများအပါအဝင် စက်ရုံများကို တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ကညင်ချောင်းဆိပ်ကမ်းတွင် ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့အစီအစဉ်ဖြင့် ရောက်ရှိနေသော ဆောက်လုပ်ရေးပစ္စည်းများနှင့် ဆန်အိတ်များ သယ်ဆောင်လာသည့် သင်္ဘောကြီးတစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။ ကညင်ချောင်းစီးပွားရေးဇုန်မှ မောင်တောမြို့သို့ သွားသော ကားလမ်းတွင် ကွန်ကရစ်ခင်းရန် ကျန်နေသေးသည့် လမ်းပိုင်းတစ်မိုင်ခန့်သာရှိပြီး အဆိုပါလမ်းပိုင်းတွင်လည်း လမ်းလုပ်သားများက ပြင်ဆင်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။

အဆိုပါ ကျောက်ကြမ်းလမ်းပိုင်းကို ကွန်ကရစ်လမ်းခင်းပြီးပါက စီးပွားရေးဇုန်မှ မောင်တောမြို့သို့ မော်တော်ယာဉ်များဖြင့် လျင်မြန်လွယ်ကူစွာ ပစ္စည်းများသယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။ **သတင်း- အောင်ကျော်ဦး၊ ဓာတ်ပုံ- ဟန်လင်းနိုင်**

# ရွှေတောင်မြို့နယ် ရန်ကုန်-ပြည်ကားလမ်းမပေါ်တွင် ကုန်တင်ယာဉ်တစ်စီးမီးလောင်

**ရွှေတောင်  အောက်တိုဘာ  ၃၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် တည်ကုန်းရပ် ရန်ကုန်-ပြည် အဝေးပြေးကားလမ်းမပေါ်တွင် အောက်တိုဘာ ၃၀ ရက် နံနက် ၂ နာရီက (၁၂) ဘီး



ကုန်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် တည်ကုန်းရပ် ရန်ကုန်-ပြည်ကားလမ်းမပေါ်တွင် ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ယာဉ်မောင်း (စိစစ်ဆဲ)မောင်းနှင်လာသော YGN 5D/----(Super Great) အမျိုးအစား (၁၂) ဘီးယာဉ်သည် ကုန်များတင်ဆောင်မောင်းနှင်လာစဉ် ဘီးပေါက်၍ ဘရိတ်ဆွဲစဉ် နောက်ဘီးတာယာကျွတ်ထွက်ပြီး ပွတ်တိုက်မှုဖြစ်ရာမှ ဘရိတ်ချူးများ အပူလွန်ကဲကာ စတင်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်မီးလောင်ရာနေရာသို့ ရွှေတောင်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်ရေယာဉ်တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၂၅ မိနစ်တွင် မီးထိန်းနိုင်ပြီး ၂ နာရီ မိနစ် ၄၀ တွင် လုံးဝမီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ယာဉ်နှင့် ယာဉ်ပေါ်တွင် ပါရှိသည့် စိုက်ပျိုးရေးသုံးပစ္စည်း၊ ပိုးသတ်ဆေးအမျိုးမျိုး၊ စားအုန်းဆီနှင့် အိမ်ဆောက်ပစ္စည်းများ ပျက်စီးဆုံး ရှုံးခဲ့ကြောင်းသိရပြီး ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းအား ရွှေတောင် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ထန်းကုန်းနှင့် ကန့်ဘလူဘူတာကြား ကုန်ရထားတွဲချော်မှုဖြစ်ပွား

**ကန့်ဘလူ  အောက်တိုဘာ  ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် အောက်တိုဘာ ၂၉ ရက်က ထန်းကုန်းဘူတာနှင့် ကန့်ဘလူဘူတာကြား မိုင်တိုင် အမှတ်(၄၈၇/၂၄) အရှေ့ဘက်တွင် ကုန်ရထားအမှတ် (၉၃၇) ကုန်တွဲ အဆန်ရထားသည် ကုန်တွဲလေးတွဲ ချော်ကျမှုဖြစ်ပွားခဲ့ရာ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းမှာ ပိတ်ဆို့ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ ကုန်ရထားတွဲချော်မှုကြောင့် ကန့်ဘလူဘူတာတွင် မြစ်ကြီးနား-မန္တလေး အစုန်အမြန်ရထားအမှတ် (၅၈) သည် ရပ်တန့်ထားရပြီး ထန်းကုန်းဘူတာတွင် မန္တလေး-မြစ်ကြီးနား အဆန်အမြန်ရထားအမှတ် (၅၇) မှာလည်း ရပ်တန့်ထားရသည်။ အောက်တိုဘာ ၃၀ ရက် နံနက် ၁၁ နာရီခွဲတွင် ကန့်ဘလူမြို့နယ် တာဝန်ရှိသူများသည် မြန်မာ့မီးရထားမှ ချော်ကျတွဲများ ပြန်လည်မတင်နေမှု၊ သံလမ်းများ ပြုပြင်နေမှုတို့ကို ကြည့်ရှုပြီး ရထားနှစ်ဆင်းပေါ်မှ ခရီးသည်များအား ပြောင်းရွှေ့နေမှုကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။ အမှတ် (၅၇) ရထားသည် အစုန်အမြန်ရထားအမှတ် (၅၈)ဖြင့် မန္တလေးဘက်သို့လည်းကောင်း၊ ရထားအမှတ် (၅၈) သည် မြစ်ကြီးနားဘက်သို့ အဆန်အမြန်ရထား အမှတ် (၅၇) ဖြင့် လည်းကောင်း မွန်းလွဲ ၁၂ နာရီခွဲတွင် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ကုန်ရထားတွဲလမ်းချော်မှုကြောင့် လမ်းပိတ်ဆို့သွားသော မန္တလေး-မြစ်ကြီးနား မီးရထားလမ်းအား ပြန်လည်ပြုပြင်ပြီး၍ အောက်တိုဘာ ၃၀ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မီးရထားများပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း ကန့်ဘလူမီးရထားဘူတာ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော်  အောက်တိုဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၂၃ စီး၊ သွင်းကုန် ၇၃၁စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၄၀ ၊ သွင်း ကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၈၀၅ သန်းခန့် ဖမ်းဆီးရမိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၉ ရက်တွင် မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၇) မိုင် (၅) ဖာလုံ၊ စံလောင်ကျေးရွာအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော Nissan Liberty ယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တမလန်းစားရွှေ၁၅ တုံး (၀ ဒသမ ၁၅၈၆) တန်၊ ယင်းတိုက်ခါးရွှေ ၁၀ တုံး (၀ ဒသမ ၄၃၉၈) တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၂၉၅ သန့်ခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မီးလောင်စဉ်အတွင်း မေ့မြောနေသော မိန်းကလေးငယ်အား အသက်စွန့်ကယ်တင်သည့်အတွက် ဂုဏ်ပြု

**ရန်ကုန်  အောက်တိုဘာ  ၃၀**

ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ဒေသကောလိပ်နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)ကျောင်းသား ကျောင်းသူဟောင်းများ၏ "ရွှေအိုရောင် ပရဟိတလူမှုရေးအသင်း" နှင့် "မြဝတီဘဏ်နွေးထွေးမေတ္တာ ပရဟိတအသင်း" တို့က တောင်ဥက္ကလာပမြို့နယ် မြို့မရဲစခန်းမှ ရဲဒုတပ်ကြပ်နေမျိုးဟိန်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီက တောင်ဥက္ကလာပမြို့နယ် မြို့မရဲစခန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ကျော်အောင်က အမှာစကားပြောကြားပြီး "ရွှေအိုရောင် ပရဟိတလူမှုရေးအသင်း" နှင့် "မြဝတီဘဏ် နွေးထွေးမေတ္တာ ပရဟိတအသင်း" တို့၏ တာဝန်ရှိသူများက ရဲဒုတပ်ကြပ် နေမျိုးဟိန်းအား ဂုဏ်ပြုရခြင်းအကြောင်းများကို ရှင်းလင်းတင်ပြပြီး ဂုဏ်ပြုလက်ဆောင်များနှင့် ဂုဏ်ပြုလွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုခံရသော ရဲဒုတပ်ကြပ်နေမျိုးဟိန်းသည် အောက်တိုဘာ ၁၂ ရက်က (၁၄)ရပ်ကွက် မြင်သာ(၈)လမ်း မီးလောင်ရာတွင် နေအိမ်အပေါ်ထပ်၌ မီးခိုးမွန်သတိမေ့မြောနေသော မိန်းကလေးတစ်ဦးအား မီးများကြားမှ အိမ်အပေါ်ထပ်သို့ သက်စွန့်ဆံဖျား တက်ရောက်ကယ်ဆယ်နိုင်ခဲ့သောကြောင့် ယခုကဲ့သို့ ဂုဏ်ပြုခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**

# ပခုက္ကူ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသူအမျိုးသားတစ်ဦးအား ဖမ်းဆီးရမိ

**ပခုက္ကူ  အောက်တိုဘာ  ၃၀**

ပခုက္ကူမြို့တွင် အောက်တိုဘာ ၂၉ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသော အမျိုးသားတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း ပခုက္ကူမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ပခုက္ကူ အမှတ်(၁၅)မူးယစ်တပ်ဖွဲ့စုမှ ဒုရဲအုပ် သန်းဇော်လတ်နှင့်အဖွဲ့၊ ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးလွင် ဦးစီးသော တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အောက်တိုဘာ ၂၉ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက် မြို့ရှောင်လမ်း ထွန်းသစ္စာစက်သုံးဆီအရောင်းဆိုင်ရှေ့တွင် ရဲမင်းသီဟထွေး(၂၅နှစ်) ပခုက္ကူမြို့နေသူအား ၅၃ယ/---- MAX ဆိုင်ကယ်နှင့်အတူ တွေ့ရှိခဲ့သဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ (၁၈ ဒသမ ၇ ဂရမ်) ကာလတန်ဖိုးငွေကျပ် ၉၅၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိခဲ့သော စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ပတ်သက်၍ စစ်ဆေးခဲ့ရာ ၎င်းဆေးပြားများကို ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ တာဝါစားသောက်ဆိုင်နေ ဖိုးစီ(၂၂နှစ်) ထံမှ ဝယ်ယူခဲ့ကြောင်း သိရသဖြင့် ဖိုးစီ၏ဆိုင်ကို ဝင်ရောက်ရှာဖွေရာ ဖိုးစီအားမတွေ့ရဘဲ ဆိုင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား အပိုင်းတစ်ခုကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ရဲမင်းသီဟထွေးနှင့် ထွက်ပြေးတိမ်းရှောင်နေသူ ဖိုးစီတို့အား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဗာဒံပင်နှင့် အုတ်ခုံကိုဝင်တိုက်၍ ဆိုင်ကယ်မောင်းသူသေဆုံး

**မော်လမြိုင်  အောက်တိုဘာ  ၃၀**

ပေါင်မြို့နယ် မုတ္တမမြို့သူဌေးကုန်းရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်းမိုင်တိုင်အမှတ် (၁၈၇/၅ မှ ၆ ) ကြား တံတားအမှတ်(၄/၁၈၈)တွင် အောက်တိုဘာ ၃၀ ရက် နံနက် ၂ နာရီခန့်က နတ်စင်ကုန်းရပ် သဲဖြူကုန်းကျေးရွာနေ ချစ်ကိုကို (ခ)အီစမိုင် (၃၀နှစ်) သည် မော်လမြိုင်မြို့ဘက်မှ ပေါင်မြို့ဘက်သို့ ဆိုင်ကယ်မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဗာဒံပင်နှင့် အုတ်ခုံကို ဝင်တိုက်၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ ချစ်ကိုကို(ခ)အီစမိုင်ကို ယာဉ်မဆင်မခြင်မောင်းနှင်မှုဖြင့် မုတ္တမနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# ဥက္ကံချောင်းအတွင်းမှ တရားမဝင်သစ် ၁၅ တန် သိမ်းဆည်းရမိ

**တိုက်ကြီး  အောက်တိုဘာ  ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဝက်ဖြူကုန်းကျေးရွာအနီး ဥက္ကံချောင်းအတွင်း အောက်တိုဘာ ၂၇ ရက်က တရားမဝင် ကညင်သစ် ၁၅ တန် ဖမ်းဆီးရမိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

တရားမဝင်သစ်များ ခုတ်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းများ တားဆီးကာကွယ်ရန်အတွက် လူထုအခြေပြု စောင့်ကြည့်သတင်းပို့စနစ် ဆောင်ရွက်နေမှုကြောင့် ကျေးရွာ ပြည်သူများက သစ်တောဦးစီးဌာနသို့ သတင်းပို့မှုကြောင့် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

" သစ်ခိုးထုတ်သူတွေက ဥက္ကံချောင်းထဲမှာ ဖောင်နဲ့တွဲထားတဲ့ သစ်ဖောင်ငါးဖောင်နဲ့ သယ်နေတာတွေ့တယ်။ မှောင်သွားတော့ ညအိပ်ပြီး နောက်နေ့မှာ ငါးဖောင်ထပ်တွေ့တယ်။ ဖမ်းမိတဲ့သစ်တွေကို တိုက်ကြီးမြို့ သစ်တောဦးစီးဌာနရုံးကို သယ်ယူပြီး ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖမ်းဆီးရမိသော သစ်များမှာ စုစုပေါင်းအချောင်း ၅၀ (၁၅ တန်) ရှိပြီး သစ်တောဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ပြီး ပိုင်ရှင်ပေါ်ပေါက်ရေး ဆက်လက်စုံစမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

## ပြင်ဆင်ဖတ်ရှုပါရန်


အောက်တိုဘာ ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ တွင် ဖော်ပြပါရှိသော တောင်ကြီးမြို့၌ မီးလောင်မှုဖြစ်ပွား သတင်း ကော်လံ(၁)တွင် မီးစတင်လောင်ကျွမ်းသည့် ဦးလှမောင်အိမ်အစား အောင်ငဲ(ခ)ဦးစိုးနိုင်လေး အိမ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စိုင်းသန်းကျော်(တောင်ကြီး)**

အောက်တိုဘာ ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ တွင် ပါရှိသော ပျဉ်းမနားမြို့၌ မီးပလပ်ခုံအပူလွန်ကဲ၍ နေအိမ်တစ်လုံး မီးလောင် သတင်းတွင် **ပေါင်းလောင်း(၂)နယ်မြေ** အစား **ပေါင်းလောင်း(၁)နယ်မြေ** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မြန်မာ့အလင်း)**

# သမ္မတထရန့်၏ရွေးကောက်ပွဲလှုပ်ရှားမှု မန်နေဂျာဟောင်းကို အမှုပေါင်း ၁၂ မှုဖြင့် တရားစွဲ



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ယခင်ရွေးကောက်ပွဲလှုပ်ရှားမှု မန်နေဂျာ ပေါမနာဖော့တ်(ဝဲပုံ)နှင့် ၎င်း၏ကာလရှည်ကြာ စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဖြစ်သူ ရစ်ခ်ဂိတ်(ယာပုံ) တို့ကို တွေ့ရစဉ်

**ဝါရှင်တန် အောက်တိုဘာ ၃၀**

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရုရှားဝင်ရောက်နှောင့်ယှက်မှုကို အထူးကောင်စီက စုံစမ်းစစ်ဆေးရာမှ အစပြုသည့် ပထမဆုံးတရားစွဲဆိုမှုများကို ပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ယခင်ရွေးကောက်ပွဲလှုပ်ရှားမှု မန်နေဂျာ ပေါမနာဖော့တ်နှင့် ၎င်း၏ကာလရှည်ကြာ စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဖြစ်သူ ရစ်ခ်ဂိတ်တို့ကို ငွေမည်းခဝါချမှုအပါအဝင် စွဲချက်ပေါင်း ၁၂ခုဖြင့် တရားစွဲဆိုခဲ့ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦး အက်ဖ်ဘီအိုင်သို့ အောက်တိုဘာ ၃၀ ရက်ကဝင်ခံခဲ့သည်။

မနာဖော့တ်သည် ၎င်းမနုတ်ထွက်မီ ဩဂုတ်လအထိ ထရန့်ရွေးကောက်ပွဲလှုပ်ရှားမှုကို ဦးဆောင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ယူကရိန်းရှိ ရုရှားထောက်ခံ နိုင်ငံရေးပါတီမှ တရားမဝင်တံစိုးလက်ဆောင်ပေးငွေ သန်းပေါင်းများစွာ ရယူခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

ရွေးကောက်ပွဲလှုပ်ရှားမှုကာလအတွင်း မနာဖော့တ်နှင့် ထရန့်၏အကြီးဆုံးသားက ရွေးကောက်ပွဲလှုပ်ရှားမှုများတွင် ကူညီခဲ့သည့် ရုရှားရှေ့နေနှင့် တွေ့ဆုံခဲ့သည်။ မနာဖော့တ် အိမ်ကိုလည်း ဇူလိုင်လက ဝင်ရောက်ရှာဖွေခဲ့ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတကတော့ ရုရှားနှင့် ပတ်သက်သော စွပ်စွဲချက်များကို ငြင်းဆိုထားကြောင်း သိရသည်။ ထရန့်ရွေးကောက်ပွဲလှုပ်ရှားမှုကို ဦးဆောင်ခဲ့သူ မနာဖော့တ်သည် ငွေမည်းခဝါချမှုဆိုင်ရာပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားပါက ထောင်ဒဏ်အနှစ် ၂၀ အထိချမှတ်နိုင်သည်။

(အင်န်အိတ်ချ်ကေ)

## အိုင်အေအီးအေအကြီးအကဲ အီရန်ခေါင်းဆောင်များနှင့်တွေ့ဆုံ

**တီဟီရန် အောက်တိုဘာ ၃၀**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အီရန်ကို နျူကလီးယားအရေး ခြိမ်းခြောက်နေသည့်ကြားက နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အကြီးအကဲ ယူကီရာအမာနိုသည် အီရန်ခေါင်းဆောင်များနှင့်တွေ့ဆုံရန် အီရန်သို့ ယမန်နေ့က သွားရောက်ခဲ့ကြောင်း မကြာသေးမီက သတင်းများတွင် ဖော်ပြခဲ့သည်။

အီရန်ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် အမာနိုသည် ၂၀၁၅ အီရန်နျူကလီးယားသဘောတူညီချက်နှင့်ပတ်သက်ပြီး နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ အတည်ပြုစိစစ်နိုင်ရေးနှင့် အီရန်နိုင်ငံ၏ အကောင်အထည်ဖော်နိုင်မှုတို့ကို စောင့်ကြည့်ထိန်းချုပ်ရေး ကိစ္စများရပ်များအပေါ် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

၂၀၁၅ အီရန်နျူကလီးယားသဘောတူညီချက်တွင် အီရန်နိုင်ငံအနေဖြင့် အငြင်းပွားနျူကလီးယားအစီအစဉ်ကို နောက်ဆုတ်ရန်နှင့် ထိုသို့နောက်ဆုတ်ခဲ့မည်ဆိုပါက ကမ္ဘာ့အင်အားကြီးနိုင်ငံများက အီရန်နိုင်ငံအပေါ်ချမှတ်ထားသော ပိတ်ဆို့အရေးယူမှုများအားလုံးကို ဖယ်ရှားရေးတို့ ပါဝင်သည်။ အီရန်နျူကလီးယားလှုပ်ရှားဆောင်ရွက်မှုအားလုံးကို ဒုတိယသမ္မတဖြစ်သူ အလီအခါဘာဆယ်လီဟီးက ကြီးကြပ်ကွပ်ကဲလျက်ရှိကြောင်း သိရသည်။ (ရိုက်တာ)

## ပြန်ပေးဆွဲခံရသော ပါမောက္ခအသက်ဘေးနှင့်ရင်ဆိုင်နေရ

**ကဘူးလ် အောက်တိုဘာ ၃၀**

လွန်ခဲ့သောနှစ် ကဘူးလ်မြို့၌ သေနတ်ဖြင့်ထောက်၍ ပြန်ပေးဆွဲခံခဲ့ရသူ အမေရိကန်တက္ကသိုလ်မှ ပါမောက္ခနှစ်ဦးအနက်တစ်ဦးဖြစ်သူ ကယ်ဗင်ကင်းသည် အသည်းအသန်နေထိုင်မကောင်းဖြစ်နေကြောင်းနှင့် အရေးပေါ် ဆေးဝါးကုသမှုလိုအပ်ကြောင်း အာဖဂန် တာလီဘန်တို့က အောက်တိုဘာ ၃၀ ရက်က ပြောခဲ့သည်။ တာလီဘန်ပြောရေး ဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က ကင်းသည် နှလုံးရောဂါ၊ ကျောက်ကပ်ပြဿနာများဖြင့် ရင်ဆိုင်နေရပြီး အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း ပြောခဲ့သည်။

၎င်း၏အခြေအနေသည် အတော်ဆိုးလာကြောင်း၊ ၎င်း၏ခြေထောက်များလည်း ရောင်လာကြောင်း၊ တစ်ခါတစ်ရံတွင် သတိလစ်မေ့မြောသွားကြောင်း၊ ၎င်း၏ကျန်းမာရေးအခြေအနေမှာ တစ်နေ့တခြားဆိုးရွားလာကြောင်း မူဂျာဟစ်က ကြေညာချက်တွင် ဖော်ပြခဲ့သည်။ ၎င်းကိုကုသရန်ကြိုးစားခဲ့သော်လည်း စစ်ပွဲနှင့်ကြုံတွေ့နေရသောအခြေအနေကြောင့် ဆေးဘက်ဆိုင်ရာ ပြည့်စုံမှုမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တာလီဘန်လက်အောက်ခံစစ်သွေးကြွအုပ်စုဖြစ်သော ဟက်ဂါနီအုပ်စုက ၎င်းတို့ကို ဖမ်းဆီးထားခြင်းဖြစ်နိုင်ကြောင်း၊ ၎င်းတို့ကို ဖမ်းသွားပြီးနောက် ကယ်ဆယ်မှုများလုပ်ဆောင်ခဲ့သေးသော်လည်း မအောင်မြင်ခဲ့ကြောင်း အာဖဂန်နှင့် အနောက်တိုင်းအရာရှိများက ပြောကြားခဲ့သည်။ နာမည်ကြီးထင်ရှားကျော်ကြားသူများကို ပြန်ပေးဆွဲခြင်းသည် အကျိုးအမြတ်များသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် တာလီဘန်နှင့် အခြားအကြမ်းဖက်အုပ်စုများက ယုံကြည်ထားကြသည်။ (ရိုက်တာ)

## ရုံးများတိုက်ခိုက်ခံရကြောင်း ကာ့ဒ်ပါတီပြောကြား

**ဘဂ္ဂဒက် အောက်တိုဘာ ၃၀**

ဘာဇာနီနုတ်ထွက်ကြောင်းကြေညာခဲ့ပြီးနောက် မြို့အတော်များများတွင်ရှိသော ၎င်းတို့၏ ရုံးများ ညလုံးပေါက် တိုက်ခိုက်ခံခဲ့ရကြောင်း ရာထူးစွန့်သွားသော ကာ့ဒ်ဒေသခေါင်းဆောင် မာဆွတ်ဘာဇာနီကို ဆန့်ကျင်သော အီရတ်ကာ့ဒ်နိုင်ငံရေးပါတီက သတင်းထုတ်ပြန်ခဲ့သည်။

ပြောင်းလဲမှုလှုပ်ရှားရေး၊ ဂေါရန်နှင့် ကာ့ဒ်ပြည်ထောင်စုမျိုးချစ် (ပီကေယူ)တို့က သီးခြားထုတ်ပြန်သော ကြေညာချက်များတွင် ကာ့ဒ်မြို့တော် အာဘီလ်မြောက်ပိုင်းရှိ ဒူဟော့ဒေသတွင်းရှိသော ရုံးပေါင်းအတော်များများ တိုက်ခိုက်ခံခဲ့သလို မီးရှို့ဖျက်ဆီးခြင်းလည်း ခံခဲ့ရကြောင်း ဖော်ပြခဲ့သည်။

သို့သော်လည်း သေဆုံးသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း သိရသည်။ အီရတ်မြောက်ပိုင်းရှိ ပူးတွဲအုပ်ချုပ်ခွင့်ရ ကာ့ဒ်ဒေသအစိုးရ (ကေအာရ်ဂျီ)က တိုက်ခိုက်မှုများကိုရပ်တန့်ရန် ဒေသဆိုင်ရာရဲတပ်ဖွဲ့ကို အမိန့်ပေးခဲ့ရကြောင်း ပြောခဲ့သည်။

၎င်းအနေဖြင့် ကာ့ဒ်ဒေသခေါင်းဆောင်ရာထူးကို လာမည့် နိုဝင်ဘာ ၁ ရက်တွင် စွန့်လွှတ်မည်ဖြစ်ကြောင်း ဘာဇာနီက ယမန်နေ့က ပြောခဲ့သည်။ ၎င်းရာထူးမှစွန့်လွှတ်မည့်ကိစ္စကို အတည်ပြုနိုင်ရေးအတွက် လက်နက်ကိုင်ဆန္ဒပြသူများသည် ပါလီမန်ကို ဝင်ရောက်သောင်းကျန်းခဲ့ကြောင်း သိရသည်။ ဂိုရန်နှင့် ပီယူကေနှစ်ခုစလုံးက ကာ့ဒ်ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့သော်လည်း ဂိုရန်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ငြင်းဆိုခဲ့ကြောင်း သိရသည်။ (ရိုက်တာ)



ကာ့ဒ်ဒေသခေါင်းဆောင် မာဆွတ်ဘာဇာနီ

## နှစ်နိုင်ငံတင်းမာမှုကို ဖြေလျှော့သည့်အနေဖြင့် ပါကစ္စတန်က အိန္ဒိယငါးဖမ်းသမားများကို ပြန်လွှတ်ပေး

**အစ္စလမ္မာဘတ် အောက်တိုဘာ ၃၀**

အိန္ဒိယနှင့် ပါကစ္စတန်နယ်စပ်ချင်း အပြန်အလှန်ပစ်ခတ်မှုကြောင့် ဖြစ်ပေါ်လာသောတင်းမာမှုကို လျှော့ချသည့်အနေဖြင့် ပါကစ္စတန်က အိန္ဒိယငါးဖမ်းလုပ်သား ၆၈ ဦးအား ပြန်လွှတ်ပေးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အိန္ဒိယငါးဖမ်းသမားများသည် ပါကစ္စတန်ရေပိုင်နက်အတွင်းသို့ ကျူးကျော်ကာ တရားမဝင်ငါးဖမ်းခဲ့ခြင်းကြောင့် ဖမ်းဆီးခံခဲ့ရသူများဖြစ်သည်။ ၎င်းတို့သည် ပါကစ္စတန်နိုင်ငံ ဆိပ်ကမ်းမြို့ဖြစ်သော ကရာချိမြို့အကျဉ်းထောင်တစ်ခုမှ လွတ်မြောက်လာသူများ ဖြစ်သည်။

လွတ်မြောက်လာသော ငါးဖမ်းသမားများအား အောက်တိုဘာ ၃၀ရက်တွင် ဝါဂါနယ်စပ်၌ အိန္ဒိယအာဏာပိုင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ **(ယာပုံ)** ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားချက်အား တာဝန်ရှိသူများက လက်ခံရရှိပြီးနောက် အဆိုပါငါးဖမ်းသမားများကို လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း



ဆင်းဂ်ပြည်နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။ ပါကစ္စတန်နှင့် အိန္ဒိယတို့ နှစ်နိုင်ငံရေပိုင်နက်နယ်နိမိတ်တစ်လျှောက် တရားမဝင်ငါးဖမ်းမှုကြောင့် ငါးဖမ်းသမားများ မကြာခဏ ဖမ်းဆီးခြင်းခံခဲ့ရသော်လည်း ယခုအချိန်ထိ ပင်လယ်ရေကြောင်းနယ်နိမိတ် သတ်မှတ်မျဉ်းအတွက် သဘောတူညီမှုမရရှိသေးကြောင်း သိရသည်။ (ဆင်ဟွာ)

## နိုင်ငံတကာ သတင်းတိုထွာ

### တိုကျိုအိုလံပစ်၌ တာဝန်ထမ်းဆောင်ရန် ရဲအရာရှိများ အင်္ဂလိပ်စာသင်ကြားနေ

**တိုကျို အောက်တိုဘာ ၃၀**

တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်မည့် တိုကျိုရဲအရာရှိများ အင်္ဂလိပ်စာ သင်ကြားနေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ မှ ၅၀ ကြား အင်္ဂလိပ်စာအသင့်အတင့်ရှိသော ရဲအရာရှိများကို လာမည့် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ၌ နိုင်ငံတကာနှင့် ဆက်သွယ်လုပ်ကိုင်နိုင်ရန် ထိုသို့ အင်္ဂလိပ်စာသင်ကြားပေးခြင်းဖြစ်သည်။

အဆိုပါရဲအရာရှိများသည် အင်္ဂလိပ်စာကို အမျိုးမျိုးသောနည်းလမ်းများဖြင့် သင်ယူခဲ့ကြသည်။ တွေ့ရများသည့် အင်္ဂလိပ်စကားပြောအသုံးအနှုန်းများကိုလည်း နိုင်ငံခြားသားများထံမှ သင်ယူနေကြောင်း သိရသည်။

တိုကျိုရဲအရာရှိများသည် တိုကျိုအားကစားပွဲတွင် ဦးဆောင်ဦးရွက်ပြုနိုင်မည့် အင်္ဂလိပ်စကားပြောအရာရှိအဖွဲ့များကို တိုးချဲ့ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

### ကိုလံဘီယာ၌ မိုးကြိုးထိမှန်၍ သားအဖနှစ်ဦးသေဆုံး

**ဘိုဂိုတာ အောက်တိုဘာ ၃၀**

ကိုလံဘီယာနိုင်ငံ အနောက်တောင်ဘက် ပိုပါရန်ရွာတွင် မုန်တိုင်းဒဏ်မှ ရှောင်ရှားရန် သစ်ပင်တစ်ပင်အောက်၌ နားခိုရာ ရှာဖွေနေသည့် သားအဖနှစ်ဦး မိုးကြိုးထိမှန်ကာ သေဆုံးခဲ့ကြောင်း ကိုလံဘီယာမီဒီယာက မကြာသေးမီတွင် ဖော်ပြခဲ့သည်။

သေဆုံးသူသားအဖနှစ်ဦးမှာ အိုမာဇာဂျာဒိုရီဗာရာနှင့် ဒီယာဂိုတို့ဖြစ်ကြောင်း သိရသည်။ သားအဖနှစ်ဦး ကြံစိုက်နေစဉ် ရုတ်တရက်မုန်တိုင်းကျရောက်သောကြောင့် ပုန်းခိုနေရာရှာနေစဉ် မိုးကြိုးထိမှန်သေဆုံးခဲ့ခြင်းဖြစ်သည်။

၎င်းတို့နှင့် အတူလိုက်ပါလာသည့် အသက်လေးနှစ်အရွယ်ကလေးငယ်မှာမူ အသက်ရှင်ကျန်ရစ်ခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ထားခဲ့ကြောင်း သိရသည်။ အပူပိုင်းမုန်တိုင်းများသည် အလွန်ကြောက်စရာကောင်းပြီး ယခုကဲ့သို့ မိုးကြိုးများ ဆက်တိုက်ပစ်သည်ကို မမြင်တွေ့ခဲ့ရဖူးကြောင်း သေဆုံးသူ၏ဆွေမျိုးတစ်ဦးဖြစ်သူ နယ်လီရီဗာရာက ပြောခဲ့သည်။ **(ဆင်ဟွာ)**

### ဒုံးကျည်တည်ဆောက်မှုကို အီရန်က ဆက်လက်ဆောင်ရွက်မည်

**ဒူဘိုင်း အောက်တိုဘာ ၃၀**

အီရန်နိုင်ငံသည် ၎င်း၏ကာကွယ်ရေးစနစ်အတွက် ဒုံးကျည်များကို ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စမှာ နိုင်ငံတကာဥပဒေကို ဖောက်ဖျက်သည်ဟု မယူဆကြောင်း အီရန်သမ္မတ ဟာဆန် ရိုဟာနီက အောက်တိုဘာ ၂၉ ရက်တွင်ထုတ်လွှင့်သော နိုင်ငံပိုင်ရုပ်မြင်သံကြားမိန့်ခွန်း၌ ပြောခဲ့သည်။

ဒုံးကျည်များကို တည်ဆောက်ခဲ့ကြောင်း၊ ဆက်လက်ပြီးလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယခုလိုလုပ်ရပ်မျိုးက နိုင်ငံတကာဥပဒေကို ချိုးဖောက်သည်ဟု ပြော၍မရကြောင်း ရိုဟာနီက ပါလီမန်မိန့်ခွန်း၌ ထပ်မံပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ပိတ်ဆို့မှုကို အန်တုပြိုင်မည့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်

**အဓိကအတိုက်အခံခေါင်းဆောင်ကို ဖမ်းဆီးထားတဲ့အတွက် အမေရိကန်လွှတ်တော်အမတ်အချို့က ခရီးသွားလာခွင့်ပိတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသော်လည်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က သူ့အနေနဲ့ အနောက်တိုင်းရဲ့ပိတ်ဆို့မှုကို စိုးရွံ့လိမ့်မည်မဟုတ်ကြောင်း ၎င်းရဲ့အစိုးရအဖွဲ့ကို မကြာသေးမီက ပြောခဲ့ပါတယ်။**

ဟွန်ဆန်ကို ဝေဖန်သူတွေကတော့ ဟွန်ဆန်ဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့ ဒီမိုကရေစီစနစ်ကို ဖျက်ဆီးသူပဲလို့ အားရပါးရ စွပ်စွဲကြပါတယ်။ ဟွန်ဆန်ဟာ နောင်နှစ်ရွေးကောက်ပွဲမှာ သူအနိုင်ရဖို့အတွက် ဒီလိုလုပ်တာပါလို့ ဆိုကြပါတယ်။ လာမယ့်နှစ်ရွေးကောက်ပွဲမှာသာ သူအနိုင်ရမယ်ဆိုပါက ဟွန်ဆန်ဟာ သူ့ရဲ့ဝန်ကြီးချုပ်အာဏာကို (၃၂) နှစ်တိုင်တိုင် ဆက်လက်ကိုင်စွဲခွင့်ရရှိမှာ ဖြစ်ပါတယ်။

အကယ်၍သာ အဓိကအတိုက်အခံခေါင်းဆောင် ကမ်ဆောကကို လာမယ့် နိုဝင်ဘာ ၉ ရက် နောက်ဆုံးထားပြီး မလွှတ်ပေးပါက ကမ္ဘောဒီးယားထိပ်တန်းခေါင်းဆောင်များကို ခရီးသွားလာခွင့် ပိတ်ပင်သွားဖို့အရေးလုပ်ဆောင်သွားမယ်လို့ အမေရိကန်ဆီးနိတ်တာတက်ခရုဇ်က ပြောပါတယ်။ အခုလိုနှိမ်နင်းမှုမျိုး ဆက်လက်ပြုလုပ်နေမယ်ဆိုပါက အမေရိကန်ဆီးနိတ်တာများဖြစ်ကြတဲ့ မက်ကိန်းနဲ့ ဒစ်ဒါဗင်တို့က ခရီးသွားလာခွင့် ပိတ်ပင်မှုပြုလုပ်ရေး တိုက်တွန်းသွားမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

အနောက်တိုင်း အလှူရှင်တွေရဲ့ ပိတ်ဆို့အရေးယူမှုတွေဟာ သူ့ကို စိုးရိမ်စိတ်မဖြစ်စေပါဘူးလို့ ဟွန်ဆန်က အပတ်စဉ်ပြုလုပ်တဲ့ ဝန်ကြီးအဖွဲ့ အစည်းအဝေးမှာ ပြောခဲ့ပါတယ်။

"ဆမ်ဒက်အနေနဲ့ နိုင်ငံခြားမှာ ချမ်းသာကြွယ်ဝမှုလည်း ဘာမှမရှိပါဘူး။ သူ့အနေနဲ့လည်း အမေရိကန်မြေပေါ်ခြေချဖို့ ဘာအကြောင်းမှလည်း မရှိပါဘူး" ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ ဖေဆီဖန်က ပြောခဲ့ပါတယ်။ စက်တင်ဘာ ၃ ရက်မှာ အဓိကအတိုက်အခံခေါင်းဆောင် ကမ်ဆောက ကို ဖမ်းဆီးခဲ့ကြောင်း သိရပါတယ်။ လက်ရှိမှာတော့ သူ့ကို နိုင်ငံတော်သစ္စာဖောက်မှုနဲ့ စွဲချက်တင်ထားတယ်လို့ သိရပါတယ်။

အဓိက အတိုက်အခံခေါင်းဆောင် ကမ်ဆောကဟာ အနောက်တိုင်းသားအချို့ရဲ့ အကူအညီနဲ့ နိုင်ငံတော်အာဏာကို ရယူရန် ကြိုးစားခဲ့တယ်လို့ စွပ်စွဲထားသော်လည်း အဓိကအတိုက်အခံခေါင်းဆောင် ကမ်ဆောက က အဆိုပါစွပ်စွဲချက်များကို ငြင်းဆိုထားပါတယ်။

အဓိက အတိုက်အခံခေါင်းဆောင် ကမ်ဆောကရဲ့ ကမ္ဘောဒီးယားအမျိုးသား ကယ်ဆယ်ရေးပါတီကိုဖျက်သိမ်းရန် ကမ္ဘောဒီးယားအစိုးရက တရားရုံးကို တောင်းဆိုထားကြောင်း သိရပါတယ်။ တစ်ချိန်တည်းမှာပဲ ဟွန်ဆန်ဟာ ပါလီမန်အဖွဲ့ဝင်များနဲ့ အခြားရွေးချယ်ခံအရာရှိများကို သူ့ပါတီဖြစ်တဲ့ ကမ္ဘောဒီးယားပြည်သူ့ပါတီကို ဘက်ပြောင်းရန် တိုက်တွန်းခဲ့ပါတယ်။

ထိုသို့ စည်းရုံးမှုကြောင့် သမ္မာရင့်ပါလီမန်အဖွဲ့ဝင်တစ်ဦးနဲ့ ကောင်စီဝင်အချို့လည်း ဘက်ပြောင်းခဲ့ပါတယ်လို့ အစိုးရထောက်ခံမီဒီယာက ဖော်ပြခဲ့ပါတယ်။

အဓိက အတိုက်အခံခေါင်းဆောင် ကမ်ဆောကရဲ့ သမီးဖြစ်သူ မိုနိုဗီသရက်မ်က သူ့အဖေကိုသာမလွှတ်ပေးဘူးဆိုရင် သို့မဟုတ် ကမ္ဘောဒီးယားအမျိုးသား ကယ်ဆယ်ရေးပါတီကို ဖျက်သိမ်းရန်ဖိအားပေးမှုများ ရပ်တန့်မသွားဘူးဆိုပါက လာမယ့်ရွေးကောက်ပွဲဟာ တရားဝင်ဖြစ်မှာမဟုတ်သလို တရားမျှတမှုလည်း ကင်းမဲ့လိမ့်မှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ဟွန်ဆန်အစိုးရဟာ ရွေးကောက်ပွဲတရားဝင်မဟုတ်ဘူးဆိုရင် သို့မဟုတ် တရားမျှတမှု မရှိဘူးဆိုရင် ရပ်တည်လို့ရမှာမဟုတ်ပါဘူးလို့ သူမက ရိုက်တာသတင်းဌာနသို့ ပြောခဲ့ပါတယ်။ အစိုးရကသာ နောက်ပြန်မလှည့်ဘဲ ဆန့်ကျင်ဘက်တွေ လုပ်နေမယ်ဆိုရင် ကမ္ဘောဒီးယားနိုင်ငံဟာ အပယ်ခံနိုင်ငံတစ်ခုဖြစ်လာမှာဖြစ်တယ်လို့ ပြောကြပါတယ်။ အနောက်နိုင်ငံတွေကတော့ အဓိကအတိုက်အခံခေါင်းဆောင် ကမ်ဆောကကို လွှတ်ပေးဖို့ တိုက်တွန်းနေဆဲဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ ထုတ်ပြန်ချက်တစ်ခုမှာတော့ ညှိနှိုင်းသည်တော်နိုင်ငံခြားရေးဒုဝန်ကြီး အိုင်ဝါအို ဟိုရီအီက ဘာပြောခဲ့လဲဆိုရင် လာမယ့်နှစ်မှာ ကမ္ဘောဒီးယားနိုင်ငံဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများကျင်းပနိုင်ရေး တိုက်တွန်းခဲ့ကြောင်း ပြောခဲ့ပါတယ်။ တရုတ်နိုင်ငံပြီးနောက် ဂျပန်နိုင်ငံဟာဆိုရင် ကမ္ဘောဒီးယားနိုင်ငံရဲ့ အားထားရတဲ့ အလှူရှင်နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံရဲ့ လာမယ့် အမျိုးသားရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ကျင့်စဉ်များအတိုင်း ဆောင်ရွက်နိုင်ဖို့ မျှော်လင့်ပါကြောင်း ဒုဝန်ကြီး အိုင်ဝါအို ဟိုရီအီက ဖော်ပြခဲ့ပါတယ်။ ထို့အတူ ဂျပန်သံရုံး ကောင်စစ်ဝန် ဟီရိုနိုကီ ဆူဇူကီးကလည်း ရိုက်တာသို့ ပေးပို့သော အီးမေးလ်ထဲမှာ ဘာပြောခဲ့လဲဆိုရင် ကမ္ဘောဒီးယားနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲဟာ နိုင်ငံတကာက လက်ခံကြိုဆိုတဲ့ နည်းလမ်းများအတိုင်းပဲ ဖြစ်သင့်တယ်လို့ ပြောခဲ့ပါတယ်။

ဟွန်ဆန်ဟာ အနောက်အလှူရှင်နိုင်ငံတွေရဲ့ အငြင်းပယ်ခံဘဝကို ရောက်ရှိဖို့ နီးကပ်လာပြီလားဆိုတာကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဤအရေးနဲ့ပတ်သက်ပြီး တစ်ဖက်ကလည်း ခိုင်မာတဲ့ နှစ်နိုင်ငံဆက်ဆံရေးရှိတဲ့ တရုတ်နိုင်ငံရဲ့သဘောထားကိုလည်း စောင့်ဝုရမှာပဲ ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ကမ္ဘောဒီးယားနိုင်ငံကို အကူအညီ အမြောက်အမြား ပေးကမ်းထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ရုံသာမကပါဘူး။ ရင်းနှီးမြှုပ်နှံမှု မြောက်မြားစွာကိုလည်း ကမ္ဘောဒီးယားနိုင်ငံမှာ ပြုလုပ်ထား ပါတယ်။

အနောက်အလှူရှင်နိုင်ငံတွေက ဘယ်လိုပဲ ခြိမ်းခြောက်နေပါစေ၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်ကတော့ အပြုံးမပျက်ပါချေ။ သူ့အနေနဲ့ လာမယ့်ရွေးကောက်ပွဲမှာ အနိုင်ရရှိရေးကိုသာ ဦးစားပေးလုပ်သွားမလားဆိုတာကတော့ သူ့ရဲ့ လုပ်ဆောင်ချက်ကိုကြည့်ပြီး ဆုံးဖြတ်ရမှာပါ။ ကမ္ဘောဒီးယားနိုင်ငံရဲ့ အဓိက အတိုက်အခံခေါင်းဆောင်ကမ်ဆောကရဲ့ ကမ္ဘောဒီးယားအမျိုးသားကယ်ဆယ်ရေးပါတီကို ဖျက်သိမ်းဖို့ ကမ္ဘောဒီးယားအစိုးရက တရားရုံးကို တောင်းဆိုတာကို ကြည့်ခြင်းအားဖြင့် ကမ္ဘောဒီးယားအစိုးရဟာ လာမယ့်နှစ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်မှာလားဆိုတာကိုတော့ စိုးရိမ်မကင်း ဖြစ်မိပါတယ်။

ဒီအချက်ကိုသိတဲ့ ဂျပန်ကလည်း ကမ္ဘောဒီးယားကို လာမယ့်နှစ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ဖို့ တိုက်တွန်းခဲ့တာပဲ ဖြစ်ပါတယ်။ ထို့အတူ တရုတ်ကလည်း ကမ္ဘောဒီးယားရွေးကောက်ပွဲမှာ တရားမျှတမှုရှိစေချင်မှာ ဖြစ်ပါတယ်။

အကယ်၍ အဓိက အတိုက်အခံခေါင်းဆောင် ကမ်ဆောကကို အမေရိကန်အမတ်များပြောတဲ့ နိုဝင်ဘာ ၉ ရက်မှာ မလွှတ်ပေးဘဲ ဆက်လက်ဖမ်းဆီးထားမည်ဆိုပါက အနောက်နိုင်ငံတွေကလည်း ကမ္ဘောဒီးယားနိုင်ငံအပေါ် ဒီထက်ပိုမိုဆိုးရွားတဲ့ ပိတ်ဆို့မှုတွေ ပြုလုပ်လာမှာဖြစ်ပါတယ်။ ဟွန်ဆန်အနေနဲ့ အနောက်မြေကို ခြေမချဘူးဆိုသော်လည်း ယခုကဲ့သို့ အရေးယူပိတ်ဆို့မှုတွေ ပိုလုပ်ခံရပါက တစ်ချိန်ချိန်မှာ ထိခိုက်ကောင်း ထိခိုက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဟွန်ဆန်အနေနဲ့ ဒီအရေးကို ကိုင်တွယ်ဖြေရှင်းရာမှာ အပြုသဘောဆောင် နှိုင်းနှိုင်းချိန်ချိန် လုပ်ဆောင်မှသာလျှင် ရေရှည်အကျိုးရှိမယ်လို့ မျှော်လင့်ရပါကြောင်း။ ။



**"ဆမ်ဒက်အနေနဲ့ နိုင်ငံခြားမှာ ချမ်းသာကြွယ်ဝမှုလည်း ဘာမှမရှိပါဘူး။ သူ့အနေနဲ့လည်း အမေရိကန်မြေပေါ်ခြေချဖို့ ဘာအကြောင်းမှလည်း မရှိပါဘူး" ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ ဖေဆီဖန်က ပြောခဲ့ပါတယ်။ စက်တင်ဘာ ၃ ရက်မှာ အဓိကအတိုက်အခံခေါင်းဆောင် ကမ်ဆောကကို ဖမ်းဆီးခဲ့ကြောင်း သိရပါတယ်။ လက်ရှိမှာတော့ သူ့ကို နိုင်ငံတော်သစ္စာဖောက်မှုနဲ့ စွဲချက်တင်ထားတယ်လို့သိရပါတယ်**

**တင်လင်းအောင်**

# စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၇၇။ (က) မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၇၀ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၅၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) အဆိုပါပြစ်မှု ထင်ရှားစီရင်ခြင်းခံရသူသည် ပုဒ်မ၇၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၅၀၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၈။ မည့်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၇၁နှင့်၇၂ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀၀ထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၉။ ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံစေရကာမူ နစ်နာဆုံးရှုံးသည့် စားသုံးသူကယင်းနစ်နာဆုံးရှုံးမှုများအတွက် ထိုသူကို တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

**အခန်း(၂၆)**

**အထွေထွေ**

၈၀။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သည့် ကိစ္စရပ်များတွင် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ စစ်ဆေးရေးအရာရှိ တစ်ဦးဦးကိုသော် လည်းကောင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ အဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်း မရှိစေရ။

၈၁။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်၊ ကော်မတီအဖွဲ့ဝင် သို့မဟုတ် စားသုံးသူ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ အဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နေစဉ်တွင် ယင်းအဖွဲ့ဝင်တို့ကို ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် ဖော်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၂။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၃။ ဦးစီးဌာနသည် ကော်မရှင်၊ ကော်မတီနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ရုံးလုပ်ငန်းကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ တာဝန်ယူရမည်။

၈၄။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။) အရဖွဲ့စည်းထားသော စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီသည် ဥပဒေအရ ဖွဲ့စည်းမည့် ကော်မရှင်ဖွဲ့စည်းပြီးသည်အထိ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်။

၈၅။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။)အရ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကော်မရှင်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၈၇။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# နေပြည်တော်အတွင်း တောင်သူနစ်နာမှု ထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေများပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်စည်ပင်သာယာရေး ကော်မတီပိုင်အဖြစ် လွှဲပြောင်းအသုံးပြုခွင့်ရရှိခဲ့သော ရွှေကြာပင်လမ်း အကျဉ်းဦးစီးဌာန(က)အဆင့်အကျဉ်းထောင်မြေနေရာနှင့် ဇေယျာအောင်မြေလမ်းအတွင်းရှိ ယခင်သစ်တောစိုက်ပျိုးမြေ (၃၈ ဒသမ ၄၄) ကေ၌ စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် တောင်သူ ၁၄ ဦးထံသို့ နစ်နာမှုထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေများ ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ရက်က နေပြည်တော် စည်ပင်သာယာရေးကော်မတီရှိ မင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်၍ ထောက်ပံ့ကြေးငွေနှင့် လျော်ကြေးငွေများ ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များဖြစ်ကြသော ဦးအေးမြင့်၊ ဦးမင်းသူ၊ ဦးမျိုးတင့်၊ ဒေါ်စံပယ်ထွေးနှင့်ဦးမင်းသိမ်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရုံး အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် ထောက်ပံ့ကြေးရရှိကြသည့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဒေါက်တာမျိုးအောင်က ယခုထောက်ပံ့ပေးမှုနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး နေပြည်တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ဌာနမှူးဦးစိုးနိုင်က နစ်နာမှုထောက်ပံ့ကြေးငွေများ ထုတ်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်နှင့်ကော်မတီဝင် ဦးမင်းသူတို့က တောင်သူများအား နစ်နာမှုထောက်ပံ့ကြေးငွေများနှင့် သီးနှံလျော်ကြေးငွေများအား ပေးအပ်ကြသည်။

လက်ရှိ အစိုးရလက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်မှ နေပြည်တော် စည်ပင်သာယာရေး ကော်မတီပိုင်မြေအဖြစ် အသုံးပြုခွင့်ရရှိပြီးဖြစ်သော ယခင် သစ်တောစိုက်ပျိုးမြေ ၂၀၂ ဒသမ ၆၀ ကေအတွက် နစ်နာမှုထောက်ပံ့ကြေး ငွေကျပ် ၂၁၂ ဒသမ ၁၁၄ သန်း၊ ဒက္ခိဏသီရိမြို့နယ်မှ ယခင်သစ်တောစိုက်ပျိုးမြေ ၆၉၉ ဒသမ ၆၇ ကေအတွက် နစ်နာမှုထောက်ပံ့ကြေးငွေ ၇၃၃ ဒသမ ဝ၃၅ သန်း၊ စုစုပေါင်းမြေ ၉၀၂ ဒသမ ၂၇ ကေအတွက် နစ်နာမှုထောက်ပံ့ကြေးငွေကျပ် ၉၄၅ ဒသမ ၁၄၅ သန်းကို တောင်သူ ၃၈၂ ဦးတို့ကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါသည်။




အခမ်းအနားတွင် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်စည်ပင်သာယာရေး ကော်မတီပိုင်အဖြစ် လွှဲပြောင်းအသုံးပြုခွင့် ရရှိခဲ့သော ရွှေကြာပင်လမ်း အကျဉ်းဦးစီးဌာန (က) အဆင့် အကျဉ်းထောင်မြေနေရာနှင့် ဇေယျာအောင်မြေလမ်းအတွင်းရှိ ယခင်သစ်တော စိုက်ပျိုးမြေ ၃၈ ဒသမ ၄၄ ကေတွင် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် တောင်သူ ၁၄ ဦးထံသို့ နစ်နာမှုထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေကျပ် ၃၉ ဒသမ ၃၀၅ သန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီးဘေးအန္တရာယ်ကင်းရှင်းသောအစားအသောက်များကိုအများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကိုဈေးများမှဝယ်ယူစစ်ဆေးရာအောက်ဖော်ပြပါအမှတ်တံဆိပ်များဖြင့်ထုတ်လုပ်သော အစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများ၊ မှိုအဆိပ်ပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။










| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ် | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | ပုစွန်ငါးပိ | ရွှေပုဇွန် | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၂။ | အရောင်တင်မှုန့် | ရွှေဟင်္သာ | Sudan III, Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၃။ | မြိတ်ငါးပိထောင်း | မြသီရိ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၄။ | ရှူးရှဲလက်ဖက်ချဉ်စပ်နှပ် | အေးကမ္ဘာ | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၅။ | လက်ဖက်ချဉ်စပ်နှပ် | မသက်သက် | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၆။ | လက်ဖက်ချဉ်စပ် | ရွှေတောင်တန်း | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၇။ | လက်ဖက်အညွန့် | ရွှေဖောင်းကွဲ | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၈။ | ငရုတ်သီးအစိမ်းမှုန့် | ဟင်္သာမင်း | မှိုအဆိပ် (Aflatoxin B1) သတ်မှတ်ပမာဏထက် ကျော်လွန်နေပါသည်။ |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# သာမညဖလ အခါတော်နေ့

တန်ဆောင်မုန်းလသည် မြန်မာလ ဆယ့်နှစ်လတွင် ရှစ်လမြောက်ဖြစ်သည်။ ပထမလဝက်သည် မိုးဥတု၌ပါဝင်၍ ဒုတိယလဝက်သည် ဆောင်းဥတု၌ ပါဝင်သည်။ မိုးနှောင်း ဆောင်းအကူး သာယာကြည်နူးဖွယ်ကာလဖြစ်သည်။ ဆောင်းရာသီသည် လှပသစ်လွင်သည်။ အအေးဓာတ်တို့ဖြင့် လွှမ်းခြုံထားသည်။ နှလုံးမွေ့လျော်ပျော်ဖွယ်ရာ အကောင်းဆုံးလပင်ဖြစ်သည်။

တန်ဆောင်မုန်းလသည် ဗေဒင်အလိုအားဖြင့် ဗြိစ္ဆာရာသီဖြစ်၏။ လမင်းသည် ကြတ္တိကာနက္ခတ်နှင့် ယှဉ်ပြိုင်ထွန်းပဆုံးလသည်။ တာရာမှာ ကြိုးတာရာဖြစ်၏။ ရာသီပန်းကား ခဝဲပန်းဖြစ်သည်။

တန်ဆောင်မုန်းလတွင် ဗုဒ္ဓဘာသာဝင်မြန်မာတို့က ကထိန်အလှူပွဲတော်ကို ခြိမ့်ခြိမ့်သဲကျင်းပကြသည်။ ထို့အပြင် တန်ဆောင်တိုင်မီးထွန်းပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ ရှင်စာလဲပွဲ၊ ကြိုးမနိုးပွဲ၊ အမျိုးသားအောင်ပွဲနေ့စသော ပွဲများကိုလည်း ကျင်းပကြသည်။ တန်ဆောင်မုန်းလသည် သာယာလှပသကဲ့သို့ ပွဲလမ်းသဘင် အများဆုံးလတစ်လလည်း ဖြစ်သည်။

တန်ဆောင်မုန်းလ၏ အလှကို "သာမညဖလသုတ်"တွင် တွေ့ရှိရသည်။ မြတ်ဗုဒ္ဓသည် ဤတန်ဆောင်မုန်းလပြည့်နေ့ညတွင် "သာမညဖလဒေသနာတော်" ကို သောက၊ ပရိဒေဝ လောင်မြိုက်နေသော အဇာတသတ်မင်းကြီးအား အကြောင်းပြု ကာ ဟောကြားခဲ့သည်။

အဇာတသတ်မင်းကြီးသည် ဂုဏ်ရည်ညှိုးပုပ် အကျိုးယုတ်စေတတ်သော ဒေဝဒတ်ကို ဆရာတင်မှားကာ ကိုးကွယ်မိသဖြင့် ဖခင်ဘုရင်ကြီး ဗိမ္ဗိသာရအား ရက်စက်စွာ သတ်မိလေသည်။ အဇာတသတ်၏ လက်ချက်ဖြင့် ဘုရားဒါယကာ၊ ကျောင်းဒါယကာကြီး နတ်ရွာစံ၍ စတုမဟာရာဇ်နတ်ပြည်၌ ဝေဿဝဏ်နတ်မင်း၏ အလုပ်အကျွေး "ဇဝနသဘ" နတ်သားဖြစ်သွားလေသည်။

ထို့နေ့မှာပင် အဇာတသတ်မင်းကြီး၏ မိဖုရားမှ သားတော်တစ်ပါးဖွားမြင်လေသည်။ ဖခင်ကြီးကံတော်ကုန်ကြောင်း သဝဏ်လွှာ၊ သားဖွားကြောင်းသဝဏ်လွှာတို့မှာ မင်းကြီးထံ တစ်ပြိုင်တည်း ရောက်လာသည်။ ဦးစွာ မင်္ဂလာသတင်းဖြစ်သော သားတော်ဖွားမြင်ကြောင်း သဝဏ်လွှာကို ဆက်သကြသည်။ သားတော်ဖွားမြင်ကြောင်း သတင်းကြားသည်နှင့် တစ်ပြိုင်နက် အဇာတသတ်မင်းကြီးမှာ ရိုးတွင်းချဉ်ဆီအထိ သား၌ဖြစ်သော


ဓာတ်ပုံ-မေမိုးသဲ

ချစ်ခြင်းဖြစ်လေသည်။ "ကျွန်တော်ဖွားစဉ်က ဖခင်ကြီးမှာ ဤသို့ချစ်ခင်ခြင်းဖြစ်ပါရဲ့လား" ဟု မိခင်ကို မေးရာ မိခင်က ဒါထက်မက ချစ်ခင်ကြောင်းကို ပြောပြလေသည်။ အဇာတသတ်မင်းကြီးက "ငါ့ဖခင်ကြီးကို အချုပ်အနှောင်မှ ချက်ချင်းလွှတ်ကြ" အမိန့်မှတ်လိုက်ရာ မင်းချင်းတို့က ဖခင်ကြီး ကံတော်ကုန်ကြောင်း သဝဏ်လွှာကို ဆက်သကြသည်။

မှားခဲ့လေပြီ။

ဒေဝဒတ်ကို ဆရာတင်မှားသည့်အတွက် ကျေးဇူးရှင်ဖခင်ကြီးကို သတ်မိ၍ ပိတုဃာတကကံကြီးကို လွန်ကျူးမိရက်သားဖြစ်သွားလေပြီ။ နစ်နာလှပေစွ။ ဖခင်ကြီးကို သတ်မိသော အဇာတသတ်မင်းကြီးမှာ လွန်စွာနောင်တရလျက် မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင်တတွေတွေ ဖြစ်နေလေသည်။ ရင်ထဲ၌ သောက၊ ပရိဒေဝမီးများ တဟုန်းဟုန်းတောက်လောင်နေတော့သည်။

သမားတော်ဇီဝက၏ အကြံပြုချက်၊ အကူအညီတို့ဖြင့် တန်ဆောင်မုန်းလပြည့်နေ့၌ ဘုရားရှင်ထံချဉ်းကပ်လေသည်။ အချိန်မှာ တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်ဖြစ်သည်။ ထိုအချိန်က ဘုရားရှင်သည် ရာဇဂြိုဟ်မြို့အနီး သမားတော်ဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံးလျက်ရှိသည်။ ဘုရားကျောင်းတော်သို့ သွားသောအခါ ညအခါဖြစ်ခြင်း၊ တောရိပ်သစ်ရိပ်တို့ကြောင့် အမှောင်ဖုံးနေခြင်းတို့ကြောင့် လိုက်ပါသူအားလုံး မီးရှူးမီးတိုင်ကိုယ်စီ ထွန်းညှိပြီး သွားကြရသည်။ အဇာတသတ်နှင့်အခြံအရံ ပရိသတ်တို့ တန်ဆောင်မုန်းလပြည့်ည၌ တန်ဆောင်တိုင်မီးထွန်းပွဲကျင်းပနေကြသကဲ့သို့ လမ်းတစ်လျှောက်တွင် ဆီမီးရောင်ရှိန်တို့ဖြင့် ထိန်ထိန်လင်းလျက်ရှိလေသည်။

ဘုရားရှင်ထံမှောက်သို့ ရောက်ရှိသောအခါတွင် ဘုရင်အဇာတသတ်က ရဟန်းပြုရခြင်း၏ အကျိုးအာနိသင်များကို ဘုရားရှင်အား မေးမြန်းလျှောက်ထားလေသည်။ ဘုရားရှင်က အဇာတသတ်မင်းကြီးအား သာမညဖလသုတ်တရားတော်ကို ဟောကြားလေသည်။

ရဟန်းပြုရခြင်းကြောင့် မင်းခစားဘဝနှင့် မင်းပြစ်မင်းဒဏ်မှ ကင်းလွတ်ရခြင်း၊ အခွန်ထမ်းဆောင်ရခြင်းမှ ကင်းလွတ်ရခြင်း၊ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသဖြင့် အပါယ်လေးပါးမှ ကင်းလွတ်ရခြင်း၊ ဒုစရိုက်တရားတို့ကို ရှောင်ကြဉ်သဖြင့် ဒုစရိုက်ဒုက္ခတို့မှ ကင်းလွတ်၍ စူဠသီလနှင့် ပြည့်စုံရခြင်း၊ ပွဲလမ်းသဘင်အမျိုးမျိုး၊ ကစားပွဲအမျိုးမျိုး၊ မကောင်းသောစကားအမျိုးမျိုးတို့မှ ရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှ ကင်းလွတ်ပြီး မဇ္ဈိမသီလနှင့် ပြည့်စုံရခြင်း၊ နက္ခတ်ဗေဒင်၊ ယတြာဆေးကုသပေးခြင်းစသည်တို့မှ ရှောင်ကြဉ်သဖြင့် အာဇီဝပါရိသုဒ္ဓိသီလနှင့် ညီညွတ်၍ မဟာသီလနှင့် ပြည့်စုံရခြင်း၊ ဣန္ဒြေခြောက်ပါးလုံး အကုသိုလ်မဖြစ်အောင်စောင့်စည်းနိုင်ခြင်း၊ သတိနှင့် ပြည့်စုံခြင်း၊ သမ္ပဇဉ်ခေါ်ဆင်ခြင်တုံတရားနှင့် ပြည့်စုံခြင်း၊ စားဝတ်နေရေးတို့တွင်ရောင့်ရဲနိုင်ခြင်း၊ ဒီစရဏငါးပါးမှ ကင်းလွတ်ရခြင်း၊ ဈာန်တရားများ ရရှိနိုင်ခြင်း၊ ဝိဇ္ဇာဉာဏ်ရှစ်ပါးနှင့် ပြည့်စုံ၍ မဂ်ဖိုလ်ရခြင်းစသော အကျိုးတရားများကို ရရှိနိုင်ကြောင်း ဘုရားရှင်က ဟောကြားလေသည်။

အဇာတသတ်မင်းကြီးသည် သာမညဖလတရားတော်ကို ရိုသေစွာနာကြားရသည့်အတွက် စိုးရိမ်သောကဗျာပါဒများ ပပျောက်၍ ငြိမ်းအေးချမ်းသောအဖြစ်သို့ ရောက်ရှိသွားလေသည်။ အိပ်မပျော်သောရောဂါလည်း လုံးဝပျောက်ကင်းသွားလေသည်။ ရတနာ သုံးပါးကို အကြည်ညိုဆုံးပုဂ္ဂိုလ်အဖြစ် ဧတဒဂ်ပေး မှတ်တမ်းတင်ခံရသည်အထိ ရောက်ရှိသွားလေသည်။ ဖခင်ကိုသတ်မိသည့် ကြီးလေးသော ပိတုဃာတကကံကြီးကြောင့် မဟာအဝီစိငရဲသို့ ကျရောက်ရမည်ဖြစ်သော်လည်း ဒုက္ခပေါ့ပါးသော လောဟကုမ္ဘီငရဲငယ်၌သာ ကျခံရတော့မည်။ နောင်အနာဂတ်ကာလ၌ ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓါတစ်ဆူအဖြစ် ပေါ်ထွန်းသောပရိနိဗ္ဗာန်ပြုပေလိမ့်မည်။

အဇာတသတ်မင်းသည် ပထမသံဂါယနာ တင်ဒါယကာအဖြစ် ခံယူခဲ့သည်။ ဘုရားရှင်၏ ဓာတ်တော်များကို စုဆောင်းသိမ်းဆည်း၍ ဓာတ်တော်တိုက်ကြီးကို တည်ထားခဲ့သည်။ ဗုဒ္ဓသာသနာနှစ်လည်း အတိအကျသတ်မှတ်ခဲ့သည်။ ဗုဒ္ဓဘာသာဝင်တို့ သာသနာတော်နှစ်ကို အတိအကျသုံးစွဲခွင့်ရနေသည်မှာ အဇာတသတ်မင်း၏ ကျေးဇူးပင်ဖြစ်သည်။ နောင်အခါ သိရိဓမ္မာသောကမင်းကြီးသည် အဇာတသတ်မင်း စုဆောင်းထားရှိသော ဓာတ်တော်များကို ရှာဖွေ၍ စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထားကိုးကွယ် သာသနာပြုခဲ့သောကြောင့် နှောင်းခေတ်ဗုဒ္ဓဘာသာဝင်များ ဖူးမြော်ကြရသည်။ ဗုဒ္ဓဘာသာမကွယ်ပျောက်ဘဲ ဆက်လက်ထွန်းကားပြန့်ပွားခဲ့ရပေသည်။

ဗုဒ္ဓဘုရားရှင်၏ တန်ဆောင်မုန်းလပြည့်နေ့တွင် ဟောကြားတော်မူခဲ့သော သာမညဖလ တရားတော်၏ ကျေးဇူးတရားကား ကြီးမားလှသည်။ မြန်မာ့ရိုးရာဓလေ့စရိုက်နှင့်အညီ ဤတန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလအခါတော်နေ့ကို ရိုသေလေးမြတ်စွာဆင်ယင်ကျင်းပခြင်းဖြင့် ကမ္ဘာတည်သရွေ့ ဗုဒ္ဓသာသနာတော်ကြီး တည်တံ့ခိုင်မြဲလိမ့်မည်ဟု ယုံကြည်မိပါသည်။

**ဗုဒ္ဓသာသနာ စိရံတိဋ္ဌတု။**

**ပန်းတောင်းသန်းကြွယ်**

## ထားဝယ်-မောင်းမကန်သွားကားလမ်း နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေ

**ထားဝယ် အောက်တိုဘာ ၃၀**

ထားဝယ်-မောင်းမကန်ကားလမ်းသည် ထားဝယ်မှ မောင်းမကန်ကမ်းခြေအထိ ၁၁ မိုင် ၂ ဖာလုံရှိသည်။ ကားလမ်းအကျယ်မှာ ၂၄ ပေ ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ထားဝယ်ခရိုင် လောင်းလုံမြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ယူအဆင့်မြှင့်တင်ဆောင်ရွက်နေသော ကားလမ်းဖြစ်သည်။

ယခင်ကားလမ်းအကျယ်မှာ ၁၂ ပေ တစ်လမ်းမောင်းကားလမ်းဖြစ်ပြီး ကားနှစ်စီးရှောင်ရန် တစ်စီးရပ်ပေးမှ တစ်စီးမောင်းသွား၍ရသော ကားလမ်းဖြစ်သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ထားဝယ်ခရိုင် လောင်းလုံမြို့နယ်လမ်းဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၄ ပေအထိ ချဲ့ပြီးပြီဟု သိရသည်။



"ထားဝယ်မှ မောင်းမကန်ပင်လယ်ကမ်းခြေဟာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူတွေသာမက မြန်မာတစ်ပြည်လုံးမှ ပြည်သူတွေလာရောက်ဝင်ထွက်သွားလာ အပန်းဖြေအနားယူရာ သာယာလှပသော အပန်းဖြေကမ်းခြေတစ်ခုဖြစ်တာကြောင့် ထားဝယ်ရောက်ပြီး မောင်းမကန်ကမ်းခြေသွားဖို့ ကားလမ်းဟာ ကောင်းမွန်ဖို့လိုအပ်တယ်။ အဲဒါကြောင့် ယင်းကားလမ်းကို နိုင်လွန်ကတ္တရာခင်း ကားလမ်းတစ်လမ်းဖြစ်အောင် ရည်မှန်းဆောင်ရွက်နေပါတယ်။ ယခုအခါ ထားဝယ်မြို့မှ အထွက်ကမျောကင်းတံတားထိပ်မှစ၍ ကမ်းခြေဘက်သို့ နှစ်မိုင် ငါးဖာလုံမှာ နိုင်လွန်ကတ္တရာ (AC) ခင်းထားပြီးဖြစ်ပါတယ်။ ဘဏ္ဍာငွေရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၂၄ ပေရှိ ၁၁ မိုင် ၂ ဖာလုံစလုံးကို နိုင်လွန်ကတ္တရာ (AC) ကားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်လမ်းဦးစီးဌာနမှ မြို့နယ်အင်ဂျင်နီယာ ဦးလှိုင်မင်းသိန်းက ပြောသည်။

**ခရမ်းစိုးမြင့်**

## ကမ်းပြိုအိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ရေစကြို အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မီးလောင်ကျွန်းကျေးရွာအုပ်စု ပေါက်တောကျွန်းကျေးရွာ၌ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြို၍ ပြောင်းရွှေ့ကြရသည့် အိမ်ထောင်စုများအား အောက်တိုဘာ ၂၇ ရက်က ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးကိုကိုလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က ပေါက်တောကျေးရွာသို့ ရောက်ရှိလာကြပြီး ကမ်းပြိုမှုကြောင့် ပြောင်းရွှေ့ရသည့် အိမ်ထောင်စုဝင်များနှင့်တွေ့ဆုံကာ ကမ်းပြိုအိမ်ထောင်စု ခုနစ်စု၊ လူဦးရေ ၄၃ ဦးတို့ အတွက် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးနှင့်ဆန်ရိက္ခာ ခုနစ်ရက်စာအတွက် ငွေကျပ် ၉၀၃၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကျေးရွာသစ်သို့ ပြောင်းရွှေ့ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

## ကယားပြည်နယ်၌ ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၃၀**

ကယားပြည်နယ်၊ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်က အားကစားနှင့်ကာယပညာသိပ္ပံ (လွိုင်ကော်)ရှေ့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆိုရှိနှင့်ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါစက်ဘီးစီးပြိုင်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးပြီး ပြိုင်ပွဲအား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြိုင်ပွဲတွင် ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသူ ကျောင်းသား ၂၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## အမျိုးသမီးများမိသားစုဘဝဖွံ့ဖြိုးတိုးတက်စေရေး ဝါသနာတူကလပ်အသင်းများဖွဲ့စည်း

**မိတ္ထီလာ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှဦးဆောင်ပြီးကလေးများ၏ အသိဉာဏ်နှင့် စာရိတ္တဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီး များ မိသားစုဘဝဖွံ့ဖြိုးတိုးတက်စေရန် ဝါသနာတူကလပ်အသင်းများ ဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂၈ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငုချိုချိုကျော်က Women's Club၊ Reading Club/Book Club နှင့် Youth Club စသည့် ဝါသနာတူကလပ်အသင်းများ ဖွဲ့စည်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက Women's Club၊ Reading Club/Book Club နှင့် Youth Club စသည့်အဖွဲ့များကိုတစ်ဖွဲ့လျှင် အဖွဲ့ဝင် ၂၀ ဖြင့် မိမိတို့ နှစ်သက်သည့်အဖွဲ့များတွင် ဝင်ရောက်ကြပြီး အဖွဲ့အလိုက်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးများကိုအဖွဲ့ဝင်များက ရွေးချယ်ခဲ့သည်။

ဆက်လက်၍ Women's Club ဥက္ကဋ္ဌဖြစ်သည့် သျှို(အင်ကြင်း)က အမျိုးသမီး များ၏ အခွင့်အရေးနှင့် ကာကွယ်ပိုင်ခွင့်များ၊ ကျန်းမာရေးဆိုင်ရာများနှင့် မိသားစုဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခြင်း၊ လက်မှုပညာရပ်များ၊ အိမ်တွင်းမှုပညာ ရပ်များကိုသင်ကြားနိုင်စေရန် ပညာရှင်များကိုဖိတ်ခေါ်၍ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ငြိမ်းချမ်းရေးလှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီမှ ကြီးမှူးကျင်းပသည့် ငြိမ်းချမ်းရေး လှုပ်ရှားမှု ရက်သတ္တပတ်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက် က မန္တလေးမြို့မဟာအောင်မြေမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပသည်။ အထက်တန်းကျောင်းသားကျောင်းသူများအတွက် ပြိုင်ပွဲဝင် ခေါင်းစဉ်မှာ တောင်ပေါ်မြေပြန့်မခွဲခြား အားလုံးချစ်ကြည် ငြိမ်းချမ်းမည် ခေါင်းစဉ် ဖြင့် ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူ ၂၉ ဦး ယှဉ်ပြိုင်ကြပြီး အလယ်တန်းကျောင်း သားကျောင်းသူများအတွက် ပြိုင်ပွဲဝင်ခေါင်းစဉ်မှာ ငြိမ်းချမ်းသာယာပြည်မြန်မာ ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၄၅ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## မိုင်းဖြတ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်တံတားနှစ်စင်းပျက်စီး



**မိုင်းဖြတ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ် မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှု ကြောင့် အောက်တိုဘာ ၂၆ ရက်က အိုက်ငံ့ကျေးရွာအုပ်စုရှိ ဟကြားဟုန် ချောင်းနှင့် နမ့်ပန်နွဲ့ချောင်းတို့သည် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ ဟကြားဟုန် ချောင်း ပေါ်တွင် တည်ဆောက်ထားသည့် ကျေးရွာချင်းဆက် သစ်သားတံတား အမှတ် (၁) ဖြစ်သည့် အလျားပေ ၂၀၊ အကျယ် ၁၅ ပေနှင့် နမ့်ပန်နွဲ့ချောင်းပေါ် တွင် တည်ဆောက်ထားသည့် သစ်တား တံတားအမှတ်(၂) အလျားပေ ၂၀ အကျယ် ၁၅ ပေရှိတံတားနှစ်စင်းမှာ ပျက်စီးခဲ့ပြီး သစ်တားတံတား အမှတ်(၁) ဘေးအနီးတစ်ဝိုက်ရှိ တောင်သူငါးဦး၏ လယ်မြေကေစုစုပေါင်း ဧက ၄ ဒသမ ၅၀မှ ရိတ်ပြီးစပါးများရေထဲ သို့မျောပါပျက်စီး ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် တံတားနှစ်စင်းမှာ ဟကြားဟုန်ကောင်ရွာနှင့် ဝမ်ပိန်းရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် တံတားဖြစ်သည်။

အဆိုပါ တံတားနှင့်လယ်မြေစပါး များ ပျက်စီးမှုအား မြို့နယ်ဒုတိယအုပ်ချုပ် ရေးမှူး ဦးဇင်ဝိုင်းသက်ဦးနှင့် တာဝန်ရှိ သူများက အောက်တို ဘာ ၂၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးလက်နေ ပြည်သူများ ခရီးသွားလာရာတွင် ကြန့်ကြာမှုမရှိဘဲ သွားလာနိုင်ရန်အတွက် တံတားများကို အမြန်ပြန်လည် ပြင်ဆင်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရှောလမွန်(မိုင်းဖြတ်)**

## မိုးမိတ်မြို့၌ ဘောလုံး၊ ဘော်လီဘော နည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်

**မိုးမိတ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် အားကစားနှင့် ကာယ ပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာ နိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်၊ မန္တလေး တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီ တို့နှင့် ခရိုင်အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့ပူးပေါင်း၍ ပထမအကြိမ် ဘောလုံး၊ ဘော်လီဘောနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဆင်းပွဲကို အောက်တို ဘာ ၂၇ ရက်က မြို့ကျက်သရေဆောင် ခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက အမှာစကားပြောကြား သည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညီညီလင်းနှင့် တာဝန်ရှိ သူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသို့ ခရိုင်အတွင်းရှိ မြို့နယ်တို့မှ ဘောလုံးနည်းပြနှင့် ဒိုင် လူကြီးသင်တန်းတွင် သင်တန်းသား ၄၂ ဦး၊ ဘော်လီဘောနည်းပြနှင့် ဒိုင်လူကြီး သင်တန်းတွင် သင်တန်းသား ၃၃ ဦးတို့ကို မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် နှင့် တိုင်းဘောလုံးဆပ်ကော်မတီမှ သင်တန်းနည်းပြဆရာများက အောက် တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## အော်တစ်ဇင်အကြောင်း သိကောင်းစရာများဟောပြောပွဲကျင်းပ

**ကလေး အောက်တိုဘာ ၃၀**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနှင့် မြန်မာအော်တစ်ဇင် (Autism) အသင်းတို့ပူးပေါင်း၍ ဉာဏ်ရည်မသန်စွမ်းအမျိုးအစားတွင်ပါဝင်သော အော်တစ်ဇင်ရှိနေသူများအကြောင်း အသိပညာပေးဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသ ကြီး ကလေးခရိုင် ကလေးမြို့ ရှင်းဟုန်ခန်းမ၌ အောက်တိုဘာ ၂၈ ရက်က ကျင်းပ ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက အမှာစကားပြောကြားပြီး ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ကိုယ်စား ကမ္ဘောဇဘဏ်(ကလေးဘဏ်ခွဲ-၁) ဘဏ်ခွဲတာဝန်ခံ ဒေါ်နော်ဇင်ဆွေက ဟောပြော ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။



ထို့နောက် ဦးနှောက်ဖွံ့ဖြိုးမှုဆိုင်ရာ ရောဂါများအကြောင်းကို မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း၏ အတိုင်ပင်ခံအမှုဆောင် ဒေါက်တာဉာဏ်ဝင်းကျော်က ရှင်းလင်းပြီး မြန်မာနိုင်ငံအော်တစ်ဇင်အသင်း၏ဥက္ကဋ္ဌ ဒေါက်တာမြင့်လွင်က ကလေး သူငယ်၏ဦးနှောက်နှင့်အာရုံကြောဆိုင်ရာဖွံ့ဖြိုးမှု ပုံမမှန်ဖြစ်ခြင်းကြောင့် ဘဝတစ် လျှောက်လုံးစွမ်းဆောင်ရည်အချို့ ချို့ယွင်းခြင်းဖြင့်နေထိုင်ရသော အခြေအနေ တစ်မျိုးဖြစ်ကြောင်း အော်တစ်ဇင်နှင့်ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသေးစိတ်ရှင်းလင်းသည်။

ဆက်လက်၍ အော်တစ်ဇင်ရောဂါ မွေးဖွားသူမိဘများ၏ ခံစားချက်များကို မြန်မာနိုင်ငံအော်တစ်ဇင်အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က ပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မြန်မာအော်တစ်ဇင် အသင်းက ဆောင်ရွက်နေသောလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတွက် ထောက်ပံ့ကူညီမှုများပေးနေသည့်ဖောင်ဒေးရှင်းတစ်ခု ဖြစ်သည့်အပြင် နှစ်စဉ် ဧပြီလ ၂ ရက်နေ့ကျ ရောက်တိုင်း ကမ္ဘာ့အော်တစ်ဇင်နေ့ အထိမ်းအမှတ်အခမ်း အနားများ ကျင်းပခြင်း၊ အော်တစ်ဇင်အကြောင်း သိကောင်းစရာဟောပြောပွဲများ ကျင်းပခြင်းနှင့် မြန်မာအော်တစ်ဇင်အားကစားပွဲများကို ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ဖားကန့်၌ သဲဖြုန်းကျောက်ထုတ်လုပ်သူများနှင့် နေ့စားလုပ်သားများ ပုံမှန်ဝင်ငွေရရှိ

**ဖားကန့် အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မော်ဝမ်းရပ်ကွက်၌ ဆောက်လုပ်ရေးလုပ်ငန်းများ အတွက် အဓိကထားအသုံးပြုရန်နှင့် ဖားကန့်မြို့နယ်အတွင်း လမ်းတံတားအဆောက် အအုံများ လုပ်ကိုင်လာကြသဖြင့် အခြေခံလိုအပ်ချက်ဖြစ်သော သဲဖြုန်းကျောက်ထုတ် လုပ်လာကြသူများ အဆင်ပြေကာ အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း သိရ သည်။

"ကျွန်တော် ဒီလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်နေတာ နှစ်ပေါင်း ၂၀ ကျော်ပါပြီ။ ဖားကန့်ဆိုင်းတောင် လုံးခင်းမြို့ပေါ်ရပ်ကွက်ရှိလမ်း၊ တံတားအဆောက်အအုံတွေ အတွက် သဲကျောက်၊ သဲဖြုန်းကျောက်နှင့် ကျောက်စရစ်ဆိုဒ်စုံရရှိဖို့ အဓိကလိုအပ် ချက်ဖြစ်ပါတယ်။ ဒီအတွက် သဲကျောက်ထုတ်လုပ်ခွင့်လိုင်စင်နဲ့ စနစ်တကျလုပ်ကိုင် ဆောင်ရွက်ရပါတယ်"ဟု သဲကျောက်လုပ်ငန်း လုပ်ကိုင်သူ ဦးကျော်လွင်က ပြောသည်။

ဖားကန့်မြို့နယ်၌ တရားဝင်အခွန်ဆောင်၍ သဲကျောက်လုပ်ငန်းလုပ်ကြသူများ မှာ စုစုပေါင်းသဲကျောက်လုပ်ငန်းရှင် လေးဦးအထိရှိကြောင်း သိရသည်။ နေ့စား လုပ်သားအမျိုးသားတစ်ဦးလျှင်ငွေကျပ် ၉၀၀၀၊ အမျိုးသမီးတစ်ဦးလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် နေ့စဉ် လုပ်သား ၂၀ မှ ၃၀ အထိ လုပ်ကိုင်လျက်ရှိကြောင်း သိရ သည်။

**နီတိုး**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာလ (၁၇) ရက်နေ့မှ အောက်တိုဘာလ (၂၄) ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

*အောက်တိုဘာ ၂၉ ရက်မှ အဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၅ | ဟဟပဲရမယ် | ရဲစတိုင်း | ၂၅၀၀ | စာပေနန်းတော် |
| ၂၆ | ပွဲတင်သံစကားများ | မသီတာ(စမ်းချောင်း) | ၃၀၀၀ | စာနဒီ |
| ၂၇ | တို့မောင်နှမ နေနဲ့လ | ငွေကြည် | ၃၀၀၀ | ရုပ်ပြောင် |
| ၂၈ | မေမေ့လမ်းညွှန် | ဖြိုးသာရ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၉ | လေးမြတ်ကြည်ညိုနှောင်းစာဆိုကဗျာများ | သုကိုကို(ကျုံမငေး) | ၁၅၀၀ | နိုင်ငံ့ဂုဏ်ရည် |
| ၃၀ | နှစ်လေးဆယ်ဘဝမှတ်တိုင်များ | မောင်ခင်မင်(ဓနုဖြူ) | ၃၅၀၀ | ဆန်းစသော်တာ |
| ၃၁ | လှမ်းကြည့်မှလမ်းရှိမှန်းသိမယ် | မြတ်ငြိမ်း | ၂၀၀၀ | ကိုနေ(မန်း) |
| ၄၂ | ပန်းသွင်သီကုံးရေးနည်းထုံးကား | ရန်ကုန်ဘဆွေ | ၄၅၀၀ | စိတ်ကူးချိုချို |
| ၄၃ | ဝေးလွင့်ကင်းကွာနှစ်တစ်ရာ | သင့်လူ | ၆၅၀၀ | ကံ့ကော်ဝတ်ရည် |
| ၄၄ | မကြုံသော်လည်းကြိုက်ပါသည်နှင့် ဗုဒ္ဓအလိုကျ ဓမ္မဆောင်းပါးများ | ဦးဆန်းလင်း (ဆည်မြောင်း) | ၃၀၀၀ | ရွှေရည်ဦး |
| ၄၅ | ဘိန်းစား | ဥက္ကာကိုကို | ၂၅၀၀ | ၇၇၇၇ |
| ၄၆ | ရွှေအိရွှေဘုတ် | ပိုးဇာ | ၃၅၀၀ | ရုပ်ပြောင် |
| ၄၇ | မြန်မာ့အသံတေးရေးပညာရှင်ကြီးများ၏ နှောင်းခေတ်တေးသီချင်းများ အတွဲ (၁၃) | | ၂၀၀၀ | နိုင်ငံ့ဂုဏ်ရည် |

# မဟာဂီတကမ္ဘာသို့ အလည်တစ်ခေါက်

**ပြီးခဲ့သည့် စက်တင်ဘာ ၁၁ ရက်နေ့က အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) National University of Arts and Culture (Yangon) "NUAC(Ygn)" ၏ (၂၁)ကြိမ်မြောက် ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့်စင်တင်တင်ဆက်ပွဲသို့ တက်ရောက်ရန်ဖိတ်ကြားခြင်းခံရသည်။ အဲဒီနေ့လယ် ထမင်းစားပြီး ခဏ အိပ်ပျော်သွားသည်။ နိုးလာတော့ မွန်းလွဲ ၁နာရီ ဖြစ်နေပြီ။ ပွဲကျင်းပမည့် အချိန်က မွန်းလွဲ ၂ နာရီဆိုတော့ ကမန်းကတန်းရေချိုးပြီး အိမ်ကထွက်ခဲ့သည်။ ဒီနေ့မှ ရာသီဥတုက သာယာနေသည်။ အိမ်မှ အချိန်ကိုက်ထွက်ခဲ့သော်လည်း ယာဉ်ကြောများက မကြာခဏပိတ်ဆို့နေမှုကြောင့် ပွဲကျင်းပသည့် အမျိုးသားဇာတ်ရုံသို့ ပွဲစချိန်နီးမှ ဝင်ရောက်ခဲ့ရသည်။**



အမျိုးသားဇာတ်ရုံ၏ အရှေ့မျက်နှာစာမုန်တံခါးမှအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ဇာတ်ရုံ၏အပြင်ဘက်ကော်ရစ်ဒါ၌ ဘွဲ့ယူကြမည့် ပန်းချီ၊ ပန်းပု ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းဆင်းလက်ရာမွန်ပန်းချီကားများ၊ ပန်းပုရုပ်များကို သေသပ်လှပစွာ ခင်းကျင်းပြသထားသည်။ စာရေးသူကိုယ်တိုင်က ပန်းချီ၊ ပန်းပု၌ အာရုံဝင်စားမိတတ်သောအလေ့ကြောင့် အခွင့်သာခိုက် အာရုံစိုက်၍ ကြည့်ရှုငေးမော တွေးတောနေမိသည်။

ထိုအခိုက် NUAC(Ygn) မှ မိတ်ဆွေ ကထိကဆရာတစ်ယောက်က နှုတ်ဆက်စကားဆိုရင်း ပွဲစတော့မည်ဖြစ်ကြောင်း၊ ရုံထဲသို့ဝင်သင့်ပြီဖြစ်ကြောင်း ဖိတ်ခေါ်တိုက်တွန်း သည်။ ထို့ကြောင့် ပန်းချီ၊ ပန်းပုတွင် အာရုံကျနေသောစိတ်ကို အာလယဖြတ်၍ ဇာတ်ရုံအတွင်းသို့ လှမ်းဝင်ခဲ့ရသည်။

ဇာတ်ရုံအတွင်းသို့ရောက်သည်နှင့် အစီအစဉ်ကြေညာသူတို့၏ ကြည်လင်ပြတ်သားသောအသံကို ကြားလိုက်ရသည်။ ဂီတပညာအထူးပြု ကျောင်းသားများ၏ တင်ဆက်မှုကို ပဏာမ အဖွင့်အစီအစဉ်အဖြစ် ရှုမြင်ခံစားခဲ့ရသည်။

မြန်မာ့စောင်းအလက် ၅၀၊ ပတ္တလား၊ ဆိုင်းဝိုင်းကြီးစသည့် မြန်မာ့တူရိယာစစ်စစ်များကိုအသုံးပြု၍ မြန်မာ့ဂီတအစစ်ဖြစ်သော မဟာဂီတကို တီးခတ်သီဆိုဖျော်ဖြေခဲ့ကြသည်မှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါသည်။

မဟာဂီတကို စောင်း၊ ပတ္တလားစသည့် တူရိယာနှစ်မျိုး၊ သုံးမျိုးဖြင့် တီးခတ်ဖျော်ဖြေမှုကိုသာ နားဆင်ဖူးသော စာရေးသူအဖို့မှာ တအံ့တသြဖြစ်ရသည်။ ယခုကဲ့သို့ မြန်မာတူရိယာအစုံအလင်ကို အံ့နှင့်ကျင်းနှင့်၊ အင်နှင့်အားနှင့်အသုံးပြု၍ တီးခတ်မှုကို ကြားနာရသည်မှာ နားဝင်ပီယံဖြစ်ရုံမျှမက တရှိုက်မက်မက်စွဲလမ်းမှုကို ဖြစ်စေသည်။ ချိုမြသော မဟာဂီတသံစဉ်တို့သည် အသံထုထည်ကြီးမားစွာ နားစည်မှတစ်ဆင့် နှလုံးသားကို လှုပ်ခတ်စေပါသည်။

ပေးထားသောခေါင်းစဉ်လေးကလည်း ကဗျာဆန်ရုံမျှမက ဆွဲဆောင်မှုကိုလည်း ပေးသည်။ "မဟာဂီတကမ္ဘာတဲ့"။ နှစ်လိုဖွယ်ရှိလှပါဘိ။ ခေါင်းစဉ်နှင့်ဆက်စပ်၍ အတွေးကွန်ရက် ဖြန့်ကြက်မိသည်အထိ . . .။

မြန်မာတို့၏နှလုံးသည်းပွတ်သဖွယ်ဖြစ်ခဲ့သော မဟာဂီတကို ပုဂံခေတ်ကတည်းကပင် စတင်ကာ အခြေပြုသန္ဓေတည်ခဲ့ကြောင်းကို ကျောက်စာများ၊ နံရံဆေးရေးပန်းချီများက တစ်စွန်းတစ်စဖော်ပြနေကြပါသည်။ ပုဂံခေတ်တွင် သန္ဓေတည်ခဲ့သော မဟာဂီတသည် ပင်းယခေတ်တွင်တျာဘွဲ့များ၊ အင်းဝခေတ်တွင် ကြိုးသီချင်းများကို မွေးဖွားသန့်စင်ပေးခြင်းဖြင့် မဟာဂီတကမ္ဘာကို စတင်တံခါးဖွင့်ခဲ့သည်ဟု ဆိုရပါမည်။ ထိုခေတ်ကပင် ဘွဲ့သီချင်းများကိုလည်း ဆက်လက်မွေးဖွားပေးခဲ့ပြန်သည်။

အင်းဝလွန် မြောက်တောင်ငူခေတ်သို့ရောက်သောအခါ သီချင်းခံများ ပေါ်ပေါက်လာပြန်သည်။ ထို့ကြောင့် မဟာဂီတရပ်ဝန်းသည် ပို၍ပို၍ကျယ်ပြန့်လာသည်။

ညောင်ရမ်းခေတ်ကား မဟာဂီတကို စည်းစနစ်တကျပုံဖော်ထုဆစ်ခဲ့သော ကာလပင် ဖြစ်ပေသည်။ စာပေဂီတပညာရှင် ဝန်ကြီးပဒေသရာဇာ၏ အားထုတ်ကြိုးပမ်းမှုကြောင့် ထံတျာ၊ သီဒါ၊ သာယာဟု လူသိများသော ပုစဉ်းတောင်သံကြိုး၊ ကလပ်ကြီးကြိုး၊ ကလပ်ငယ်ကြိုး အစရှိသည့် မဟာဂီတအခြေခံသင်ရိုး ကြိုးသီချင်းများ ပေါ်ထွက်လာခဲ့သည်။ မဟာဂီတသည် နည်းနာနိသျများနှင့် စနစ်တကျဖြစ်တည်လာခဲ့သည်။

ကုန်းဘောင်ခေတ်သည် မဟာဂီတကမ္ဘာကို ဝေဝေဆာဆာဖြစ်စေခဲ့သည်။ မဟာဂီတရပ်ဝန်းသည် ကြီးမားကျယ်ပြန့်ရုံမျှမက အရှိန်အဟုန်မှာလည်း မြင့်မားပြင်းထန်ခဲ့သည်။ ကုန်းဘောင်ခေတ်သည် မဟာဂီတခေတ်ဟု ခေါ်ရလောက်အောင်ပင် ကြိုး၊ ဘွဲ့၊ ပတ်ပျိုး၊ သီချင်းခံစသည့် မဟာဂီတသီချင်းတို့ အမြောက်အမြားပေါ်ထွန်းခဲ့သည်။ မွန်သံ၊ ယိုးဒယားသံ၊ ကောင်းတုံသံစသည်ဖြင့် မဟာဂီတဝင်သီချင်းသံစဉ်များမှာလည်း စုံလင်ခဲ့ပေသည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်သည် မဟာဂီတ၏ အထွန်းတောက်ဆုံးသော ရွှေခေတ်ဟူ၍ပင် တင်စားရလောက်ပေသည်။

အနုပညာသည် နှလုံးသားခံစားမှု၌မြစ်ဖျားခံသည်။ ခံစားမှုဆိုသည်မှာလည်း ဒိဋ္ဌဓမ္မလောက၏စေ့ဆော်မှုကြောင့် နိုးကြားလာသော ချစ်ခြင်း၊ မုန်းခြင်း စသည့် ခံစားမှုဝေဒနာများပင် ဖြစ်သည်။ ထိုဝေဒနာတို့ရင့်မာလာကြသောအခါ အဖြေရှာရန်အတွက် မှုဝေလိုသောစေတနာသည် ဖန်တီးသူတို့၏ရင်တွင်း၌ ဖြစ်တည်လာပြီး အနုပညာတစ်ရပ်အဖြစ် ဖန်တီးကာ ခံစားသူ၏ရင်သို့ အရောက်ပို့ဆောင်ကြတော့သည်။ ဤကား ဖန်တီးသူ၊ ခံစားသူနှင့် အနုပညာတို့၏ဆက်သွယ်ချက်ပင်တည်း။

မဟာဂီတကမ္ဘာကိုဖန်တီးထုဆစ်ခဲ့ကြသော အနုပညာဖန်တီးသူတို့သည် ဒိဋ္ဌဓမ္မလောကကို အမျက်အဉ္စတစ်စေ့မရှိ ချစ်သောမျက်စိဖြင့်ကြည့်ရှု၍ လောကအလှသဘာဝတို့ကို မဟာဂီတဝင် တေးသီချင်းများအဖြစ် ပုံဖော်ထုဆစ်ခဲ့ကြသည်။ ဝန်ကြီးပဒေသရာဇာသည် မိမိအရှင်သခင်နှင့် မိမိဇာတိမြေ၏ဂုဏ်ကျေးဇူးကိုသိ၍ "ဘုန်းထူးဝေဆာသီချင်းခံ" ကိုလည်းကောင်း၊ မြဝတီမင်းကြီး ဦးစသည် တောတောင်ရေမြေသဘာဝကိုချစ်သောစိတ်ဖြင့် သာဆန်းရဂုံဖွဲ့ကိုလည်းကောင်း၊ ဗုဒ္ဓကိုကြည်ညိုသဒ္ဓါပွားများသောစိတ်ဖြင့် ထူးမခြားနားကိုလည်းကောင်း ဖွဲ့သီခဲ့ခြင်းဖြစ်သည်။ အလားတူစွာ ပြင်စည်မင်းသားကြီး၊ လက်ဝဲနော်ရထာ၊ လှိုင်ထိပ်ခေါင်တင် စသည့် မဟာဂီတ ပညာရှင်တို့သည် တစ်စုံတစ်ခုသောအကြောင်းတရားကို ချစ်သောစိတ်ဖြင့် ရှုမြင်ခံစား၍ ဖွဲ့သီခဲ့ကြသည်။

ကိုလိုနီခေတ်သို့ရောက်သောအခါ မြန်မာစာ၊ မြန်မာစကား၊ မြန်မာမှုတို့ တဖြည်းဖြည်း မှေးမှိန်လာသကဲ့သို့ မြန်မာတို့၏ နှလုံးသည်းပွတ်ပမာဖြစ်တည်ခဲ့သော မဟာဂီတသည်လည်း တောက်ပမှုကင်းမဲ့လာသည်။ အရောင်မှိန်လာသည်။ မြန်မာဘုရင်များလက်ထက်တွင် ချီးမြှင့်မြောက်စားခြင်းခံရသော မဟာဂီတသည် နယ်ချဲ့စနစ်ကြောင့် အင်အားချည့်နဲ့လာသည်မှာ ကိုလိုနီခေတ်တစ်လျှောက်လုံးမှသည် မျက်မှောက်ခေတ်အထိပင် ဖြစ်သည်။ မဟာဂီတကမ္ဘာသည် ငယ်လာသည်။ မဟာဂီတရပ်ဝန်းသည် ကျဉ်းလာသည်။

စာရေးသူတို့ငယ်စဉ်က မြန်မာ့အသံရေဒီယိုမှ မဟာဂီတကို သီချင်းကြီးကဏ္ဍအဖြစ် အပတ်စဉ်ထုတ်လွှင့်ခဲ့သည်။ ယခုမူကား မြန်မာသံကာလပေါ် တေးသီချင်းများကိုပင် ထုတ်လွှင့်မှုကျဲပါးလာသည်။ မဟာဂီတအတွက်မူ နေရာမပေးနိုင်ကြတော့။

ထိုသို့သောအခြေအနေတွင် NUAC(Ygn) မှ ကျောင်းသားများက "မဟာဂီတကမ္ဘာ" ဟူသောအစီအစဉ်ကို အမြော်အမြင်ကြီးစွာဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဝေဝေဆာဆာဖြစ်အောင် တင်ဆက်လိုက်သည်မှာ နှစ်ထောင်းအားရဖွယ်ကောင်းလှပေသည်။ မျိုးဆက်သစ်လူငယ်များက မဟာဂီတအပေါ်အာရုံပြုမိနေသည်မှာ အံ့သြဖွယ် ချီးကျူးလေးစားဖွယ်ကောင်းနေပြန်သည်။ NUAC များတွင် မဟာဂီတကို သင်ကြားရန် အကြံပြုလမ်းညွှန်ခဲ့သော ပညာရှင်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်ကြားပေးသောပညာရှင်ဆရာ ဆရာမများ၏ ကျေးဇူးကား ကြီးမားပေစွ။

ထို့အပြင် NUAC(Ygn) သည် မဟာဂီတသီချင်းများကို မှုမှန်စိစစ်ရေး၊ စာသားစိစစ် အနက်ဖွင့်ရေးလုပ်ငန်းများကို လွန်ခဲ့သောနှစ်များကပင် ပညာရှင်ကြီးများ၏အကူအညီကိုရယူကာ ဆောင်ရွက်လျက်ရှိကြောင်း ကြားသိခဲ့ရသဖြင့် ဝမ်းမြောက်မိပြန်ပါသည်။

မျက်မှောက်ခေတ်ကာလသည် နည်းပညာခေတ်ဖြစ်၍ တိုင်းတစ်ပါးမှ ယဉ်ကျေးမှုများ အလွယ်တကူဝင်ရောက်နေချိန်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံသားအားလုံး ယဉ်ကျေးမှုကိုယ်ခံအားတွေ ကောင်းကြပါမှ ကြံ့ကြံ့ခံနိုင်မည်။ တိုင်းတစ်ပါးယဉ်ကျေးမှုကို တားဆီးတွန်းလှန်နိုင်မည်ဖြစ်သည်။ လက်နက်ကိုင်၍ နယ်ချဲ့ခြင်းသည် ထင်လွယ်၊ မြင်လွယ်၊ သိလွယ်သည်။ ယဉ်ကျေးမှုမျက်နှာစာမှ လက်နက်မဲ့နယ်ချဲ့ခြင်းကား အသိခက်၊ အမြင်ခက်၊ အထင်ခက်သည်။ မသိမမြင်လိုက်ပါမူ ယဉ်ကျေးမှုကိုယ်ခံမဲ့သူအဖို့ အသိတရားမဲ့စွာ၊ နှစ်သက်ခုံမင်ခြင်းဖြင့် ကြိုဆိုလက်ခံမိတတ်သည်။ ထိုသို့ဖြစ်ဖန်များလာလျှင် မိမိယဉ်ကျေးမှုကို တိုင်းတစ်ပါးယဉ်ကျေးမှုက ဝါးမျိုတော့မည်မှာ ဓမ္မတာပင်ဖြစ်သည်။

ထိုအန္တရာယ်ကို ယဉ်ကျေးမှုမျက်နှာစာမှ ခုခံကာကွယ်နေကြသူများမှာ NUAC (ရန်ကုန်/ မန္တလေး) တွင် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများပင်ဖြစ်သည်။ NUAC တက္ကသိုလ်များသည် ယဉ်ကျေးမှုမျက်နှာစာမှခံတပ်များ၊ ခံကတုတ်များပင် ဖြစ်သည်။ မြန်မာ့အနုပညာ၊ မြန်မာ့ယဉ်ကျေးမှုအတွက် အားရကျေနပ်ဖွယ်ရာများပင်ဖြစ်သည်။ NUAC တက္ကသိုလ်တွင် ပညာသင်ကြားနေကြသော ဂီတအထူးပြု ကျောင်းသား ကျောင်းသူများသည် မဟာဂီတကမ္ဘာကို ဖော်ထုတ်ထိန်းသိမ်းသကဲ့သို့ ပြန့်ပွားအောင်ဆောင်ရွက်ရန်လည်း အထူးလိုအပ်နေပေသည်။ ပို၍ကျယ်ပြန့်သော၊ ပို၍ဝေဆာသော မဟာဂီတကမ္ဘာကို တည်ဆောက်နိုင်ကြပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။

**ကျော်ထက် (မြန်မာစာ)**

**ယခုကဲ့သို့ မြန်မာတူရိယာအစုံအလင်ကို အံ့နှင့်ကျင်းနှင့်၊ အင်နှင့်အားနှင့်အသုံးပြု၍ တီးခတ်မှုကို ကြားနာရသည်မှာ နားဝင်ပီယံဖြစ်ရုံမျှမက တရှိုက်မက်မက်စွဲလမ်းမှုကို ဖြစ်စေသည်။ ချိုမြသော မဟာဂီတသံစဉ်တို့သည် အသံထုထည်ကြီးမားစွာ နားစည်မှတစ်ဆင့် နှလုံးသားကို လှုပ်ခတ်စေ**




## မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ ပထမအကြိမ် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ ပထမအကြိမ်သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀နာရီတွင် မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်ရုံးခွဲ)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပူဇော်ပွဲအတွက် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၅ ရက်က ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း(ဟုမ်းလမ်း)ရှိ ရွှေအိမ်သစ်စားသောက်ဆိုင်၌ ပြုလုပ်ခဲ့ရာ ရွှေအိမ်သစ်စားသောက်ဆိုင်ပိုင်ရှင် ဦးခိုင်မိုရ်မင်း (ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းဒုတိယဥက္ကဋ္ဌ) မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ တာချီလိတ်မြို့နယ်သတင်းထောက် ဦးအောင်ဖြိုးရှိန်(မောင်ယဉ်ကျေး-တာချီလိတ်)မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးညွန့်ဌေး (ကြာငါးခိုင်) မိသားစုက ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ အဖွဲ့နာယကများ၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်နှင့် အလုပ်အမှုဆောင်အဖွဲ့က လက်ခံရယူပေးခဲ့ကြောင်း သိရသည်။

**ကိုကြီးတင်**

# ပျူဒေသ ကုန်းတွင်းဆားချက်လုပ်ငန်း

**မောင်သာ(ရှေးဟောင်းသုတေသန)**

မြန်မာနိုင်ငံအတွင်းရှိ သမိုင်းဝင် ရှေးဟောင်းနေရာဒေသများအနက် ပျူယဉ်ကျေးမှု အထောက်အထားများစွာ ကျန်ရှိနေသော မြို့ဟောင်းများဖြစ်ကြသည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့ကို ကမ္ဘာ့ကုလသမဂ္ဂ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)က ကမ္ဘာ့အမွေအနှစ်ဒေသများအဖြစ် ၂၀၁၄ ခုနှစ် ဇွန်လ ၁၈ ရက်တွင် အသိအမှတ်ပြုခဲ့ပြီးနောက် ပြည်တွင်းပြည်ပ သုတေသီများနှင့် ခရီးသွားများသည် မြန်မာ့ ပျူမြို့ဟောင်းများကို ယခင်ကထက် ပိုမို စိတ်ဝင်စားလာခဲ့ကြသည်။

ပျူမြို့ဟောင်းများအနက် မြောက်ဘက်ရှိ ဟန်လင်းမှ အနောက်တောင်ယွန်းယွန်း ၂၇၀ ကီလိုမီတာတွင် ဗိဿနိုးမြို့ဟောင်း တည်ရှိသည်။ ဗိဿနိုးမြို့ဟောင်းမှ တောင်ဘက် ကီလိုမီတာ ၁၃၀ တွင် သရေခေတ္တရာမြို့ဟောင်းရှိကာ တောင်မြောက်တန်းနေကြသည်။ ပျူမြို့ဟောင်းများအနက် ဟန်လင်းမြို့ဟောင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်း ရွှေဘိုမြို့မှ တောင်ဘက် ၁၀ မိုင် ၅ ဖာလုံနှင့် ဝက်လက်မြို့မှ အရှေ့မြောက်ဘက် ခြောက်မိုင်ကွာဝေးပြီး မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၂၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ်အကြားတွင် တည်ရှိနေသည်။

ဟန်လင်းမြို့ဟောင်းသည် ထောင့်မှန်စတုဂံပုံရှိကာ အရှေ့မှ အနောက်သို့ ၁ ဒသမ ၆ ကီလိုမီတာနှင့် တောင်မှမြောက်သို့ ၃ ဒသမ ၂ ကီလိုမီတာ ကျယ်ဝန်းပြီး ဧရိယာ ဟက်တာ ၈ေ ၅၀၀ ကျော်ရှိသည်။ ဟန်လင်းမြို့ဟောင်း၏ မူလမြို့ရိုးသည် ၁၆ ပေ အကျယ်ရှိနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့သည်။

ကမ္ဘည်းကျောက်စာဝန် မစ္စတာတော်စိန်ခို ဦးစီးသောအဖွဲ့သည် ဟန်လင်းမြို့ဟောင်းကို ပဏာမ ကွင်းဆင်းလေ့လာခဲ့ပြီး ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလ၌ နေရာ ၁၀ ခုတွင် ပထမဆုံး စမ်းသပ်တူးဖော်မှုများကို ဆောင်ရွက်ခဲ့သည်။ မစ္စတာချားလ်ဒူရွိုင်ဆယ်က ၁၉၂၉ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်တွင် ဟန်လင်းကို ထပ်မံတူးဖော်ခဲ့ပြီး ခေတ်အဆက်ဆက် ဟန်လင်းမြို့ဟောင်းကို သုတေသနပြုလုပ်ခဲ့ရာ ၂၀၁၄-၂၀၁၅ ခုနှစ် အထိ ဟန်လင်းမြို့ဟောင်းအတွင်း တူးဖော်ခဲ့သော ကုန်းပေါင်း ၃၈ ကုန်းခန့် ရှိပေသည်။

**ဟန်လင်းဆား**

ပင်လယ်ဆားငန်ရေ တစ်လီတာတွင် ဆား ၃၅ ဂရမ် ပျော်ဝင်နေသဖြင့် ပင်လယ်ရေကို နေအပူရှိန်ဖြင့် အငွေ့ပြန်စေခြင်းဖြင့် ဆားကြမ်းများကို ပင်လယ်ရေမှ ထုတ်လုပ်ကြသည်။ ယင်းတို့ကို နေလှန်းဆားဟုခေါ်ပြီး ဆားကြမ်းခဲများကို အမှုန့်ကြိတ်ကာ အရောင်ချွတ်ခြင်းဖြင့် အိမ်သုံးဆားများကို ရရှိသည်။

ပင်လယ်ဒေသမဟုတ်သော်လည်း ဟန်လင်းဒေသရှိ သဘာဝရေပူစမ်းများနှင့် ရေတွင်းရေကန်များမှ ဆိုဒီယမ်ကလိုရိုက် ပျော်ဝင်နေသော အငန်ဓာတ်များသည့် ရေများ ထွက်ရှိနေသဖြင့် ထိုရေငန်များကို မြေငန်များအဖြစ် ပြောင်းလဲလျက် အိမ်သုံးဆားများကို ထုတ်ယူကြသည်။ ဟန်လင်းရှိ ရေပူစမ်းများတွင် ဆားဓာတ် ဝ ဒသမ ၂ မှ ၁ ဒသမ ၅ ရာနှုန်းအထိ ပါဝင်လျက်ရှိကာ ဟန်လင်းဒေသဝန်းကျင်ရှိမြေသည် အငန်ဓာတ်ပါရှိသည့် မြေငန်များဖြစ်ကြသည်။ ဟန်လင်းဒေသနေသူများသည် ထိုမြေများမှ ဆားထုတ်လုပ်ငန်းကို စီးပွားလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြသည်။ ပင်လယ်နှင့်ဝေးလံသော ဟန်လင်းဒေသ ဆားလုပ်ငန်းသည် ပင်လယ်ရေမှထုတ်လုပ်ခြင်းမဟုတ်သည့် ကုန်းတွင်းပိုင်း ဆားထုတ်လုပ်ငန်းဖြစ်သည်။

ဟန်လင်းဒေသတွင် တောင်မြောက် ပေ ၁၀၀၀၀၊ အရှေ့အနောက် ပေ ၃၅၀၀ အတွင်း ဆားမြေများရှိနေသည်။ ယင်းဆားမြေများမှ ဆားထုတ်လုပ်ရာတွင် မြေခြောက်ခင်းနည်း၊ မြေစိုခင်းနည်းနှင့် မြောင်းတိုက်ခင်းနည်းဟူ၍ ပြုလုပ်ပုံသုံးမျိုးရှိသည်။

မြေခြောက်ခင်းနည်းတွင် ဆားထုတ်လုပ်မည့် ဆားခင်းဟုခေါ်သည့် မြေနေရာရှိ ပေါင်းမြက်များကို ရှင်းလင်းပြီးနောက် မြေပြင်ညီညွတ်ပြန့်ပြူးစေရန် ထွန်ဖြင့်ညှိရသည်။ ဆားခင်းမြေညှိခြင်းကို မိုးကုန်ချိန်မှစ၍ ပြုလုပ်နိုင်ကြသည်။ ဆားခင်းကို ညပိုင်းတွင် နှင်းငွေ့ကြောင့် စိုစွတ်စေပြီး နေ့ပိုင်းတွင် နေရောင်ခြည်အပူကြောင့် ခြောက်သွေ့သွားစေသည်။ ထိုသို့ နှင်းစိုခံပြီးမှ ပြန်လည်ခြောက်သွေ့သည့်မြေများကို ဆားချက်သည့်နည်းကို မြေခင်းခြောက်နည်းဟု ခေါ်ကြသည်။

မြေခင်းစိုနည်းသည် ဆားခင်းမြေများကို ဆောင်းဦးပေါက်အချိန်များတွင် ထွန်ဖြင့် ခြစ်ယူကာ မြေစာများကိုချေထားပြီးနောက် ဆားခင်းအတွင်းသို့ ရေပူစမ်းများမှရေများကို ဆားခင်းပြည့်သည်အထိ ဖြည့်သွင်းကြရသည်။ ယင်းနောက် ဆားခင်းအတွင်း ထည့်သွင်းထားသောရေများကို နေရောင်ဖြင့်အငွေ့ပြန်စေကာ ထွက်ရှိလာသည့်မြေကြီးများကို ဆားချက်လုပ်သည့်နည်းဖြစ်သည်။

မြောင်းတိုက်နည်းသည် မြေစိုခင်းနည်းနှင့်တူညီပြီး ဆားခင်းသို့မြောင်းများ သွယ်ကာ ရေသွင်းသဖြင့် မြောင်းတိုက်နည်းဟု ခေါ်ဆိုသည်။

မည်သည့်နည်းဖြင့်ပင် ပြုလုပ်သည်ဖြစ်စေ ဆားထုတ်မည့်မြေကို ထွန်ဖြင့်ခြစ်ခြင်း၊ သို့မဟုတ် ပေါက်တူးဖြင့်တူးခြင်းတို့ကို ဆောင်ရွက်ကာ ဆားမြေများကို ဦးစွာ စုဆောင်းကြရသည်။

ဆားခင်းဟုခေါ်သည့် ဆားချက်မည့်မြေကြီးများ စုဆောင်းသည့်နေရာကို လေးဘက်ပိတ်ကာ ရေသွင်းမြောင်းများ သွယ်တန်းထားပြီး မြေသားကိုညက်နေသည် အထိ ထွန်ယက်ရသည်။ ထို့နောက် မြေသားညက်နေသည့် ဆားခင်းအတွင်းသို့ ရေသွင်းမြောင်းမှတစ်ဆင့် ရေငန်များကို ဖြည့်သွင်းပေးရပြီး ဆားခင်းတွင် ရေပြည့်လျှင် ရေထွက်ပေါက်များ အားလုံးကို ပိတ်၍ ဆားခင်းကို ပျမ်းမျှ ရက် ၂၀ မှ တစ်လခန့်အထိ မည်သို့မျှမလုပ်ဘဲ ထားရန်သာဖြစ်သည်။ထိုရက်များအတွင်း ဆားခင်းအတွင်းထည့်သွင်းထားသည့် ဆားငန်ရေများသည် နေအပူကြောင့် တဖြည်းဖြည်းခန်းခြောက်လာသည်။ ထိုသို့ နေရောင်အပူဖြင့် ဆားခင်းကို နေလှမ်းထားခြင်းကို ဆားမြေငန် ရွှတက်လာစေရန် ဆားခင်းပျိုးသည်ဟု ခေါ်သည်။

ပင်လယ်ပိုင်းဒေသများတွင်မူ ပင်လယ်ရေကို နေလှန်းခြင်းဖြင့် ရေများခြောက်သွားချိန်တွင် နေလှန်းဆားကြမ်းခဲများကို ရရှိသည်။ ကုန်းတွင်းဆားလုပ်ငန်းတွင်မူ ဆားခင်းတွင် ရေခန်းခြောက်သွားသောအခါ၌ အငန်ဓာတ်ပါဝင်သော ဆားမြေများ ကျန်ရစ်နေခဲ့သည်။ ယင်းဆားငန်မြေများကို ထွန်ခြစ်များဖြင့်ခြစ်ယူကာ စုပုံထားပြီး ဆားမြေကို ပြန်လည်ထွန်ယက်ကာ ဒုတိယအကြိမ် ဆားရည်များသွင်းပြီး နေပူတွင်



**ဟန်လင်းဒေသ ဆားချက်လုပ်ငန်းတစ်ခုတွင် မြေပုံကားတည်၍ ဆားချက်နေစဉ်**

ခြောက်သွေ့စေရသည်။ ဤသို့ဖြင့် ဆားတစ်ရာသီတွင် ဆားမြေငန်များကို လေးကြိမ်၊ ငါးကြိမ်ခန့် ဆားခင်းပျိုးကြရသည်။

ဆားကွင်းများမှခြစ်ယူထားသော ဆားငန်မြေများမှ ဆားရေများစစ်ထုတ်ရန် ကောက်ရိုးနှင့်ရွှံ့ကိုရောလျက် မြေပုံကားတည်ရသည်။ မြေပုံကားတည်သည်ဆိုသည်မှာ မြေကြီးများကို တောင်ပူစာငယ်ပုံ စုပုံလျက် အတွင်းတွင် ဆားမြေများထည့်နိုင်ရန် ဒယ်အိုးပုံချိုင့်ခွက်ကျယ် ပြုလုပ်ထားပြီး အောက်ခြေတွင် ဝါးနှုတ်သီးတစ်ချောင်း တပ်ထားခြင်းဖြစ်သည်။

ကား ဟူသည့်ဝေါဟာရသည် မွန် စကားလုံးဖြစ်ပြီး နှုတ်သီးတပ်ထားသည့် အိုးခွက်များဟု အဓိပ္ပာယ်ရှိသည်ဟု ဆိုသည်။ မြေကြီးကို ဒယ်အိုးပုံစံပြုလုပ်ကာ ဝါးပြွန်တစ်ချောင်းကို နှုတ်သီးအဖြစ်တပ်ထားသည့် ဆားရေစစ်သည် နှုတ်သီးတပ်ထားသောအိုးတစ်လုံးနှင့် တူနေသဖြင့် ကားဟု ခေါ်ဆိုခဲ့ကြောင်း ရှေးဟောင်းသုတေသနည္ဟွန်ကြားရေးဝန်ဟောင်း ဆရာကြီးဦးဖိုးလတ်က ရှင်းပြခဲ့သည်ဟု မှတ်သားခဲ့ရပေသည်။

မြေပုံကားတစ်ခုလျှင် အရွယ်အကြီးအသေးပေါ်မူတည်လျက် ဆားမြေ သုံးတင်းမှ လေးတင်းအထိ ထည့်သွင်းနိုင်ကာ မြေပုံကား၏အောက်ခြေတွင် ဆားရည်များထွက်နိုင်ရန် ဝါးပြွန်တစ်ချောင်းကို တပ်ထားသည်။ မြေပုံကားအတွင်း စပါးခွံဖွဲပြာများခံကာ ဆားမြေများထည့်ပြီး ရေလောင်းလိုက်လျှင် ဆားငန်ရေများသည် ဆားမြေကို ဖြတ်ကာ ရေစစ်ပေါက်တွင်တပ်ထားသော ဝါးပြွန်မှ ကနားရေဟုခေါ်သည့် ရေညစ်များ ဦးစွာစီးကျလာသည်။ ရေညစ်များကုန်သွားပြီးနောက် ဆားရေသန့်များကျလာလျှင် ထိုရေများကို မြေအိုးများဖြင့်ခံ၍ စုယူကာ ရာဝင်စဉ့်အိုးကြီးများတွင် စုဆောင်းသိုလှောင်ထားကြရသည်။

ဆားမြေတစ်ကေတွင် မြေပုံကား ၁၀ လုံး ပြုလုပ်ပြီး ဆားရည်ခံလျှင် ၂၄ နာရီတွင် ဆားငန်ရည် မြေအိုးနှစ်လုံးခန့်ရရှိသည်။ ထို့ကြောင့် ဆားမြေတစ်ကေမှ တစ်လလျှင် ဆားငန်ရည်အိုး ၆၀၀ ရရှိသည်။ ဆားငန်ရည်တစ်အိုးကို ကျိုချက်ပါက ဆားပွင့် နှစ်ပိဿာခန့်ရရှိသဖြင့် ဆားမြေတစ်ကေမှ တစ်လလျှင် ဆား ပိဿာ ၁၂၀၀ ထွက်ရှိသည်။ ထို့ကြောင့် ဆားထုတ်လုပ်ရာသီ ပျမ်းမျှ လေးလတွင် ဆားပိဿာ ၄၈၀၀ မျှ ရရှိကြပေသည်။ ဒေသပေါက်ဈေးအရ ဆားတစ်ပိဿာလျှင် ၃၀၀ ကျပ်မှ ၄၀၀ ကျပ်အတွင်း ရောင်းချကြရသည်။

**ဆားချက်လုပ်ငန်း**

စုထားသော ဆားငန်ရည်များကို ကျိုချက်ရန်အတွက် အလျား ၈ ပေ၊ အနံ ၄ ပေ ရှိသော လိုင်းမပါသည့် သွပ်ပြားကို ၄ လက်မအနက်ရှိသော လေးထောင့်ပုံဒယ်အဖြစ် ပြုလုပ်ရသည်။ ထိုလေးထောင့်ပုံ သွပ်ဒယ်ထဲတွင် ဆားငန်ရေများထည့်ကာ မီးဖြင့် ကျိုချက်ခြင်းဖြင့် ဆားပွင့်များကိုရရှိသည်။ သွပ်ဒယ်တစ်ခုတွင် ဆားငန်ရည် ၁၀ အိုးဆံ့သည်။ ဆားငန်ရည်ကိုကျိုချက်ကြရာတွင် ဆားပိဿာ ၁၀၀ ရရှိရန် စပါးခွံဖွဲလှည်းတစ်စီးတိုက် အသုံးပြုရသည်။ အချို့က ထင်းကိုအသုံးပြုကြသကဲ့သို့ ထန်းလက်ခြောက်၊ အုန်းလက်ခြောက်၊ ပဲစင်းငုံရိုးစသော စိုက်ပျိုးပင် စွန့်ပစ်ပစ္စည်းများကိုလည်း သုံးစွဲကြသည်။

ရှေးယခင်အခါများက ဆားချက်ရာတွင် လဘုံးအိုးဟုခေါ်သည့် ဟန်လင်းဒေသလုပ် မြေအိုးများဖြင့် ချက်လုပ်ခဲ့ကြသည်။ ဆရာတော်ဦးနာဂ၏ အမှတ်အသားများအရ ဟန်လင်းဆားချက်ရာတွင် လဘုံးအိုးများကို မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်အထိ အသုံးပြုခဲ့ကြောင်း ဆရာကြီးဦးမြင့်အောင်က ရေးသားခဲ့သည်။

ဟန်လင်းဒေသ၏ မိုးရေချိန်သည် တစ်နှစ်လျှင် လက်မ ၃၀ နှင့် ၃၅ လက်မကြား ရွာသွန်းလေ့ရှိပြီး မိုးနည်းသောနှစ်များတွင် ၂၅ လက်မသာ ရွာသွန်းသည်။ မိုးရွာသွန်းမှုများသောနှစ်များတွင် ဆားခင်းများရေလျှံကာ ဆားမြေများ ပျက်စီးလေ့ရှိသဖြင့် ဆားအထွက်နှုန်းလျော့နည်းသည်။ မိုးရွာသွန်းမှု နည်းပါးသောနှစ်များနှင့် မိုးခေါင်သောနှစ်များတွင် ဆားမြေထုတ်လုပ်ခြင်းကို မိုးတွင်းကာလ ဝါဆိုဝါခေါင်လများအထိ ပြုလုပ်နိုင်သည်။ ယင်းအချိန်များတွင် ဆားခင်းများသည် ပျက်စီးမှုမရှိဘဲ မိုးတွင်းကာလ၌ပင် ဆားအထွက်ကောင်းသဖြင့် ဝါဆိုဝါခေါင် ဆားတစ်ထောင်ဟု တင်စားပြောဆိုလေ့ရှိကြသည်။ ယေဘုယျအားဖြင့် နတ်တော်လနှင့် ပြာသိုတွင် ဆားခင်းများပျိုးကြပြီး တစ်လကြာမှ ဆားရေများစုဆောင်းကာ ဆားချက်ကြသည်။ ပြာသိုလမှ တန်ခူးလအထိ ဆားချက်ရာသီ လေးလဟုဆိုသော်လည်း ရာသီဥတုအပေါ် မူတည်လျက် ကဆုန် နယုန်လများအထိ ဆားချက်လုပ်လေ့ရှိကြသည်။

ဟန်လင်းတွင်နေထိုင်ကြသူများသည် ကုန်းတွင်းဆားချက်လုပ်ငန်းကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ဆောင်ရွက်ခဲ့ကြရာ ယခုအခါတွင် ဒေသစီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်လာခဲ့သည်။ ကုန်းတွင်းဆားထုတ်လုပ်ငန်း ဆောင်ရွက်ရာတွင် ပင်လယ်ဒေသ နေလှန်းဆားလုပ်ငန်းများကဲ့သို့ စက်ဖြင့်ပြန်ကြိတ်ရသည့် ဆားကြမ်းများ ထွက်ရှိခြင်းမဟုတ်ဘဲ အသင့်အသုံးပြုနိုင်သည့် ဆားပွင့်အနုများ ထွက်ရှိခြင်းက ထူးခြားချက်ဖြစ်သည်။ ဆားမြေမှစစ်ယူထားသည့် ဆားရေကို ခန်းအောင်ချက်၍ ထွက်ရှိလာသည့်ဆားများကို ဈေးကွက်သို့တိုက်ရိုက်တင်ပို့ရောင်းချနိုင်ကြပေသည်။

ဟန်လင်းဝန်းကျင်နယ်မြေများတွင် ရှေးယခင်က ဟန်လင်း၊ သခွတ္တော၊ လိန်ပင်ရွာများ၌ ဆားကို တွင်ကျယ်စွာ ထုတ်လုပ်ခဲ့ကြသော်လည်း ယခုအချိန်တွင် မြေယာဈေးကြီးမြင့်လာမှု၊ ရေမြေသဘာဝ ပြောင်းလဲလာမှု၊ ထုတ်လုပ်မှုစရိတ် မြင့်မားလာမှုတို့ကြောင့် သခွတ္တောရွာတွင် အများဆုံး ထုတ်လုပ်လျက်ရှိသည်။ ဟန်လင်းစံပြကျေးရွာတွင်လည်း ဆားလုပ်ငန်းဆောင်ရွက်သည့် လများတွင် ဆားခင်းတည်ချိန်မှစ၍ ကားဖြင့် ဆားရည်စစ်ပုံ၊ သွပ်ဒယ်များဖြင့် ဆားချက်လုပ်ပုံများကို လေ့လာနိုင်ကြပေသည်။

ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် ဟန်လင်းဒေသတွင် ရှေးဟောင်းပျူလူမျိုးများ ဆားချက်လုပ်ခဲ့သည့် ခိုင်မာသော အထောက်အထားများကို မတွေ့ရှိရသေးသော်လည်း ပျူလူမျိုးများသည်လည်း ဆားကို တစ်နည်းနည်းဖြင့် ထုတ်လုပ်၊ စားသုံးခဲ့မည်ဟု မှန်းဆနိုင်ပေသည်။ ပျူခေတ်တွင် ဆားကုန်သွယ်ခြင်း ပြုလုပ်ခဲ့ခြင်း ရှိမရှိ တိကျစွာ မသိရှိကြသေးပါချေ။

ရှေးအခါက ပင်လယ်ကမ်းခြေတွင် ဆားချက်လုပ်ငန်းကျွမ်းကျင်သော မွန်လူမျိုးများသည် ဆားချက်လုပ်ငန်းကို ပျူတို့ဒေသသို့ လာရောက်လုပ်ကိုင်ခဲ့ရာမှ ဟန်လင်းဆားချက်လုပ်ငန်းများ ဖြစ်ထွန်းလာသည်ဟူသည့် ယူဆချက်ကို ဆရာကြီးဦးမြင့်အောင်က ပယ်ခဲ့သည်။ ဟန်လင်းမြို့ဟောင်းတူးဖော်မှု အထောက်အထားများအရ အေဒီ ၂ ရာစုနှင့် ၉ ရာစုအတွင်း ပျူလူမျိုးများနှင့် မွန်လူမျိုးများ အဆက်အဆံရှိခဲ့သည့် အထောက်ထားကို မတွေ့ရှိခဲ့ရကြောင်း ထောက်ပြခဲ့သည်။ သို့သော် ပျူခေတ်နောက်ပိုင်းတွင် ရွှေဘိုနယ်တစ်ဝိုက်၌ မွန်နှင့် မြန်မာများ ဆက်ဆံမှုများရှိခဲ့သဖြင့် မွန်တို့ထံမှ ဆားလုပ်ငန်းဝေါဟာရများကို ရရှိသုံးစွဲခဲ့ဟန်ရှိကြောင်း ဟန်လင်းရွာဆား လုပ်ငန်းမှ မွန်ဝေါဟာရအချို့ ဆောင်းပါးတွင် တင်ပြထားပေသည်။

မည်သို့ပင်ဖြစ်စေ ပျူယဉ်ကျေးမှုနယ်မြေ ဟန်လင်းဒေသသို့ လာရောက်လေ့လာလည်ပတ်ကြသူများသည် ဒေသရှိ ပျူတို့၏ ရှေးဟောင်းအမွေအနှစ်များကို ကြည့်ရှုလေ့လာလျက် ဒေသ၏ ထူးခြားသော ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ် သည့် ကုန်းတွင်းဆားချက်လုပ်ငန်းကိုပါ လေ့လာနိုင်ကြပေသည်။ ။

**ကိုးကား**

(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)
(၂) ရှေးဟောင်းသုတေသန ဆောင်းပါးများ(ဦးမြင့်အောင်)
(၃) ဟန်လင်း ကွင်းဆင်းမှတ်တမ်းများ



## ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံခြင်း အသိပေးရှင်းလင်း

**သထုံ အောက်တိုဘာ ၃၀**

နိုင်ငံတစ်ဝန်းတွင် ပြုလုပ်မည့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇)နှင့် ပတ်သတ်၍ ဒေသခံပြည်သူများနှင့် ဒေသတွင်း ဌာနဆိုင်ရာများအား အသိပေးညှိနှိုင်း ရှင်းလင်းပွဲကို အောက်တိုဘာ ၂၈ ရက်က မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် အမျိုးသားလွှတ်တော် အားကစားနှင့် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်ကိုယ်စား ဒေါက်တာပြုံးချိုတို့က အမှာစကားပြောကြားပြီး သထုံခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းအိက ဂျပန်ဦးနှောက်ရောင်ရောဂါ ကူးစက်ပုံ၊ ရောဂါလက္ခဏာများ၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း အစီအစဉ်များ စသည်တို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇)အဖြစ် အသက် ၉ လ မှ ၁၅ နှစ်အတွင်းရှိ ကလေးများအား နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံပေးခြင်း အစီအစဉ်ဖြင့် အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် နိုင်ငံတကာကျောင်းများတွင် ဆေးထိုးစုရပ်များဖွင့်လှစ်၍ ပထမအကြိမ် ဆေးထိုးနှံပေးမည်ဖြစ်သည်။

ဆက်လက်၍ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံပေးခြင်း အစီအစဉ်ဖြင့် မြို့နယ်ဆေးရုံများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများ၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၊ ဘုန်းကြီးကျောင်းဓမ္မာရုံများနှင့် အခြားသတ်မှတ်ထားသည့် နေရာများတွင် ဆေးထိုးစုရပ်များဖွင့်လှစ်၍ ကာကွယ်ဆေးများ အစုလိုက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လာမည့်နှစ် ဇန်နဝါရီလမှစတင်ကာ အသက် ၉ လအရွယ် ကလေးငယ်များအတွက် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင်လည်း အဆိုပါကာကွယ်ဆေးကို ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကာကွယ်ဆေးထိုးရန် အသိပေးရှင်းလင်းပွဲသို့ သထုံမြို့နယ်အတွင်း ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သက်ဦး(သထုံ)**

## ခွင့်မပြုဆိုးဆေး ကင်းစင်ရေး ဆွေးနွေးဟောပြော

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ဈေးချိုတော်၌ ခွင့်မပြုဆိုးဆေး ကင်းစင်ရေးနှင့် ပတ်သက်၍ ဈေးရောင်းချသူများအား အသိပညာပေးဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက်က ဈေးချိုတော်ဈေးရုံးတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာနမှူး ဦးခင်အောင်က အမှာစကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က အစားအသောက်များတွင် ခွင့်မပြုဆိုးဆေးများ ပါဝင်မှု အခြေအနေ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် အစားအသောက်များ ဘေးကင်းလုံခြုံရေးအတွက် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အစားအသောက်နမူနာများကို ဝယ်ယူကာ ခွင့်မပြုဆိုးဆေး ပါဝင်ခြင်းရှိ မရှိ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလင်းလင်းချစ်ကလည်း အစားအသောက်များ ဆိုးဆေးကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများကို ဆွေးနွေးဟောပြောပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှမျိုးထွန်းကလည်း စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဈေးသူ ဈေးသားများ၏ မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ဆွေးနွေးပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိန်းတိုးဝင်း၊ မြို့တော်စည်ပင်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆိုးဆေးအသုံးပြုရသည့် စားသောက်ကုန်ရောင်းချသော ဈေးသူ ဈေးသားများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် မန္တလေးမြို့ပေါ်ရှိ ဈေးများတွင် ရောင်းချလျက်ရှိသော ဆေးဝါးများ၊ စားသောက်ကုန်များကို အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးနှင့် လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာရေးကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## နေပြည်တော်လယ်ဝေးမှ ထွက်ရှိသော နှမ်းနက်များ မန္တလေးဈေးကွက်တွင် အရောင်းသွက်

**မန္တလေး အောက်တိုဘာ ၃၀**



နေပြည်တော် လယ်ဝေးနှင့် ပျဉ်းမနားဘက်မှ အောက်တိုဘာလဆန်းပိုင်းက ထွက်ရှိလာသော နှမ်းနက်များကို တရုတ်ဝယ်လိုအားရှိနေသောကြောင့် မန္တလေးဈေးကွက်တွင် အရောင်းသွက်နေကြောင်း သိရသည်။ အဆိုပါနှမ်းကို မိုးရာသီတွင် စိုက်ပျိုးခြင်းဖြစ်ပြီး ရာသီဥတုမျှတသဖြင့် အထွက်နှုန်းလည်း သင့်တင့်ကောင်းမွန်ခဲ့ကြောင်း သိရသည်။

မြန်မာကထွက်တဲ့ နှမ်းနက်က တရုတ်ပြည်မှာ စားသုံးမှုသာမကဘဲ အလှကုန်နဲ့ ဆေးဝါးထုတ်လုပ်ရာမှာ အများဆုံးအသုံးပြုနေတယ်လို့ သိရတယ်။ တချို့ကြားရတဲ့သတင်းတွေအရလည်း ဒီနှမ်းနက်ကို ဂျပန်က ဝယ်ယူဖို့ စာချုပ်ချုပ်တယ်လို့ သိရတယ်။ ပြည်တွင်းမှာတော့ တိုင်းရင်းဆေးအသုံးပြုတာကလွဲလို့ စားသုံးတာမရှိဘူး”ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

နှမ်းနက်အမျိုးအစားများအနက် စမုံနက်နှမ်းမှာ အကောင်းဆုံးနှင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်ပြီး ဝယ်လိုအားလည်းကောင်းကာ နေ့စဉ်ရက်ဆက် အဝယ်လိုက်နေသလို နှမ်းနက်များနှင့်အတူ ထိုဒေသထွက် နှမ်းညိုများလည်း အဝယ်လိုက်နေကြောင်း သိရသည်။

လက်ရှိ မန္တလေးနှမ်းနက်ဈေးကွက်တွင် နှမ်းနက်(စမုံနက်)ထိပ်စမှာ သုံးတင်းတစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်၊ ရိုးရိုးနှမ်းနက်မှာ ၁၁၅၀၀၀ ကျပ် ဈေးရှိပြီး နှမ်းညိုမှာ ၉၈၀၀၀ ကျပ် ပေါက်ဈေးရှိကြောင်း၊ နှမ်းနက်များသည် မကွေး၊ အောင်လံဒေသဘက်မှ အများဆုံးထွက်ရှိပြီး တောင်သူများက ပဲတီစိမ်းရိတ်သိမ်းပြီးနောက်တွင် အပိုဝင်ငွေရရှိရန် သီးထပ်အဖြစ် ရက် ၉၀ အတွင်း စိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တရားရေးရုံးမိသားစုက မိဘမဲ့ဂေဟာများသို့ အလှူငွေများ သွားရောက်ထောက်ပံ့

**မူဆယ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်နှင့် မြို့နယ်တရားရုံးဝန်ထမ်းမိသားစုများ စုပေါင်း၍ မူဆယ်မြို့ပေါ်ရပ်ကွက်များအတွင်းရှိ မိဘမဲ့ဂေဟာများသို့ အလှူငွေများ အောက်တိုဘာ ၂၈ ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။

ခရိုင်/မြို့နယ် တရားရုံးမိသားစုများအဖွဲ့သည် မူဆယ်မြို့ စေတနာ့ပရဟိတ အသင်းရုံး၌ ကျင်းပပြုလုပ်သည့် မူဆယ်မြို့နယ် စာရေးဆရာအသင်းနှင့် သာသနာ့နုဂ္ဂဟ စေတနာ့ပရဟိတအသင်းတို့အား ဂုဏ်ပြုမတည်ငွေ ပေးအပ်ပွဲအခမ်းအနားသို့ သွားရောက်ပြီး စာရေးဆရာအသင်းနှင့် ပရဟိတအသင်းတို့အား အလှူငွေ ကျပ်နှစ်သိန်းစီ မတည်လှူဒါန်းကာ ခရိုင်တရားသူကြီး ဦးဟုတ်ရီက အလှူငွေများ မတည်လှူဒါန်းခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တရားရေးရုံးမိသားစုအဖွဲ့သည် မူဆယ်မြို့ ၄၅ ကုန်း ရပ်ကွက်ရှိ မိုးသောက်ပန်းမိဘမဲ့ဂေဟာသို့ သွားရောက်ပြီး ဂေဟာမှ မိဘမဲ့ကလေးငယ် ၅၅ ဦးအတွက် အလှူငွေ ကျပ် နှစ်သိန်းကို ဂေဟာတာဝန်ခံ ဒေါ်ကျိန်ငိုက်လျှန်ထံသို့လည်းကောင်း၊ နမ့်ခွမ်ကျေးရွာရှိ ကရုဏာစံအိမ် မိဘမဲ့ဂေဟာမှ ကလေးငယ် ၈၇ ဦးအတွက် အလှူငွေကျပ် နှစ်သိန်းကို ဂေဟာအတွင်းရေးမှူး ဦးထန်ကပ်ပြောင်ထံသို့လည်းကောင်း၊ ၁၀၅ မိုင်ရှိ ကမ္ဘောဇသိင်္ဂီ သီလရှင်ပညာရေးကျောင်းမှ သီလရှင်ဆရာလေး ၃၁၇ ဦးအတွက် တန်ဖိုးကျပ် လေးသိန်းခန့်ရှိ ဖိနပ်၊ သီလရှင်ဝတ်အင်္ကျီများနှင့် အဆိုပါသီလရှင်ကျောင်းတွင် ပညာသင်ကြားနေသော ချို့တဲ့သည့်ကျောင်းသား ကျောင်းသူ ၆၇၀ အတွက် အလှူငွေ ၂၃ သိန်းကို ကျောင်းတာဝန်ခံ ဆရာလေး ဒေါ်ဝဏ္ဏာသိင်္ဂီထံသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် တရားရေးရုံးမိသားစုနှင့် အဖွဲ့တို့သည် အဆိုပါ မယ်သီလရှင် ပညာရေးကျောင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပြီး တရားရေးရုံးမိသားစုအနေဖြင့် သီလရှင်ကျောင်းအတွင်း လိုအပ်သည်များအတွက် နောက်တွင် ထပ်မံ၍ လာရောက်အလှူဒါန ပြုဦးမည်ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

## ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၃၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ဦးဆောင်၍ ဒေသခံပြည်သူလူထု စုပေါင်းပါဝင်သော ၂၀၁၇ ခုနှစ် လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကို အောက်တိုဘာ ၂၈ ရက်က လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာရှိ ဗုဒ္ဓဥယျာဉ်တော်၌ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းပါဝင်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မဟာဗောဓိပင်ကို ခြံရံပြီး သပြေဘူတပင်များ စိုက်ပျိုးကြကာ ဗုဒ္ဓသာသနာ့နယ်မြေကုန်းတော်ပေါ်၌ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ငုဝါ၊



ခါတော်မီ၊ ပိတောက်၊ ထင်းရှူး၊ မဟော်ဂနီ၊ ပနားမားငု၊ ခရေ၊ ကျူးလစ်၊ ကံ့ကော်၊ ချယ်ရီစသည့် ပျိုးပင်ပေါင်း ၄၀၀ ကို ပြည်သူများစုပေါင်း၍ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## ညောင်ဦးခရိုင်တရားရုံး၌ တရားရုံးဆိုင်ရာ Customer Service ဆင့်ပွားသင်တန်းဖွင့်

**ညောင်ဦး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တရားရုံးက ကြီးမှူးဖွင့်လှစ်သည့် တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှု(Court Customer Service Training) ဆင့်ပွားသင်တန်း ဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက်က အဆိုပါ ခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဒေါ်အေးအေးမော်က သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများက တရားရုံးအသုံးပြုသူများဆိုင်ရာ ပညာရပ်များကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြသည်။ အဆိုပါ သင်တန်းသို့ ညောင်ဦးခရိုင်တရားရုံး၊ ညောင်ဦးမြို့နယ်တရားရုံးနှင့် ကျောက်ပန်းတောင်းမြို့နယ်တရားရုံးတို့မှ အရာရှိနှင့် အခြားအဆင့်ဝန်ထမ်း သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# အလုပ်သမားများ ဥပဒေပါ ရပိုင်ခွင့်များ ရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသခွင့်ရရှိရေး၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိခံစားနိုင်စေရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၅၇၅၅ ဦး၊ မ ၁၅၃၀၇ ဦးတို့အတွက် အလုပ်ခန့်ထား မှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၂၁၀၆၂ ဦး ချုပ်ဆိုခဲ့ကြောင်း သိရသည်။ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးနိုင်ရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ထားရာတွင်လည်း စက်တင်ဘာလအတွင်း လက်ခံရရှိမှု ၉၆ မှုရှိပြီး ကျေအေးမှု ၁၃ မှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၂၅ မှုရှိပြီး ကျန် ၅၈ မှု အတွက် ခံစားခွင့်ရှိသူ ၅၈၀ ဦးအား ငွေကျပ် ၄၃၃၄ သိန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၈၄၃၀ ကို ခံစားစေခဲ့ကြောင်း သိရသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့်လည်း အများပြည်သူ အလုပ်ပိတ်ရက်တွင် အလုပ်လုပ်ခြင်းအတွက် ငွေကြေးခံစားခွင့်ရရှိစေရန်၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ရရှိစေရန်၊ လုပ်အားခကျန်ငွေ မရရှိမှုများကို ရရှိစေရန်၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိစေရန်တို့ကို ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ကျပ်သိန်းပေါင်း ၄၄၆၀ ကျော် ခံစားခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာ ရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၄၀၅ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများ ပညာပေးဟောပြောပို့ချခြင်းတို့ကို စက်တင်ဘာလအတွင်း ၂၇၆ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ ဆောင်ရွက်ချက်အနေဖြင့် ခုံသမာဓိကောင်စီက အလုပ်သမားရေးရာ အငြင်းပွားမှု ခြောက်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၁၀ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ် ၁၉၈၁၀၀၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့က အလုပ်သမား ၂၂ ဦး၏ အလုပ်သမားရေးရာ အငြင်းပွားမှု ၁၁ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များ အလိုက် ကျပ်သိန်းပေါင်း ၇၁၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၆၃၃ ဦး အတွက် ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၆၉၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

စက်တင်ဘာလအတွင်း အာမခံအလုပ်သမားများအား အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အလုပ်သမားဆေးရုံကြီး သုံးရုံတွင် လူနာ ၈၀၆၁ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ် ဆေးခန်းတို့တွင် ဆေးကုသပေးမှု ၆၉၇၄၄ ဦးရှိကြောင်း သိရသည်။ ထို့အပြင် အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များက ကွင်းဆင်းဆေးကုသပေးမှု သုံးကြိမ်တွင် လူနာ ၉၃၀ ဦးနှင့် လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များက ကွင်းဆင်းဆေးကုသမှု ၉၈ ကြိမ် လူနာ ၂၀၂၀ ရှိခဲ့ကြောင်း သိရသည်။

**ခင်ရတနာ**



## အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းသို့ ထောက်ပံ့ငွေများပေးအပ်

**ဘားအံ အောက်တိုဘာ ၃၀**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ဖွင့်လှစ်သင်ကြားနေသော အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများ ဖွင့်လှစ်ထားမှုကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအဖွဲ့က အောက်တိုဘာ ၂၇ ရက်တွင် လိုက်လံကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထောင်ကလပ်ကျေးရွာအုပ်စု ပေါင်စိန်ကျေးရွာ စိန်မံဒီးဇဗ္ဗူဒီပကျောင်းတိုက် ဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားနေသည့် စာသင်ဝိုင်းနှင့် လှာကမြင်ကျေးရွာအုပ်စု ရသဝေါ်ကျေးရွာ စာသင်ဝိုင်းတို့ကို လိုက်လံကြည့်ရှုအားပေးပြီး စာသင်ကြားပေးနေသူများအား တစ်ဦးလျှင် ကျပ် ၂၅၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

“ဝန်ကြီးချုပ်ရောက်လာတော့ စာသင်သားတွေကို အားပေးစကားတွေပြောတယ်။ စာသင်ကြားသူထဲက အမျိုးသမီးတစ်ယောက်က ဝန်ကြီးချုပ်ရေးခိုင်းတဲ့ မေမေ၊ ဖေဖေဆိုတဲ့ စာလုံးပေါင်းကို မှန်အောင်ရေးပြနိုင်တဲ့အတွက် ဝန်ကြီးချုပ်က ဆုချသွားတယ်၊ သင်ကြားပေးနေတဲ့ သူတွေကိုလည်း တစ်ယောက် ကျပ် ၂၅၀၀၀ စီ ထောက်ပံ့ပေးသွားတယ်”ဟု အခြေခံစာတတ်မြောက်ရေး ကြီးကြပ်မှုအဖွဲ့ဝင်တစ်ဦးက ပြောသည်။

နွေရာသီစာတတ်မြောက်ရေး လှုပ်ရှားမှုအဖြစ် ဘားအံမြို့နယ်အတွင်း ကျေးရွာပေါင်း၁၈ ရွာ၌ စာသင်ဝိုင်း ၁၈ ဝိုင်းဖွင့်လှစ်၍ သင်ကြားသူ ၅၇ ဦးက စာသင်သား ၂၂၅ ဦးအား မြန်မာစာနှင့် သင်္ချာဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

ကရင်တစ်ပြည်နယ်လုံး အတိုင်းအတာဖြင့် စာသင်ဝိုင်း ၉၈ ဝိုင်း ဖွင့်လှစ်ထားပြီး သင်ကြားရေးတွင် ဘားအံတက္ကသိုလ်နှင့် တောင်ငူတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများ၊ ဒေသခံ လုပ်အားပေး ကျောင်းသားများ၊ ဒေသခံ ဆရာ ဆရာမများက ပါဝင်သင်ကြားပေးကြကာ စုစုပေါင်း စာသင်သား ၉၁၃ ဦးအား အောက်တိုဘာ ၁၄ ရက်မှ စတင်၍ စာသင်ကြားပေးလျက်ရှိကြောင်းနှင့် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းစီမံချက်အရ စာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှုကို နိုဝင်ဘာ ၂၂ ရက်အထိ ရက်ပေါင်း ၄၀ အကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# ရွှေဘိုမြို့၌ ဆိုင်ကယ်ဦးထုပ်မဆောင်းသူများအား ဖမ်းဆီးအရေးယူမှုများဆောင်ရွက်

**ရွှေဘို အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးနင်း မောင်းနှင်သူများအား ဖမ်းဆီးအရေးယူမှုများ အောက်တိုဘာ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း အမှတ်(၁၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ မှူး ဒုရဲမှူးညီညီလွင်က ပြောသည်။

တိုင်းဒေသကြီး ရွှေဘိုမြို့တွင် ယာဉ်အန္တရာယ်ကြောင့် မတော်တဆမှုများ လျော့နည်းကျဆင်းရေးနှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြစေရေးအတွက် စစ်ဆေးမှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ကျော်ဦးစီးပြီး ရွှေဘိုခရိုင်၊ မြို့နယ်နှင့် မြို့မရဲစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များ၊ ရွှေဘိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ် ဦးဆောင်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမှတ်(၁၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ စုမှူး ဒုရဲမှူးညီညီလွင် ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် စည်ပင်၊ ကညန၊ ရွှေဘိုခရိုင်မီးသတ် စသည့် ဌာနများမှ ဝန်ထမ်းများပါဝင်သော အဖွဲ့တို့ ပူးပေါင်း၍ ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ ရန်ကြီးအောင်ပန်းခြံရှေ့၌ ယာဉ်စည်းကမ်း



ဖမ်းဆီးထားသော ဆိုင်ကယ်များကို ရန်ကြီးအောင်ခန်းမအတွင်း ထိန်းသိမ်းထားစဉ်

ထိန်းသိမ်းရေးနှင့် ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးနင်း မောင်းနှင်သူများအား အရေးယူမှုများ ဆောင်ရွက်ခဲ့ရာ စုစုပေါင်းဆိုင်ကယ် ၁၁၁ စီးကို အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော ဆိုင်ကယ် ၁၁၁ စီးကို ရန်ကြီးအောင်ပန်းခြံ ရန်ကြီးအောင်ခန်းမအတွင်း ခေတ္တသိမ်းဆည်းထားရှိပြီး အောက်တိုဘာ ၃၀ ရက်တွင် ရွှေဘိုမြို့နယ်တရားရုံး၌ မော်တော်ယာဉ်ဥပဒေအရ တရားစွဲဆို၍ ဒဏ်ငွေပေးဆောင်စေခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၌ ဆိုင်ကယ်များကို စစ်ဆေးဖမ်းဆီးရာတွင် ယခင်ကလည်း ရုံးပိတ်ရက်များတွင် စစ်ဆေးဖမ်းဆီးခြင်းမျိုး မကြာခဏ ရှိခဲ့ဖူးကြောင်း၊ ယခင်က စစ်ဆေးသည့်အဖွဲ့များထဲတွင် ဥပဒေရုံးဝန်ထမ်းများ၊ တရားရေးဝန်ထမ်းများလည်း ပါရှိပြီး ပြေစာယူ ဒဏ်ငွေဆောင်၍ရသောကြောင့် အဆင်ပြေကြောင်း၊ ယခုအကြိမ်တွင် တရားရေးဝန်ထမ်းများမပါဘဲ ရက်ပိုင်း ဆိုင်ကယ်အသိမ်းခံထားရခြင်းက ပြည်သူများအတွက် သွားရေး လာရေး အခက်တွေ့စေကြောင်း ဆိုင်ကယ်ဦးထုပ်မဆောင်း၍ အရေးယူခံရသော ပြည်သူတစ်ဦးက ပြောသည်။

**မိုးသောက်(ရွှေဘို)**

## ရိတ်ခြွေစက်နည်းပါးမှုကြောင့် ရိတ်သိမ်းပြီးမိုးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး ခက်ခဲနေ

**ရေတာရှည် အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးများ ရိတ်သိမ်းဆဲဖြစ်ရာ ရိတ်သိမ်းပြီးမိုးစပါးများကို အချိန်မီ အမိုးအကာများအောက်ရောက်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသော်လည်း ရိတ်သိမ်းခြွေလှေ့စက် နည်းပါးခြင်းကြောင့် တောင်သူများအနေဖြင့် အခက်အခဲများစွာ တွေ့ကြုံနေရလျက်ရှိကြောင်း သိရသည်။

ယခု အောက်တိုဘာလအတွင်း နောက်ဆုံးပတ်အထိတိုင် မိုးဆက်တိုက်ရွာသွန်းလျက်ရှိသည့်အပြင် ရိတ်သိမ်းမည့်စပါးခင်းများအတွင်း ရေများစွာ ကျန်ရှိနေခြင်း၊ စပါးပင်များလဲကျကာ အနှံများ ရေသောက်ပြီး အပင်ပြန်ပေါက်နေခြင်းနှင့် လမ်းပန်းအခက်အခဲကြောင့် စပါးများကို အချိန်မီ ရိတ်သိမ်းနိုင်ခြင်းမရှိသည့် တောင်သူများအနေဖြင့် စပါးအရည်အသွေးကျဆင်းခြင်း၊ ထွက်နှုန်းကျဆင်းခြင်းတို့ ကြုံရဖွယ်ရှိနေကြောင်း ဒေသခံတောင်သူများ ညည်းတွားပြောဆိုမှုများရှိနေသည်။

နွေကာလ၌စိုက်ပျိုးသော နွေစပါးများအတွက် ရိတ်သိမ်းခြွေလှေ့စက် ပေါ်များသလောက် စိုက်ကေပမာဏ ပိုမိုများပြားသည့် မိုးစပါး ရိတ်သိမ်းမည့်ကာလတွင် စပါးခြွေလှေ့စက်များကို သယ်ယူနိုင်ရန် အခက်အခဲများရှိနေ၍ ရိတ်သိမ်းခြွေလှေ့စက် နည်းပါးနေခြင်းက တောင်သူများအတွက် အခက်အခဲများစွာ ဖြစ်ပေါ်စေခြင်းဖြစ်သည်။

“ကျွန်တော်ဆို ရိတ်ခြွေစက်ကို ခေါ်ထားတာ တစ်ပတ်ပြည့်တော့မယ်။ ရိတ်ရမယ့်ရက်ထက် အတော့်ကို ကျော်လာပြီ။ မနက်ဖြန်လာမယ် သဘက်ခါလာမယ်နဲ့ ခုထိကို မရိတ်နိုင်သေးဘူး။ မိုးကလည်းမပြတ် အပင်တွေက ကျကုန်ပြီ။ အရောင်မလှပြန်ရင် ဈေးကောင်းရတော့မှာ မဟုတ်ဘူး”ဟု ဆွာမင်းလမ်းကျေးရွာနေ တောင်သူ ဦးမြင့်ဦးက ပြောသည်။

ထို့အတူ စပါးပင်လဲကျမှု များပြားသည့် တောင်သူများအနေဖြင့် စက်ဖြင့်ရိတ်ခြင်းက လေလွင့်ပျက်စီးမှုများ၍ လူဖြင့်ငှားရိတ်မှုမှာလည်း များပြားလျက်ရှိရာ လက်လုပ်လက်စား လုပ်ကိုင်သူများအတွက် အလုပ်အကိုင် ပိုရနေသော်လည်း တောင်သူများဘက်ကပြန်ကြည့်လျှင် ကုန်ကျစရိတ် ပိုမိုများပြားကာ စပါးအရည်သွေးပိုင်းတွင်လည်း ထိခိုက်လျက်ရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

(၀၅၉)

# မြန်မာ-ထိုင်း-ဂျပန်သုံးနိုင်ငံ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး တောင်ငူမြို့၌ ကျင်းပမည်

**တောင်ငူ အောက်တိုဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Nating Moe Entertainment မှ တာဝန်ယူစီစဉ်ကျင်းပသည့် မြန်မာ-ထိုင်း-ဂျပန်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (Fight For Home) ကို နိုဝင်ဘာ ၂ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ ကေတုမတီမိုးလုံလေလုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ-ထိုင်း-ဂျပန် တွဲဆိုင်းများမှာ ထွန်းနိုင်ဦး(မြန်မာ-တောင်ငူ STL) နှင့် ချိုင်းအိဆင်(ထိုင်း)၊ ဉာဏ်လင်းအောင် (မြန်မာ-တောင်ငူ ဘိလပ်မြေစက်ရုံ)နှင့် ကမ်ဖိန်ဖစ်(ထိုင်း)-စိုးမောင်ဦး(မြန်မာ-ရတနာပုံမန္တလေး) နှင့် ကာဝါမူရာ(ဂျပန်)၊ အမျိုးသမီး သုံးချိုပွဲတွင် ဂျပန်ပြန်ရွှေစင်မင်း(မြန်မာ-မြွေဟောက်မင်း)နှင့် နိူင်အယ်(ထိုင်း)၊ နော်ဥမ္မာစိုး (မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်)နှင့် မြွေဟောက်ဖြူ(ခ) ကေသွယ်ငြိမ်းတို့ တွဲဆိုင်းများအပြင် အခြားတွဲဆိုင်း စုစုပေါင်း ၁၀ ဆိုင်းနှင့်ကြားပွဲများပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ပွဲစီစဉ်သူ မေနိုင်မိုးက ယခုပွဲများကို အကောင်းဆုံးဖြစ်အောင် စီစဉ်ထားသည်ဟု ပြောသည်။ ယခု Fight For Home ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး၏ဝင်ကြေးမှာ ငွေကျပ် ၈၀၀၀ ဖြစ်သည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ကျောင်းသားကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ရေးအတွက် ပြိုင်ပွဲများကျင်းပ

**ဖြူး အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရေးအတွက် ဆေးရောင်စုံခြယ်ပြိုင်ပွဲ၊ စာဖတ်မှတ်စွမ်းရည်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို အောက်တိုဘာ ၂၅ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြို့နယ်ပြန်/ဆက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အောက်တိုဘာ ၂၅ ရက်က ဆေးရောင်စုံခြယ်ပြိုင်ကို ကျင်းပပြီး ကျောင်းပေါင်းစုံမှ KG တန်း ကျောင်းသား ကျောင်းသူ ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ အောက်တိုဘာ ၂၇ ရက်တွင် အလယ်တန်းအဆင့် စာဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ အောက်တိုဘာ ၂၈ ရက်တွင် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲများကို မြို့နယ် ပြန်/ဆက်ဦးစီးဌာနမှူး ဒေါ်နွယ်နွယ်အေးနှင့် ဝန်ထမ်းများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများက ကြီးကြပ်၍ ကျင်းပပေးခဲ့သည်။ အဆိုပါ ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာ ၁၂ ရက်တွင် ဆုပေးပွဲကျင်းပ၍ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# ချင်းပြည်နယ်ရှိ ဘုံတလာရေတံခွန်ကို ခရီးသွားလုပ်ငန်းမြှင့်တင်မှုပြုလုပ်ရန် အဆင့်မြှင့်တင်မည်



**မတူပီ အောက်တိုဘာ ၃၀**
ချင်းပြည်နယ်အတွင်းမှ ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုအဆင်ပြေကောင်းမွန်ပြီး ဒေသတွင်း ခရီးသွားနှုန်း မြင့်တက်လာစေရန်၊ လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပ ခရီးသည်များ အလွယ်တကူ လည်ပတ်နိုင်စေရန်နှင့် လက်ရှိဖော်ဆောင်နေသော သဘာဝအခြေပြု ခရီးသွားလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်သို့ ခရီးသွားများ ဝင်ရောက်လည်ပတ်မှု အဆင်ပြေစေရန် လမ်းဖောက်လုပ်မှုနှင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ချင်းပြည်နယ်လွှတ်တော်ရုံးမှ သိရသည်။

လက်ရှိတွင် ဘုံတလာရေတံခွန်သို့ သွားရာလမ်းတွင် သံတံတားတစ်စင်းနှင့် ကြိုးတံတားတစ်စင်းတို့ကို ဖြတ်သွားရကြောင်း၊ ရေတံခွန်သို့ သွားရာလမ်းကို သွားလာမှုပိုမိုအဆင်ပြေစေရန် လမ်းဖောက်လုပ်မှုနှင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ရေတံခွန်သို့ လည်ပတ်ရာတွင်လည်း ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်များကိုသာ လည်ပတ်နိုင်သောကြောင့် ခရီးသွားလုပ်ငန်းအတွက် အပေါ်ဆုံးအထိ တက်ရောက်လည်ပတ်နိုင်ရန် လမ်းဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အတော်လေးထူးဆန်းပြီး အဆင့် ခုနစ်ဆင့်ရှိတဲ့ ဘုံတလာရေတံခွန်ဟာ မရောက်ဖူးတဲ့သူတွေ သွားသင့်သွားထိုက်တဲ့ ရေတံခွန်လေးပါ။ ချင်းပြည်နယ်ရဲ့ လည်ချင်စရာအကောင်းဆုံးနေရာတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ရန်ကုန်ကနေ ပခုက္ကူ- မင်းတပ်- မတူပီလမ်းအတိုင်း တိုက်ရိုက်ကားတွေ အများကြီးရှိပါတယ်။ မတူပီမြို့ကနေ ၁၀ မိုင်လောက်ပဲဝေးပြီး ကား၊ ဆိုင်ကယ်နဲ့သွားရင် မိနစ် ၃၀ လောက်ပဲ ကြာပါတယ်။ ပြီးမှ ခြေကျင်နဲ့ မိနစ် ၂၀ သာသာ သွားရပါတယ်"ဟု ဘုံတလာရေတံခွန်သို့ လေ့လာရေးခရီး သွားရောက်ခဲ့သူတစ်ဦးက ပြောသည်။

ဘုံတလာရေတံခွန်သည် မတူပီမြို့တောင်ဘက် ၁၀ မိုင်ခန့်အကွာ ဖနိုင်ကျေးရွာအုပ်စု ထီစောင်ကျေးရွာတောင်ဘက်တွင်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၂၀၀ ကျော်တွင် တည်ရှိနေသော ရေတံခွန်ဖြစ်သည်။ ရေတံခွန်သို့ ရောက်ရန် ခြေကျင်ခရီး မိနစ် ၂၀ ခန့် လျှောက်ရပြီး လမ်းတစ်လျှောက်တွင် ရွှေ့ပြောင်းတောင်ယာစိုက်ခင်းများ၊ လှေကားထစ်စိုက်ခင်းများ၊ ကျေးရွာများနှင့် တောတန်းများကို တွေ့ရှိနိုင်သောကြောင့် သဘာဝအခြေခံ ခရီးသွားလိုသူများ နှစ်သက်စွာသွားရောက်မှုရှိကြောင်း မတူပီမြို့နယ် ဒေသခံတစ်ဦးက ပြောသည်။

ချင်းပြည်နယ်သည် အခြားသောခရီးစဉ်ဒေသများနှင့်မတူသော ထူးခြားသည့် သဘာဝအလှအပများ ပိုင်ဆိုင်ထားပြီး ပျမ်းမျှအမြင့်ပေ ၅၀၀၀ နှင့် ၈၀၀၀ ကြားရှိ တောင်တန်းများဖြင့် ဖွဲ့စည်းထားသည့် တောင်တန်းဒေသတစ်ခုဖြစ်ကာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ချင်းပြည်နယ်တွင် ရှားပါးငှက်မျိုးစိတ်များ၊ သဘာဝပေါက်ပင်နှင့် သစ်ပင်ပန်းမန်များ၊ သဘာဝရေကန်များ၊ လိပ်ပြာများနှင့် တောရိုင်းတိရစ္ဆာန်များကို လေ့လာနိုင်သည့်အပြင် ဒေသခံ တိုင်းရင်းသားမျိုးနွယ်စုများ၏ ဓလေ့စရိုက်များနှင့် နေထိုင်မှုပုံစံများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ဝတ်စားဆင်ယင်ပုံများကိုပါ လေ့လာနိုင်သောဒေသလည်းဖြစ်သည်။

ချင်းပြည်နယ်သို့ ပြည်တွင်းပြည်ပမှ ခရီးသွားများ ဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် အရေအတွက် တိုးလာလျက်ရှိရာ ယခုအခါ နတ်မတောင် အမျိုးသားဥယျာဉ်အပါအဝင် ပြည်နယ်အတွင်းမှ အခြား ခရီးသွားလုပ်ငန်းနေရာများဖြစ်သည့် ဘွေပါးတောင်နှင့် ဇိန်မူတောင်တို့ကိုလည်း ခရီးသွားလုပ်ငန်းများ၏ အခြေခံစခန်းအဖြစ် တိုးချဲ့တည်ထောင်ရန် တိုင်းတာမှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# ငှက်ဖျားရောဂါကာကွယ်ရေးအတွက် အခမဲ့ သွေးဖောက်စစ်ဆေးပေး

**မိုင်းယု အောက်တိုဘာ ၃၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့တွင် ငှက်ဖျားရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မိုင်းယုကျေးလက်ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာဒေါ်ဖြူဖြူဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများအဖွဲ့က မြို့ပေါ်နှင့် ကျေးလက်များရှိ ငှက်ပျောခြံများတွင် နေထိုင်လုပ်ကိုင်လျက်ရှိသော ရွှေ့ပြောင်းလုပ်သားပြည်သူ ၅၄ ဦးအား အောက်တိုဘာ ၂၇ ရက်က ၎င်းတို့၏ နေအိမ်များသို့ သွားရောက်၍ အခမဲ့ သွေးဖောက်စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်းလုပ်သားများကြားတွင် ငှက်ဖျားရောဂါ ပြန့်ပွားကူးစက်ခြင်း မရှိစေရန် ကြိုတင်ကာကွယ်မှုအဖြစ် အခမဲ့ သွေးဖောက်စစ်ဆေး စမ်းသပ်ပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများ ဖြန့်ဝေပေးရန် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် စမ်းသပ်စစ်ဆေးချက်များအရ ငှက်ဖျားရောဂါပိုး သံသယရှိသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရှိခဲ့ကြောင်း သိရသည်။
**ကိုကိုနိုင်(ပြန်/ဆက်)**



# မကွေးတိုင်းဒေသကြီး ကလေးသူငယ်တွေ့ဆုံပွဲတွင် ကလေးငယ် ၇၅ ဦး ပါဝင်ဆွေးနွေး

**မကွေး အောက်တိုဘာ ၃၀**
ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတစ်ခုအဖြစ် မကွေးတိုင်းဒေသကြီး ကလေးသူငယ်တွေ့ဆုံပွဲ (Child Forum)ကို မကွေးမြို့တော်ခန်းမ၌ အောက်တိုဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ၃ ရက်ကြာ ကျင်းပခဲ့ပြီး တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်ခုလျှင် ကလေးကိုယ်စားလှယ် သုံးဦးနှုန်းဖြင့် ၂၅ မြို့နယ်မှ ကလေးသူငယ်ကိုယ်စားလှယ် ၇၅ ဦး ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

ကလေးသူငယ်တွေ့ဆုံပွဲ ဖွင့်ပွဲတွင် တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က အမှာစကားပြောကြားကာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ချက်များအရ လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတော်အစိုးရသည် ၁၉၉၁ ခုနှစ်၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် ကလေးသူငယ် အခွင့်အရေးများရရှိမှု သေချာစေရန်အတွက် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်များသည် အနာဂတ်၏ခေါင်းဆောင်များ ဖြစ်သည်နှင့်အညီ ၎င်းတို့၏ အခွင့်အရေးများကို ငယ်ရွယ်စဉ်ကတည်းကပင် ရရှိရန်လိုအပ်ကြောင်း၊ ထိုအခွင့်အရေးများ ရရှိမှုအတွက် သေချာစေသောနည်းလမ်းမှာ တိုင်းဒေသကြီးအတွင်းရှိ တာဝန်ရှိသူများ၏ အခန်းကဏ္ဍသည် အထူးပင်အရေးကြီးလှကြောင်း ဝန်ကြီးက ပြောကြားသည်။

ကလေးသူငယ်အခွင့်အရေးများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၏ ပါဝင်မှုအခန်းကဏ္ဍ ပိုမိုမြှင့်တင်ပေးနိုင်ပြီး တိုင်းဒေသကြီးအတွင်းရှိ ကလေးငယ်များ၏ အခြေအနေမှန်ကို ကလေးများနှင့်အတူ ဆွေးနွေးလေ့လာ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးမှ တာဝန်ရှိသူများထံ တင်ပြနိုင်ရန်၊ ကလေးများ၏ စကားသံကို လက်ခံနားထောင်ပေးသော အလေ့အကျင့်တစ်ခု ဖန်တီးနိုင်ရန်နှင့် ကလေးများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ၊ ပြဿနာများကို တာဝန်ရှိသူများက ပူးပေါင်းအဖြေရှာ ဖြေရှင်းနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကလေးငယ်များ တွေ့ဆုံပွဲကို စီစဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။
**သန်းနိုင်ဦး(၄ဖဲ)**

# ဂျပန်နိုင်ငံက ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်များ လွှဲအပ်ပွဲကျင်းပ

**လက်ပံတန်း အောက်တိုဘာ ၃၀**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ခင်မင်ရင်းနှီးမှု နှင့် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်အဖြစ် ရေဘေးသင့်ကျောင်းများ ပြန်လည်တည်ဆောက်ရေး စီမံချက်ဖြင့် ဂျပန်ပြည်သူပြည်သားများမှ ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းခဲ့ရာ ဆောက်လုပ်ပြီးစီးသော ကျောင်းဆောင်များ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ညောင်ကုန်း အမက(၁)ကျောင်းနှင့် ကျီးချောင်း အမကကျောင်းတို့၌ အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်များကို Japan International Cooperation System (JICS)မှ တာဝန်ခံ ဦးအေးမင်းထွန်း၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်တင်မေအိ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်စိုးအေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝေဖြိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောင်းဆောင်သစ်များနှင့် သက်ဆိုင်သည့် အချက်အလက်များကို (JICS)မှ တာဝန်ခံက ဒုမြို့နယ်ပညာရေးမှူးထံ ပေးအပ်ခဲ့သည်။

ယခုဖွင့်လှစ်လွှဲပြောင်းသော ကျောင်းဆောင်သစ်နှစ်ခုအပါအဝင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်အဖြစ် ဂျပန်ပြည်သူပြည်သားများက လက်ပံတန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျောင်း ၁၁ ကျောင်း၌ ကျောင်းဆောင်အဆောက်အအုံသစ်များ ဆောက်လုပ်လှူဒါန်းပေးလျက်ရှိကြောင်း (JICS) မှ တာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။
**မောင်ရွှေဝင်း(ပြည်)**

# စပါးစိုက်ပျိုးခြင်းအပြင် မွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်နိုင်ပါက တောင်သူများ စီးပွားပိုမိုဖြစ်ထွန်းနိုင်

**ရေတာရှည် အောက်တိုဘာ ၃၀**
လယ်ယာစိုက်ပျိုးရေးကို အဓိက အားထားလုပ်ကိုင်ကြရသည့် တောင်သူများအနေဖြင့် အခြားသော မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်နိုင်ပါက အကျိုးစီးပွား ပိုမိုဖြစ်ထွန်းနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ စပါးစိုက်ပျိုးကြရာတွင် မျိုးစရိတ်၊ ထွန်ယက်ခ၊ အလုပ်သမားစရိတ်၊ မြေဆီသြဇာစသည့် သွင်းအားစုများအတွက် ကုန်ကျမှု မြင့်တက်လျက်ရှိရာ စပါးပေါ်ချိန်တွင် ကုန်ကျစရိတ်ထုတ်နုတ်ပါက အကျိုးအမြတ်မှာ စပါးဈေးကောင်းမှသာ တွက်ခြေကိုက်နေကြခြင်းဖြစ်သည်။

ထို့ကြောင့် တောင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူခြင်း၊ ဘဲမွေးမြူခြင်း၊ ငါးမွေးမြူခြင်းတို့ကို တွဲဖက်လုပ်ကိုင်ပါက ရရှိလာမည့်ငွေဖြင့် အဆိုပါသွင်းအားစု ကုန်ကျစရိတ်များကို အစားထိုး နိုင်ကြမည်ဖြစ်သည်။ ကိုယ်တိုင်စပါးစိုက်ပျိုးခြင်းအပြင် ဘဲမွေးမြူရေးကိုပါ တစ်ပိုင်တစ်နိုင် တွဲဖက်လုပ်ကိုင်နေသော ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု မုန်စီကျေးရွာနေ ဦးတင်ကြိုင်က "တောင်သူအချို့က ဘဲမွေးမြူရေးလုပ်ကြတယ်။ ချောင်းငယ် မြောင်းငယ်တွေလည်း ပေါတော့ အဆင်ပြေကြတယ်။ အစာအတွက်လည်း ထူးထူးထွေထွေ ရှာနေစရာမလိုဘူးလေ။ စပါးရိတ်ပြီးတာနဲ့ ရိုးပြတ်တောထဲ လွှတ်ထားရုံပဲ။ ဘဲကျောင်းဖို့ အလုပ်သမားတစ်ယောက်လောက် ငှားလိုက်ရင်ရပြီ။ ဘဲအကောင်တစ်ရာမွေးထားရင် တစ်နေ့အတွက် ဥအလုံး ၅၀ ကျော် ရတယ်။ နေ့စဉ်ပုံမှန် ဝင်ငွေရရှိတဲ့အပြင် လယ်စားရိတ်လည်း ပြန်ကာမိတာပေါ့"ဟု ပြောသည်။

ထို့အတူ မိမိတို့လယ်ကွက်အနီးရှိ မြောင်းငယ်များအတွင်း မိုးကာစဖြင့် ကန်အဖြစ်ပြုလုပ်၍ ငါးမွေးမြူသူများမှာလည်း ငါးဈေးကောင်းရရှိသည့်အတွက် နေ့စဉ်ပုံမှန်ဝင်ငွေ ရရှိကာ အဆင်ပြေလျက်ရှိကြရာ အခြားသော တောင်သူများအနေဖြင့်လည်း ထိုသို့ မွေးမြူရေးလုပ်ငန်းကိုပါ တိုးချဲ့လုပ်ကိုင်ကြပါက ယခုထက် စီးပွားရေး ပိုမိုကောင်းမွန် အဆင်ပြေလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**



### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာညီညီကြိုင်
**M.B.B.S(Mdy), M.Med.Sc(PH),MPH(USA)**
**Country Technical Coordinator,Malaria Consortium,Yangon,**
**Retired Regional Advisor for Tobacco Free Initiative,WHO,SEARO**
**အသက်(၆၃)နှစ်**

ဒေါက်တာညီညီကြိုင်သည် ၂၉-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ပြည်သူ့ကျန်းမာရေးကဏ္ဍ၌ ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ပြည်သူ့ကျန်းမာရေးကဏ္ဍ ဆောင်ရွက်မှုလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အခြေခံကောင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးတွင် ကျွမ်းကျင်မှုဆိုင်ရာ အကြံပေးခြင်းများကို ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ပါသည်။ ဒေါက်တာညီညီကြိုင် ကွယ်လွန်မှုအတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊**
**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်
**အသက်(၆၉)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးဝင်းမင်းဇော်-ဒေါ်ညွန့်ညွန့်သန်းတို့၏ဖခင် ဦးမြင့်သည် ၂၈-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပြည့်စိုး
**ကောင်စစ်ဝန်ချုပ်၊မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ကော်လ်ကတ္တားမြို့**
**အသက်(၅၂)နှစ်**

အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်ကတ္တားမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးပြည့်စိုးသည် ၂၇-၁၀-၂၀၁၇ရက်(သောကြာနေ့) ဒေသစံတော်ချိန် နံနက် ၁၁နာရီတွင် တာဝန်ထမ်းဆောင်စဉ် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးပြည့်စိုး
**ကောင်စစ်ဝန်ချုပ်၊ ကိုလ်ကတ္တားမြို့**
**အိန္ဒိယနိုင်ငံ၊ မြန်မာသံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန**
**အသက်(၅၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ ရုံးတော်ရပ်ကွက်၊ အမှတ်(၅)နေ ဗိုလ်မှူးချုပ်ခင်စိုး(ရေ-ငြိမ်း)၊ သံအမတ်ကြီး(ငြိမ်း)-ဒေါ်ကြင်မူတို့၏သား၊ ဒေါက်တာညီညီအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မလွင်ဝတီစိုး၊ မောင်လက်ာစိုး၊ မဖူးဟေမာန်စိုးတို့၏ချစ်လှစွာသောဖခင်သည် ၂၇-၁၀-၂၀၁၇ရက်(သောကြာနေ့) ဒေသစံတော်ချိန် နံနက် ၁၁နာရီတွင် အိန္ဒိယနိုင်ငံ၊ ဂျုဟတ်ခန်ပြည်နယ်၊ ဂရီဒစ်ဒေသ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လစဉ်ဆုံစည်းနေကြ အငြိမ်းစားသံအမတ်ကြီးများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပြည့်စိုး အသက်(၅၂)နှစ်
**ကောင်စစ်ဝန်ချုပ်၊ ကော်လ်ကတ္တားမြို့၊ အိန္ဒိယသမ္မတနိုင်ငံ**

တပည့်တွေအပေါ် အမြဲသည်းခံခွင့်လွှတ်ပေးခဲ့တဲ့ ဆရာ၊ အစစအရာရာ သင်ပြလမ်းညွှန်မှုပေးခဲ့တဲ့ဆရာ၊ သဘောမနောကောင်းလွန်းတဲ့ဆရာ မမျှော်လင့်၊ နှုတ်မဆက်ဘဲ ထာဝရခွဲခွာသွားတဲ့အတွက် များစွာယူကျုံးမရ ဖြစ်ရပါတယ်။ ဆရာ မြင့်မြတ်သော ဘုံဘဝရောက်ရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ဆရာ့ကို အမြဲသတိရနေမှာပါ။

**သံတမန်အခွင့်အရေးနှင့် ကင်းလွတ်ခွင့်ဌာနခွဲ**
**သံတမန်ရေးရာဦးစီးဌာန (MOFA)**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးပြည့်စိုး
**ကောင်စစ်ဝန်ချုပ်**
**ကော်လ်ကတ္တားမြို့**
**အသက်(၅၂)နှစ်**

ကိုပြည့်စိုး ရုတ်တရက် ကွယ်လွန်သည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် မိုးမိုးအတွက်လည်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**မိုးကျော်အောင်-နီလာနှင့်မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပြည့်စိုး
**ကောင်စစ်ဝန်ချုပ်၊ ကော်လ်ကတ္တားမြို့၊ အိန္ဒိယသမ္မတနိုင်ငံ**
**အသက်(၅၂)နှစ်**

သီပေါမြို့နေ ဦးခင်မောင်-ဒေါ်ခင်ကြီးတို့၏မြေး၊ ဗိုလ်မှူးချုပ်ခင်စိုး(ငြိမ်း)-ဒေါ်ကြင်မူတို့၏သားဖြစ်သူ ဦးပြည့်စိုးသည် ၂၇-၁၀-၂၀၁၇ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သီပေါအသင်း(ရန်ကုန်)**
**နာယကကြီးများနှင့် အမှုဆောင်များ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်အေး (Betty)
**အသက်(၉၄)နှစ်**

ပါမောက္ခ ဒေါက်တာပိုင်စိုး(ဥက္ကဋ္ဌ-မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ) ဒေါ်ကြည်ကြည်မြင့်တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်အေး(Betty) အသက်(၉၄)နှစ်သည် ၂၈-၁၀-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်ရင်
**ကုန်းသာရွာ (မိတ္ထီလာ)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်(၁)လမ်း၊ အမှတ်(၁၇-အေ)နေ ဒေါ်အေးတင်၊ ဦးအောင်မြင့်-ဒေါ်သုခ(အောင်သုခ-ထမင်းဆိုင်)တို့၏ညီမ၊ (ဦးစိုးရ)၏ဇနီး၊ (ဦးအောင်နိုင်)-ဒေါ်ညိုညိုစန်း (ဆည်/ရေဦးစီးဌာန၊ တည်ဆောက်ရေး-၆)၊ Australia, Sydneyမြို့နေ ဦးစံဝင်း-ဒေါ်ကြူကြူဝင်း၊ ဒေါ်သီတာအေး(မရွှေတူး)၊ ဦးသန်းထိုက်အောင်(ဖိုးကုလား)တို့၏မိခင်၊ ခင်မိုးမြင့်အောင်၊ အောင်ပြည့်စုံ၊ ကျော်စွာအောင်၊ စန်းသော်တာအောင်၊ မို့မို့စံဝင်းတို့၏အဘွားသည် ၃၀-၁၀-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၆း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗဟန်းနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အုံးကြည်(ဆည်မြောင်း၊ ငြိမ်း)
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သဇင်မင်းအိမ်ရာ၊ တိုက်အမှတ်(စီ)၊ အခန်းအမှတ် (၀၀၁)နေ (ဦးနန္ဒ-ဒေါ်အေးဖောင်)တို့၏သမီး၊ (ဦးလှိုင်ကြည်) ဒဂုံမြို့နယ် ပြည်သူ့ကောင်စီအတွင်းရေးမှူး (ငြိမ်း)၊ ဗဟိုဆေးသိုလှောင်ရေး(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးအောင်နိုင်ဦး-ဒေါ်သဇင်မြင့်၊ ဦးသန်းနိုင်ဦး-ဒေါ်သွယ်သွယ်ဦး၊ ဦးကျော်သူကောင်း-ဒေါ်ခိုင်ခိုင်ကြည်တို့၏ချစ်လှစွာသောမိခင်၊ မြေး လေးယောက်၊ မြစ်သုံးယောက်တို့၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ဗဟိုစည်အထူးကုဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ဦးဝိစာရအိမ်ရာ(မင်းမနိုင်)၊ တိုက်(၁၂)ရှေ့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူသားသမီးမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဌေးနိုင်
**အသက်(၆၀)**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နေ (ဦးခင်မြ-ဒေါ်ပြုံးကြည်)တို့၏သား၊ ပဲခူးမြို့နေ (ဦးကျော်တင်-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်စိန်ပု၊ ဒေါ်နုရီ၊ ဒေါ်အေးစန်းတို့၏မောင်၊ သနပ်ပင်မြို့နေ မသန်းသန်းအေး၊ (ဦးဝင်းရှိန်)-ဒေါ်မော်မော်အေး၊ ဦးကိုကိုနိုင်-ဒေါ်ခင်ခင်မြင့်၊ ဦးတင်မြင့်-ဒေါ်နီနီနိုင်၊ ကိုသန်းစိုး-မမြသီတာ၊ ကိုမင်းမောင်-မမြမြနွယ်၊ ကိုနေလင်းထွန်း-မနှင်းနှင်းအေးတို့၏အစ်ကို၊ တောင်ငူမြို့နေ ကိုသန့်ဇင်ထွန်း-မထက်ထက်၊ ကိုဇာနည်-မအိအိဖြူ၊ မောင်ညီထွဋ်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ပဲခူးမြို့၊ မော်ကန်(၇)လမ်း၊ အမှတ် ၉၀၇နေ ဒေါ်ဝင်းသန်း၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၀-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ပဲခူးမြို့၊ မော်ကန်(၇)လမ်း (ဦးဌေးနိုင်)-ဒေါ်ဝင်းဝင်းသန်းတို့၏နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူမြင့်
**Director (KTK Electrical Engineering Co.,Ltd.)**
**အသက်(၄၆)နှစ်**

ဦးကျော်သိန်းခိုင်(MD, KTK Electrical Engineering Co., Ltd.)၏ဇနီး ဒေါ်ဖြူဖြူမြင့်(Director, KTK Electrical Engineering Co.,Ltd.)သည် ၂၈-၁၀-၂၀၁၇ရက် (စနေနေ့)မွန်းလွဲ ၁၂း၀၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ဆရာ၊ ဆရာမများ**
**Victoria UniversityCollege**

### ရဟန်းဒါယကာကြီး
## ဦးစောဝင်းအောင်(ခ)ဦးကောင်းစံ
**အသက်(၅၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးအောင်စောလှ-ဒေါ်နုနု)တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နေ(ဦးအောင်နိုင်မြင့်-ဒေါ်စောကြည်)တို့၏သားသမက်၊ ဦးကျော်ကျော်(ဗဟိုတရားရုံးရှေ့နေ)-(ဒေါ်အေးအေးခိုင်)၊(ဦးမျိုးအောင်-ဒေါ်တင်တင်အုန်း)၊ဦးထွန်းဝေ-ဒေါ်ချိုချိုဝင်း၊ ဒေါ်စန်းစန်းအုန်း၊ (ဦးဇော်ကြီး)-ဒေါ်မင်းမင်းထွေး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်ခင်ဆွေဝင်းတို့၏ညီ/မောင်၊ ဒေါ်နိုင်နိုင်ဦး၊ ဒေါ်တင်တင်သော်၊ ဒေါ်ခင်ဌေးဦး၊ ဒေါ်ခင်စန္ဒာအောင်တို့၏အစ်ကိုကြီး၊ မောင်ပြည့်ဆွေအောင်၊ မဆင့်နေခြည်ခန့်တို့၏ဖခင်၊ ဒေါ်ခင်ဆွေမော်၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၀-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၅း၁၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့် (သက္ကလ)
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၇)ရပ်ကွက်၊ ဒူးယား ၉လမ်း၊ အမှတ် ၉၅၈နေ (ဦးထွန်းမင်း-ဒေါ်အုန်းမြိုင်)တို့၏သမီး၊ (ဦးသောင်းညွန့်) MFTB (ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ တောင်ကြီးမြို့၊ အေးသာယာရပ်ကွက်နေ ဦးသောင်းမြင့်ဦး-ဒေါ်သောင်းသောင်းနွယ်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ ဦးမောင်မောင်ဦး-ဒေါ်စုစုမြင့် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးနိုင်ဇော်ထွန်း-ဒေါ်မင်းမင်းမြတ်တို့၏မိခင်၊ မောင်ထွန်းထက်အောင်(EON Co.,Ltd)၊ မမေမီမီသောင်း၊ မောင်အောင်ပိုင်ထက်(Yoma Fleet Co., Ltd)၊ မညိုမီမီသောင်း၊ မောင်ညီရဲထက်၊ မောင်အောင်ခိုင်ထက်တို့၏အဘွားသည် ၃၀-၁၀-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၁၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးတင်အောင်(ခ)
**RAYMOND NICHOLAS**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးဘသက်လမ်း၊ အမှတ် ၁၀၈နေ (ဦးဝင်းဖေ-ဒေါ်ဝင်းနီ)တို့၏သား၊(ဒေါ်ခင်ဆွေဝင်း)(IWTC)-ဒေါ်ခင်ခင်ဝင်း (IWTC)တို့၏ မောင်၊ (ဦးလှဝင်း)၊ ဒေါ်ခင်မေဝင်း၊ [ဦးတင်ဝင်း(ခ)ဦးလော်ဘီ]၊ (ဦးစိုးဝင်း INYA. LAKE)၊ (ဦးရဲဝင်း INYA. LAKE)၊ ဒေါ်မော်မော်ဝင်း(ME/MS)တို့၏အစ်ကို၊ ဒေါ်ဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၀-၂၀၁၇ရက်နံနက် ၄း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## မသန်းသန်းဆင့်(ပုလောမြို့)
**အသင်းဝင်အမှတ်-၂၅၁၀**
**အသက်(၅၀)**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊မြေနီကုန်းလမ်းနေ ဦးသိန်းထိုက်၏ဇနီးသည် ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဒေါ်အေးအေးခိုင်
**B.Com (CP.A)**
**93, Eco(ဟင်္သာတ)**
**အသက်(၄၉)နှစ်**

(ဦးခင်မောင်တင့် - ဒေါ်ရင်ရင်မြ)တို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးသန်းကျော်အောင်)-ဒေါ်တင်လှိုင်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ) ရပ်ကွက်၊ ခ(၇)လမ်း၊ အမှတ် ၂၃၁/A နေ ဦးအောင်ကျော်ဆန်း၏ဇနီး၊ မောင်သီဟအောင် (တတိယနှစ်၊ YUFL)၊ မပိုးအိမ်ချယ် (ပဥ္စမတန်း၊ အထက-၂၊ ဒဂုံ)တို့၏မိခင်၊ မသီတာဦး၊ မောင်အောင်ကျော်မြင့်တို့၏ အစ်မသည် ၃၀-၁၀-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၇ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးသာသန(ခ)ဦးသိုက်ထွန်းဦး
**BE (EP), 79th Batch**
**ဒီပါဓမြေချောင် စစ်ကိုင်းတောင်ရိုး**
**သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၁၂)ဝါ**

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြည်-ဒေါ်ကြည်လေး)တို့၏သား၊ ဦးသန်းထွဋ်နိုင်-ဒေါ်မာမာချို၊ ဒေါက်တာကိုကိုလွင်-ဒေါ်ခင်ချမ်းသား၊ ဦးရဲဝင်းထွဋ်-ဒေါ်လတ်လတ်တို့၏အစ်ကိုသည် ၂၉-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၁၁း၄၅ နာရီတွင် မန္တလေးမြို့၊ မြို့တော်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၃၁-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်သိန်း
**(B.Sc-Engineer)**
**(တိုင်းအင်ဂျင်နီယာမှူးကြီး၊ ငြိမ်း)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ ကျိုက်တော်လမ်း၊ တိုက် ၃၊ အခန်း ၄၀၄နေ (ဦးကျော့ရွှင်-ဒေါ်သိန်း)တို့၏သား၊ (ဦးစစ်စံ-ဒေါ်စဝ်ပု)တို့၏သားသမက်၊ (ဦးသန်းညွန့်)၊ ဒေါ်သန်းနွယ်တို့၏ညီ၊ ဒေါ်ခင်ထွေးကြည်၏ခင်ပွန်း၊ ဦးမောင်မောင်ကျော်၊ ဦးမောင်မောင်မော်၊ ဦးမောင်မောင်ဇော်၊ ဦးမောင်မောင်ချစ်၊ ဦးမင်းသူ၊ ဒေါ်ခင်လေးကြူ၊ ဒေါ်တင်တင်ထွေး၊ ဦးစိုင်းဝင်းဇော်မြင့်၊ (ကိုစိုင်း)၊ ဗိုလ်မှူးအောင်သစ်(ငြိမ်း)-ဒေါ်စောစန္ဒာမြင့်၊ ဒေါ်စောကေခိုင်မြင့်တို့၏ဖခင်၊ မောင်ကောင်းမြတ်သစ်၊ မောင်ထူးမြတ်အောင်(TTC-Grade-5)၊ မအိမ့်မြတ်သီရိစော(TTC-Grade-4)တို့၏အဘိုးသည် ၃၀-၁၀-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်ကြိုင်(ခ)ဦးငွေကြိုင် (ထားဝယ်)
**အသက်(၈၃)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်နေ (ဦးအေးလှိုင်-ဒေါ်အေးခင်)တို့၏သား၊ (ဦးအာဘစ်-ဒေါ်မြသင်း)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဒေါ်ကာဌေး)၏ခင်ပွန်း၊ ဒေါ်ညုညုဝင်း-ဒေါက်တာမျိုးနိုင်၊ဒေါ်ယုယုဌေး-ဦးနေလင်းအောင်(ချမ်းမြေ့သာပရိဘောဂ)၊ ဦးကျော်ကျော်စန်း၊ (ဒေါ်ဝါဝါဌေး)၊ ဒေါ်စန္ဒာဝင်းတို့၏ဖခင်၊ မောင်ကောင်းဇေယျလင်း၊ မဝင်းလဲ့ရွှေရည်ပိုင်၊ မောင်မြတ်သီဟ၊ မယွန်းရွှေရည်ဟန်တို့၏အဘိုးသည် ၂၉-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)ည ၉း၃၀ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၀-A) နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟန်ထွန်း (မော်လမြိုင်)
**မန်နေဂျာ(ငြိမ်း)၊ အင်းလျားလိတ်ဟိုတယ်**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့နေ (ဦးကံဖေ-ဒေါ်သောင်းညွန့်)တို့၏သား၊ မင်းတပ်မြို့နေ (ဦးထန်းခွီရှိန်း-ဒေါ်မှန်အွယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် ၃၀၊ သုံးလွှာနေ ဒေါ်ရှိန်းငိုန်း၏ခင်ပွန်း၊ မောင်ထွန်းနေအောင်(3A/E, MTM SHIPMANGEMENT)၊ မောင်ထွန်းဇာနည်(Technical Engineer, Huawei Telecom)တို့၏ဖခင်သည် ၃၀-၁၀-၂၀၁၇ရက် နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှစိန်
**(ပြင်ဦးလွင်)**
**အသက်(၇၄)နှစ်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)နေ ကိုကျော်သိန်း၊ မညွန့်ညွန့်ရီ၊ (ကိုကျော်မိုး)၊ ကိုသန်းမြတ်စိုး-မစိုးစိုးအေး၊ ကိုတင်မိုး(ခ)ကိုအတီတို့၏ ချစ်လှစွာသောဖခင်သည် ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၈း၅၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ပြင်ဦးလွင်မြို့၊ ၈မိုင် ကုန်းဘောယူနန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးလှစိန် (ပြင်ဦးလွင်မြို့)
**အသက်(၇၄)နှစ်**

မောင်လေးတင်မိုးရဲ့အပါး ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါတယ်။

**မဘဘု**
**ရန်ကုန်**

## ဒေါက်တာခင်စိုး
**အသက်(၆၄)နှစ်**

ပျဉ်းမနားမြို့နေ(ဦးကိုကို-ဒေါ်ကျင်လှ)တို့၏သား၊ (ရဲမှူးကြီး ဦးစိန်လှအောင်)-ဒေါ်စောမေတို့၏သားသမက်၊ ဗိုလ်မှူးကြည်မင်းဟန်(ဒု-တပ်ရင်းမှူး)-ဒေါ်မေသဇင်စိုး၊ ဒေါက်တာအောင်မင်းသူ (ခေတ္တ-ဂျမေကာ) - ဒေါ်သော်သော်နိုင်လင်း၊ ဒေါက်တာသိန်းထွန်းဇံ-ဒေါက်တာနီနီဇင်တို့၏ဖခင်၊ မောင်ကောင်းခန့်မင်းဟန်၊ မောင်ဘုန်းသန့်မင်းဉာဏ်တို့၏အဘိုး၊ ဒေါ်မေသစ္စာ၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် စမ်းလေးကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ ဗိုလ်မှူးကြည်မင်းဟန်(ဒုတပ်ရင်းမှူး)-ဒေါ်မေသဇင်စိုးတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရန်ကုန်လေဆိပ်သို့ ခရီးသွားဝင်၊ ထွက်သွားလာမှု ခြောက်သန်းအထိမြင့်တက်မည်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန်  အောက်တိုဘာ  ၃၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်၊ ထွက် သွားလာမှုသည် ယခုနှစ်အတွင်း ခရီးသွားဧည့်သည် ခြောက်သန်းအထိ ရှိလိမ့်မည်ဖြစ် ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်က ပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ခရီးသွားဧည့်သည်တွေ ဝင်၊ ထွက်သွားလာမှု အများဆုံးကတော့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်ပါတယ်။ ဒီလေဆိပ်က မနှစ်က ခရီးသွားများ မှတ်တမ်းအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ခရီးသွားဧည့်သည်  ၅ ဒသမ ၄ သန်း ဝင်၊ ထွက်သွားလာခဲ့ပါတယ်။ ဒီထဲမှာမှ ပြည်တွင်းခရီးသွားက ၁ ဒသမ ၉ သန်းရှိပြီး နိုင်ငံခြားသား ခရီးသွားကတော့  ၃ ဒသမ ၅ သန်းရှိပါတယ်။ အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာတော့ ပထမ ခြောက်လအတွင်းမှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် သုံးသန်း ဝင်၊ ထွက်သွားလာနိုင်ခဲ့ပြီဖြစ်ပါတယ်။  ဒါကြောင့်  ဒီနှစ်ကုန်အထိဆိုရင်တော့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ပြည်တွင်း၊ ပြည်ပ ခရီး သွား ဧည့်သည်တွေရဲ့ဝင်၊ ထွက်သွားလာမှုဟာ ခြောက်သန်းအထိ ရှိလာနိုင်ပါတယ်" ဟု ဦးရဲထွဋ်အောင်က ပြောသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့  ဝင်၊ ထွက်သွားလာလျက်ရှိသော လေကြောင်းလိုင်းအနေဖြင့်လည်း ပြည်တွင်းလေကြောင်းလိုင်း ၁၁ ခုနှင့်  ပြည်ပ လေကြောင်းလိုင်း ၂၇ ခုရှိကြောင်း သိရသည်။ ယင်းတို့အနက် ပြည်တွင်း လေကြောင်းလိုင်း သုံးခုမှာလည်း ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ပြေးဆွဲလျက်ရှိသည်။

*စာမျက်နှာ ၆ ကော်လံ ၅* ❁

ယနေ့ မာ တိ ကာ

ပိတ်ဆို့မှုကို အန်တုပြိုင်မည့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် — စာ ၁၅

မဟာဂီတကမ္ဘာသို့ အလည်တစ်ခေါက် — စာ ၁၉

နေပြည်တော်လယ်ဝေးမှ ထွက်ရှိသော နှမ်းနက်များ မန္တလေးဈေးကွက်တွင် အရောင်းသွက် — စာ ၂၁

# အာရှအဆင့်ကလပ်ပြိုင်ပွဲများ ယှဉ်ပြိုင်ခွင့် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ရရှိ

**ရန်ကုန် အောက်တိုဘာ ၃၀**

၂၀၁၇ ရာသီ MNL ပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ပြီး ချန်ပီယံဆုရအသင်းများနှင့် အတူ ၂၀၁၈ ခုနှစ်တွင် အာရှအဆင့်ကလပ်ပြိုင်ပွဲများ ယှဉ်ပြိုင်ခွင့်ရမည့်အသင်းများ ထွက်ပေါ်လာပြီဖြစ်သည်။ ဖလားနှစ်လုံးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အာရှချန်ပီယံလိဂ်ခြေစစ်ပွဲ၊ အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ရန်ကုန်အသင်းက AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာရှ ချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ  ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ရန်ကုန်အသင်းမှာမူ AFC Cup ပြိုင်ပွဲတွင် (၅)ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည်  ယခုရာသီတွင် အမှတ်ပေးပြိုင်ပွဲနှင့် ရှုံး/ထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲနိုင်ခဲ့ခြင်းကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်အသင်းက AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ မြန်မာကလပ်အသင်းများသည် ယခင်က AFC President's Cup ပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း ၂၀၁၂ ရာသီမှစ၍ AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့် ရခဲ့သည်။  ထို့ပြင် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့်  အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို နောက်ဆုံးအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်မရသေးသော်လည်း ခြေစစ်ပွဲအဆင့်မှ ယှဉ်ပြိုင်ခွင့်ရခဲ့ကာ

*စာမျက်နှာ ၆ ကော်လံ ၅* ✪



အမှတ်ပေးနှင့် ရှုံး/ထွက် ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း
ဓာတ်ပုံ-စိုးညွန့်



ရန်ကုန်ဘူတာကြီးအတွင်း၌ ခရီးသွားပြည်သူများ ဖုန်းအားသွင်းနေစဉ်  ဓာတ်ပုံ-မင်းထက်

# ရန်ကုန်ဘူတာကြီး၌ ပြည်သူများအတွက် ဖုန်းအားသွင်းကောင်တာ ပြုလုပ်ပေးထား

**ရန်ကုန်  အောက်တိုဘာ  ၃၀**

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျပြီး လူဦးရေထူထပ်များပြားလှသော ရန်ကုန်မြို့ ဘူတာကြီးတွင် မြန်မာ့မီးရထားမှ ခရီးသွားပြည်သူများ အဆင်ပြေအထောက်အကူဖြစ်စေရန် ပြည်သူ့အကျိုးပြု အစီအစဉ်တစ်ရပ်အနေဖြင့် ဖုန်းအားသွင်းကောင်တာတစ်ခု ပြုလုပ်ပေးထားကြောင်း သိရသည်။

မြန်မာ့မီးရထားမှ စီစဉ်ပေးထားသော ရန်ကုန်ဘူတာကြီး၌ ခရီးသွားပြည်သူအများနားခိုရာ  မျက်နှာစာအလယ်တည့်တည့်တွင်  ပြည်သူများ ခရီးသွားနားခိုရင်း  ဖုန်းအားသွင်းအသုံးပြုရန်  လိုအပ်ပါက  ပြည်သူ ဝန်ဆောင်မှုတစ်ရပ်အဖြစ် ပြုလုပ်ပေးထားသည့် အဆိုပါခုံနေရာပေါ်တွင် ဖုန်းအလုံး ၈၀ ဝန်းကျင် အားသွင်းနိုင်သော ပလတ်ခုံများ ထားရှိပေးထားပြီး ခရီးသွားပြည်သူများ ကိုယ်စီအားသွင်းလျက် ရှိသည်။ နေ့စဉ် ခရီးသွားပြည်သူ ထူထပ်များပြားရာ ရန်ကုန်ဘူတာကြီးတွင်  အဆိုပါ အားသွင်းကောင်တာမှ ပလတ်ခုံများသည် အသုံးပြုမှုများလာခြင်းကြောင့် မကောင်းသော ပလတ်ခုံများကို  အသစ်လဲလှယ်ပေးရန်လိုကြောင်း၊  ထို့အပြင် ပလတ်ခုံပါဝင်သော  ဖုန်းအားသွင်းကောင်တာများကို  အဆိုပါဘူတာ ခရီးသွားဧည့်သည် နားခိုရာ ရပ်ဝန်းနေရာများ၌ တိုးချဲ့တည်ဆောက်မှုများ ပြုလုပ်သွားမည်ဆို လျှင် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

